မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးအနှစ် (၉၀၀) လွန်လေသောအခါ မြတ်စွာဘုရားရှစ်ဝါရစဉ်က ဟင်္သာဖိုမ နားနေခဲ့သော ပင်လယ်ပြင်ရှိ သုဒဿန ကုန်းမြေနေရာသည် ဆယ်တောင်မြင့်တက်လာသော်လည်း ရေတက်လာသည့် ရေပြည့်ချိန်တွင် ရေအနက် (၁၃) တောင်ရှိသေးသည်ဟုဆိုသည်။ ဆိုလိုသည်မှာ မြတ်စွာဘုရားဟင်္သာဖိုမ တွေ့စဉ်က ထိုနေရာသည် ရေတက်၍ ရေပြည့်ချိန်တွင် ရေအနက် (၂၃) တောင်ရှိသည်ဟု ဆိုလိုပါသည်။

ထိုအချိန်တွင် မဇ္ဈိမဒေသ၊ ဗျာနာဂရပြည်မှ အိန္ဒိယလူမျိုးတို့သည် သထုံဒေသရှိ မွန်တို့နှင့် ကူးသန်းရောင်းဝယ်ရန်အတွက် လှေသင်္ဘောတို့ဖြင့် ကူးသန်းသွားလျှက်ရှိပေပြီ။ ထိုသို့သွားလာနေသော အိန္ဒိယလူမျိုးတို့သည် သုဒဿနကုန်းဟု အမည်တွင်မည့် သဲသောင်ဖြစ်နေရာတွင် ဟင်္သာဖိုမနှစ်ကောင်ကို တွေ့ရှိပြန်လေသည်။ ထိုသို့ သဲသောင်ပြင်တွင် ဟင်္သာဖိုမတွေ့ကြောင်းကို ၎င်းတို့၏ နေရပ်တို့ ပြန်ရောက်ကြသောအခါ ၎င်းတို့၏ဘုရင် "ပါဏ္ဍုရာယင်" အား တင်လျှောက်ကြလေသည်။

ပါဏ္ဍုရာယင်ဘုရင်ကလည်း၊ ပုဏ္ဏားပညာရှိတို့ထံမှ ဟင်္သာဖိုမနားရာ နေရာသည်၊ နောင်အနာဂတ်ကာလတွင် စည်ပင်ဝပြောသော မြို့ကြီးတစ်မြို့ဖြစ်လာမည့်အကြောင်းကို သိရှိရသဖြင့် ၎င်းမြေနေရာတွင် မိမိတို့၏ ပိုင်နက်နယ်မြေဖြစ်ကြောင်း နောင်တွင် သက်သေပြနိုင်ရန် ကျောက်တိုင်များကို အထောက်အထားအဖြစ်သွားရောက်စိုက်ထူထားရန်အမိန့်ပေးစေခိုင်းလေသည်။

ထိုမှအနှစ် (၁၆၀) လွန်လေပြီးသောအခါ၊ ဗိဇ္ဇာနဂရပြည်တွင် မင်းအဆက်ဆက်အုပ်စိုးပြီးနောက် "ပါဏ္ဍုရာယင်" ဘုရင်၏ မြေး "ကုပါဏ္ဍုရာယင်" မင်းအုပ်ချုပ်နေလေသည်။ "ကုပါဏ္ဍုရာယင်" မင်းလည်း၊ မိဘ၊ ဘိုးဘွား၊ အဆက်ဆက် မှာကြားထားသည့်အတိုင်း ဟင်္သာဖိုမနားသော နေရာသည် ကုန်းမြေပကတိ ဖြစ်ပေါ်နေသည်ကို သိရသဖြင့် ထိုနေရာကို

စောင့်ရှောက် ကြည့်ရှုရန် “အစတ်ဒုလော” အမည်ရှိ ခေါင်းဆောင်နှင့်တကွ ငယ်သား (၇၀) ကို စေလွှတ်ထားလေသည်။

“အစတ်ဒုလော” တို့ နေထိုင်စောင့်ရှောက်၍ (၅၆) နှစ်မြောက်အချိန်သို့ ရောက်သောအခါ၊ သထုံဒေသမှ သမလနှင့် ဝိမလ ညီနောင်နှစ်ယောက်တို့သည် မြေနေရာသစ် ရှာဖွေရန်အလို့ငှာ ထိုနေရာသို့ ရောက်ရှိလာကြလေသည်။

❀❀❀❀❀

## သမလ၊ ဝိမလ ညီနောင်နှစ်ယောက်ရှိလာပုံ

သမလနှင့် ဝိမလ ညီနောင်နှစ်ယောက်တို့သည် သထုံဒေသမှ “သိနဂ်ဂါ” မင်းနှင့် ဝိမလဒေဝီတို့၏ သားများဖြစ်ကြသည်။ ဝိမလဒေဝီမှာ လောမရသေ့က စောင့်ရှောက်ထားသော နဂါးဥမှ ပေါက်ဖွားလာသော အမျိုးသမီးဖြစ်ပြီး (၁၆) နှစ်အရွယ်သို့ ရောက်သောအခါ သိနဂဂ်ါမင်းထံ ရသေ့မှဆက်သခဲ့လေသည်။

“ဝိမလဒေဝီ” သည် နဂါးနှင့် ဝိဇ္ဇာမိုရ်တို့၏ သမီးဖြစ်ကြောင်းကို “သိနဂဂ်ါ” မင်းသိလေသောအခါ၊ “ဝိမလဒေဝီ” အား ဘုရင်မှ အလေးမထား၊ ဂရုမမူ အရေးမပေးဘဲ နေလေတော့သည်။ “ဝိမလဒေဝီ” လည်း စိတ္တဇနာဖြင့် အနိစ္စရောက်သွားရလေသည်။ ထိုအခါ “သိနဂ်ဂါ” မင်းသည် ဝိမလဒေဝီမှ မွေးဖွားသော သမလနှင့် ဝိမလ ညီနောင်နှစ်ယောက်အား ၎င်းတို့၏ အဘိုးဖြစ်သူ “လောမရသေ့” ထံသို့ ပြန်လည်ပို့ဆောင်လိုက်လေတော့သည်။

သမလနှင့် ဝိမလညီနောင်နှစ်ယောက်သည်၊ လောမရသေ့၏ အကြံပေးချက်အရ မြို့ရွာတည်ထောင်ရန် အလို့ငှာ၊ သထုံ မှ အနောက်ဘက်အရပ် ဒေသဆီသို့ အပေါင်းအဖော် (၁၇၀) ယောက် ကို စုစည်းပြီး ဖေါင် (၁၇) စီးဖြင့် ခရီးထွက်ခဲ့ကြလေသည်။ ထိုသို့ ခရီးထွက်လာခဲ့ရာ နောင်တွင် ဟံသာဝတီဟု ကျော်ကြားလာမည့် အသစ်ပေါ်ထွန်းနေသော မြေနေရာသစ်သို့ ရောက်ရှိခဲ့ကြလေတော့သည်။

●●●●●

## ဟံသာဝတီပေါ်ပေါက်လာပုံ

အဆိုပါအသစ် ပေါ်ထွန်းလာသော မြေနေရာတွင် သမလနှင့် ဝိမလတို့ လူစုသည် ရိက္ခာအတွက် ဘွန်ယက်စိုက်ပျိုးကြရာ များစွာဖြစ်ထွန်းအောင်မြင်လေသည်။ ထိုအခါ အနီးအနားရှိ လူများနှင့် စုပေါင်းမိသဖြင့် လူပေါင်း (၅၀၀) ယောက်အထိ တိုးတက်လာသည်။ ထို့ကြောင့်မြို့ရွာတည်ထောင်ရန် မြေနေရာကို ရှာဖွေကြရာတွင်၊ အဆိုပါနေရာ၌ ကြိုတင်ရောက်ရှိနေသော အိန္ဒိယမှ “အစတ်ဒုလော” တို့ လူစုနှင့် မြေနေရာပိုင်ဆိုင်မှုအတွက် အခင်းများကြလေသည်။

ထိုအခါ သမလ၊ ဝိမလ တို့ လူစုမှ ဗဟုသုတနှင့် ပြည့်စုံသော ပညာရှင်တစ်ယောက်၏ ဖြေရှင်းပေးမှုကြောင့် အိန္ဒိယမှ “အစက်ဒုလော” တို့ လူစု ရှုံးနိမ့်ပြီး သမလ ဝိမလတို့မှ အနိုင်ရသဖြင့် ထိုနေရာတွင် မြို့ကို တည်ထောင်ကြလေသည်။ ထိုမြို့ကား “ဟံသာဝတီ” ပင်တည်း။ မွန်သမိုင်းများအဆိုအရ၊ ဟံသာဝတီကို သာသနာသက္ကရာဇ် (၁၁၁၆) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက်နေ့၊ (တနင်္လာနေ့) တွင် စတင်တည်ထောင်သည်ဟု ဆိုသည်။

❀❀❀❀❀

## ရွှေမော်ဓောစေတီတည်ထားပုံ

ဟံသာဝတီကို တည်ထောင်ပြီး၊ သမလက ဘုရင်အဖြစ် အုပ်ချုပ်မင်းလုပ်နေစဉ်၊ သီဟိုဠ်ကျွန်းမှ မဟာထေရ်ရှစ်ပါးရောက်ရှိလာပြီး၊ ရွှေမော်ဓောစေတီကို တည်ရန်၊ ဇောင်းတူအရှေ့အရပ်ရှိ၊ မဟာသာဠနှင့် စူဠသာလတို့ ယာယီဌာပနာထားသော ဆံတော်နှစ်ဆူကို ပြသပေးလေသည်။ သမလဘုရင်လည်း ဆံတော်နှစ်ဆူကို ရရှိပြီးနောက် ရွှေမော်ဓောစေတီကို တည်ထားလေသည်။ ဤကား ယခုပဲခူးမြို့တွင်ရှိသော ရွှေမော်ဓော စေတီပင်တည်း။

ဇောင်းတူရှိ မဟာသဠနှင့် စုဠသာလတို့ မြတ်စွာဘုရားထံမှ ဆံတော်ရရှိပြီးနောက် နှစ်ပေါင်း (၁၀၀၀) ကျော်မှ သုဒဿနကုန်းတော် ပေါ်ထွန်းခဲ့ပြီး၊ ဟံသာဝတီမြို့ တည်ထောင်ပြီးမှသာ ရွှေမော်ဓောစေတီကို တည်ထားခဲ့ကြခြင်းဖြစ်လေသည်။

ဟံသာဝတီမင်းဆက် (၁၂) ဆက်ဖြစ်သော၊ အနုရာမမင်းလက်ထက်တွင် သထုံမှ မြတ်စွာဘုရား၏ သွားတော်တစ်ဆူ ရောက်ရှိလာလေသည်။

❀❀❀❀❀

## သွားတော်ရောက်ရှိပုံ

မြတ်စွာဘုရား (၈)ဝါရစဉ်ကာလတွင်၊ သုဝဏ္ဏဘူမိသထုံသို့ ဒေသစာရီကြွချီခဲ့လေသည်။ ထိုစဉ်က သုဝဏ္ဏဘူမိ သထုံတွင် မွန်ဘုရင်သီဟသုဓမ္မာရာဇမင်း အုပ်ချုပ်စဉ် ဖြစ်သည်။ သုဓမ္မာရာဇာမင်းသည် မြတ်စွာဘုရားထံမှ ဓါတ်တော်များကို တောင်းခံခဲ့ဘူးလေသည်။ ထိုစဉ်အခါက မြတ်စွာဘုရားသည် ဘုရင်သုဓမ္မာရာဇာအား မိမိပရိနိဗ္ဗာန်ပြုပြီးပါက၊ ဂဝံပတိထေရ်မှ တဆင့်လာရောက်ပေးပို့ပါမည့်အကြောင်း ဂတိပြုခဲ့လေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါ မြတ်စွာဘုရား၏ မှာကြားထားချက်အရ၊ ဂဝံပတိထေရ်သည် သွားတော်တစ်ဆူအား သထုံရှိ ဘုရင်သီဟသုဓမ္မရာဇာထံ ပေးပို့ခဲ့လေသည်။ သွားတော်တစ်ဆူ သထုံသို့ ရောက်ပြီးနောက်၊ သီဟသုဓမ္မရာဇာထံ ပေးပို့ခဲ့လေသည်။ သွားတော်တစ်ဆူ သထုံသို့ရောက်ပြီးနောက်၊ သီဟသုဓမ္မရာဇာ၏ အဓိဋ္ဌာန်ပြုချက်အရ၊ သွားတော် (၃၃) ဆူ ဖြစ်သွားလေသည်။ အဆိုပါသွားတော် (၃၃) ဆူ အနက်မှ တစ်ဆူကို ဟံသာဝတီ မင်းဆက် (၁၂) ဆက်ဖြစ်သော အနုရာမင်းလက်ထက်တွင် ရရှိခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ရရှိသော သွားတော်တစ်ဆူကို ဆံတော်နှစ်ဆူနှင့်အတူ ရွှေမော်ဓောဘုရားတွင် ဌာပနာထားလေသည်။ ထို့ကြောင့် ရွှေမောဓောဘုရားသည် ဆံတော်နှစ်ဆူနှင့် သွားတော်တစ်ဆူတို့ကို ဌာပနာထားသော စေတီတော်ဖြစ်ကြောင်း တင်ပြလိုက်ရပေတော့သည်။

*(နိုင်ထောသွန်း)*

❀❀❀❀❀



# မော်လမြိုင် မုတ္တမတံတား

## အယ်ဒီတာအဖွဲ့ဝင်တစ်ဦး

ဒီနို၊ မောင်ညီညီ

မော်လမြိုင် - မုတ္တမတံတားသည် ရှိခဲ့ဘူးသည်ဟု မည်သည့်စာအုပ်စာတမ်းတွင်မှ မတွေ့ခဲ့ရပေ။ သို့သော် မွန်ရာဇဝင်တွင် မော်လမြိုင် - မုတ္တမတံတားသည် ရှိခဲ့ဘူးသည်ဟု ဖော်ပြထားပေသည်။ ဟံသာဝတီနေပြည်တော်ကို တပင်ရွှေထီးအောင်မြင်သိမ်းပိုက်ထားရှိစဉ် အဆိုပါ မော်လမြိုင်-မုတ္တမတံတား တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ စစ်သည်များနှင့် မြင်းများ ကူးသွားနိုင်ကြောင်း ဖော်ပြထားပေသည်။

သက္ကရာဇ် ၉၀၉ ခုနှစ်၊ ပြာသိုလတွင် မင်းတရားရွှေထီးသည် ယိုးဒယားသို့စစ်ချီရန် ကြံစည်လေသည်။ ထိုအချိန်တွင် မုတ္တမမြို့စားမှာ မွန်လူမျိုး လဂွန်းအိန်ဖြစ်သည်။ (ရာဇာဓိရာဇ်လက်ထက် သူရဲကောင်း လဂွန်းအိန်မဟုတ်ပါ၊ နာမည်တူဖြစ်ပါသည်) တပင်ရွှေထီး ယိုးဒယားသို့စစ်ချီရာတွင် မုတ္တမသို့ရောက်ရှိသောအခါ မော်လမြိုင်သို့ကူးရန် မုတ္တမ - မော်လမြိုင်တံတားတစ်စင်းကို လဂွန်းအိန်အား တည်ဆောက်စေပါသည်။ လဂွန်းအိန်သည် အမိန့်တော်ရှိတော်မူသည့်အတိုင်း မုတ္တမ - မော်လမြိုင်တံတားကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့ပေသည်။ လှေများစွာကို ဆက်ကာဆက်ကာ တံတားခင်းသွားခြင်းဖြစ်သည်။

လှေတံတားဟုခေါ်သော်ရ၏။ အဆိုပါတံတားမှနေ၍ စစ်သည်များ၊ မြင်းသည်တော်များ၊ ဝန်တင်မြင်းများ ကူးသွားနိုင်ကြောင်း ဖော်ပြထားပေသည်။ လှေတံတားဟူ၍ သုံးနှုန်းကြပါစို့။ လဂွန်းအိန်သည် လှေတံတားပြုလုပ်ပြီးစီး၍ မင်းတရားရွှေထီး မဖြတ်သန်းသွားရသေးမီ မည်သူမျှ မသွားရဟု အမိန့်ထုတ်ပြန်၍ အစောင့်များချထားခဲ့သည် မည်သူတစ်ဦးတစ်ယောက်ကမျှ မစွမ်းဆောင်နိုင်ခဲ့သော လှေတံတားကို ယခုပြုလုပ်ပြီးစီးပြီဖြစ်၍ လဂွန်းအိန်အနေဖြင့် ဘုရင်အား အဦးထား၍ ကူးစေချင်ခဲ့၍ဖြစ်ပေသည်။

တံတားပြီးစီးကြောင်းကို ဘုရင်ထံ သွားရောက် လျှောက်တင်စေခိုင်းခဲ့သည်။ မင်းတရား ရွှေထီးလည်း တံတားပြီးစီးကြောင်း သိရှိရ၍ မြင်းသည်တော် တစ်ယောက်အား သွားရောက်ကြည့်ရှုရန် စေခိုင်းခဲ့ပေသည်။ မြင်းသည်တော်လည်း တံတားစောင့်များအား မည်သို့မျှမပြောမဆိုဘဲ တံတားအားကာရံထားသည်များကို ဖယ်ရှားပြီး တံတားပေါ် မြင်းဖြင့် စီးနင်းဝင်ရောက်သွားပေသည်။ မြင်းသည်တော်ကား အံ့ဩစွာဖြင့် တံတားပေါ်တွင် ဟိုမှ သည်မှ အခေါက်ခေါက်အခါခါ သွားခဲ့ပေသည်။ လဂွန်းအိန်ကြားသိရသောအခါ စိတ်ဆိုးတော်မူသဖြင့် အဆိုပါမြင်းသည်တော်အား ဖမ်းယူပြီး နေရာတွင်ပင် ကွပ်မျက်လိုက်လေသည်။

မြင်းသည်တော်၏အပေါင်းအဖော်တို့သည် မြင်းသည်တော် ကွပ်မျက်ခံရကြောင်းကို ဘုရင်ထံ လျှောက်တင်ကြသောအခါ မင်းတရားရွှေထီးသည် အလွန်ဒေါသဖြစ်ပြီး တမဟုတ်ချင်း လဂွန်းအိန်ထံ ချီလာတော်မူသည်။ လဂွန်းအိန်လည်း မင်းတရားရွှေထီး အမျက်ဒေါသထွက်ပြီး ချီလာကြောင်းသိရလေလျှင် လက်ဆောင်ပဏ္ဏာများစွာ ပြင်ဆင်စေပြီး လမ်းခရီး တစ်ဝက်မှ စောင့်ဆိုင်းနေပေသည်။

လဂွန်းအိန် လက်ဆောင်ပဏ္ဏာများနှင့် လမ်းခရီးမှ စောင့်ဆိုင်းနေသည်ကို ဘုရင်မင်းတရားရွှေထီး မြင်တော်မူလျှင် အမျက်ဒေါသအနည်းငယ် ပြေစပြု၏။ လဂွန်းအိန်အား ဖြစ်ပျက်မှုလျှောက်တင်စေသောအခါ လဂွန်းအိန်က "မုတ္တမမှ မော်လမြိုင်သို့ကူးသောတံတားကို ကမ္ဘာတည်သည်မှစ၍ ယခုအချိန်ထိ မည်သူကမျှ မတည်ဆောက်နိုင်ခဲ့ကြပါ။ အရှင်၏ဘုန်းတန်ခိုးတော်ကြောင့်သာ ကျွန်တော်မျိုး အခုတံတားကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။ ဤကဲ့သို့ အံ့မခန်းဘွယ် တံတားကို အရှင့်ထက်စော၍ မည်သူမျှမသွားမရောက်စေရဟု ကျွန်တော်မျိုးဆုံးဖြတ်ထားပြီး ပိတ်ပင်ထားခဲ့ပေသည်။ မြင်းသည်တော်သည် ကျွန်တော်မျိုးထံ ခွင့်တစ်စုံတစ်ရာ ပန်ကြားခြင်းမရှိ၊ ပိတ်ပင်ထားသည်ကို ချိုးဖောက်ဝင်ရောက်၍ တံတားပေါ် သွားချည်လာချည် လုပ်နေသည်ကို ကျွန်တော်မျိုး စိတ်ဆိုးတော်မူ၍ ကွပ်မျက်လိုက်သည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ကျွန်တော်မျိုးသည် သူရဲကောင်းဖြစ်ပါသည်။ ကျွန်တော်မျိုး မှန်သည်မှားသည်ကို အရှင်၏ ခြေဖဝါးညာဏ်တော်ဖြင့် ဆင်ခြင်တော်မူပါ။ ကျွန်တော်မျိုးကတော့ ကျွန်တော်မှန်သည်ဟု ထင်မြင်ယုံကြည် စိတ်ချနေပါသည်"

ဘုရင်မင်းတရားရွှေထီးလည်း လဂွန်းအိန် လျှောက်တင်သည်ကို ကြားသိရ၍ အမျက်ဒေါသပြေတော်မူသည်။ တပင်ရွှေထီး မုတ္တမရောက်၍ မုတ္တမ - မော်လမြိုင်တံတား၏ အစီအရင်ကိုမြင်တော်မူသောအခါ သူရဲကောင်းလဂွန်းအိမ်အား ချီးမွမ်းတော်မူသည်။ ဆုလာဘ်များလည်း ချတော်မူလေသည်။ မြင်းများ၊ နွားများ၊ ဝန်တင်များ တံတားပေါ်မှ ကူးသွားနိုင်ခဲ့ကြပေသည်။

<u>မှတ်ချက်။</u> မွန်ဘာသာဖြင့်ရေးထားသော ပေမူမှ ဆီလျော်စွာ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

*အယ်ဒီတာအဖွဲ့ဝင်တစ်ဦး*

●●●●●

# မိကျောင်းလှူရိုးရာ



## မင်းထိန်ဝင်း

ကျွန်ုပ်တို့ညီနောင် သွေးချင်း တိုင်းရင်းသားများသည် မိမိစရိုက် ဓလေ့ဘာသာ၊ မိမိရေမြေ၊ ပထဝီအနေအထား၊ မိမိဒေသမှ ကြုံလာသမျှ ရာသီဥတုအစုစုသော ဖြစ်ပျက်ပြုပြင် သဘာဝအစီအစဉ်ကြီးမှ ဖြတ်သန်းကျော်လွှားလာခဲ့သည်မှာ နှစ်ပေါင်း နှစ်ထောင်ကျော် သုံးထောင်နီးပါးရှိခဲ့ပေပြီ။ ထိုမျှကာလကို ဖြတ်သန်းလာခဲ့ကြရာတွင် သဘာဝပတ်ဝန်းကျင်ကို ယှဉ်ပြိုင် အနိုင်ယူရင်း ဘဝသက်မွေးမှု ပြုလာခဲ့ကြပါသည်။ သဘာဝပတ်ဝန်းကျင်၏ ဖြစ်ပျက်ပြုပြင် ပြောင်းလဲမှုများကို ဖြတ်သန်းကျော်လွှားပြီး အောင်ပွဲဆင်အောင်လံထူနိုင်ခဲ့ကြပေသည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝတွင် အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ စိမ့်၊ စမ်းအထွေထွေနှင့် တောတောင် အနေအထားများလည်း သာမောဖွယ်ရတနာသစ်တောအပြည့်ပင်။ ထို့အပြင် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်း၊ ကျယ်ပြောသည့် ပင်လယ်ပြင်များကိုလည်း ပိုင်ဆိုင်ထားနိုင်ကြပါသည်။

မိမိတို့ ရေမြေသဘာဝနှင့် လိုက်လျောညီစွာ စိုက်ပျိုး၊ အမဲလိုက်၊ ငါးဖမ်း၊ သစ်ခုတ်သောအလုပ်ကို ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်မှသည် ယနေ့အထိ လှုပ်ရှားရုန်းကန် အားမာန်ပြတုန်းပင်။ ဤသို့သော သဘာဝပတ်ဝန်းကျင်တွင် လှုပ်ရှားရုန်းကန်ရင်း ချစ်စရာ၊ ခုံမင်စရာကောင်းသော သဘာဝတရားများကို သတိပြုမိလာကြပြီး သဘာဝ၏အလှအပများကို ခုံမင်မက်မောတတ်လာကြပေသည်။ အမြတ်တနိုးလည်း သိမ်းဆည်းထားတတ်ကြပေသည်။ ဤကားယဉ်ကျေးမှု၏ သိမ်မွေ့သော အနုပညာလက္ခဏာတစ်ရပ်ပင်ဖြစ်တော့သည်။

အနုပညာလက္ခဏာဆိုသည်မှာ မိမိကြုံဆုံ ထိတွေ့နေရသော ပတ်ဝန်းကျင်အပေါ် စိတ်ကူးများဖြင့် အဆင့်ဆင့် မြင့်သထက်မြင့်သော အနုပညာများကို ဖန်တီးလာခဲ့ကြပေသည်။ မိမိပတ်ဝန်းကျင်ရှိ ဥတုရာသီ၏ ကြောက်မက်ဖွယ် မြင်တွေ့မှုများ အန္တရာယ်ပေးနိုင်သည့် သားကောင်များအပေါ် အောင်မြင်လာသောအခါ ထိုကြောက်မက်ဖွယ်ကိုပင် အနုအလှဖြစ်အောင် အနုပညာမြောက် စိတ်ကူးသရုပ်ဖော်တတ်လာကြပေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့ မွန်တိုင်းရင်းသားများကျင်လည်လှုပ်ရှားရာ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်မှ ကြောက်စရာ ရေသတ္တဝါ မိကျောင်းကို ယဉ်ကျေးစေသောအမြင်ဖြင့် အနုပညာဆင်ပြီး မိကျောင်းပုံ ပန်းပုရုပ် ထုထွင်းတီထွင်လာခဲ့ကြပေသည်။ ထိုမိကျောင်းပုံ ပန်းပုရုပ်သည် ကျွန်ုပ်တို့ မွန်တိုင်းရင်းသားတို့၏ အနုပညာအလှတစ်ပါးဖြစ်လာတော့သည်။

အနုပညာ အလှအပပစ္စည်းများသည် ထာဝရဆန်းသစ်စေရမည်ဟူသော လူသားတို့၏ အတွေးအခေါ် အယူအဆအရ မိကျောင်းပန်းပုရုပ်ထုကို ရသပိုမိုပီပြင်စေရန် ဖန်တီးလာပြန်ပါသည်။ ထိုအခါ သဘာဝပတ်ဝန်းကျင်မှ လှုပ်ရှားမြည်သံများ၏ သံစဉ်ကိုပါ တစ်ဆင့်တီးခတ်လာကြရာမှ မိကျောင်းမွန်တူရိယာ ပေါ်ပေါက်လာခဲ့ပေသည်။

မွန်တိုင်းရင်းသားတို့ အခြေပြုတီထွင်ခဲ့သမျှ အနုပညာပစ္စည်းများအနက် မိကျောင်းတူရိယာသည် ကြိုးတပ်တူရိယာတစ်မျိုးဖြစ်လာခဲ့ပေသည်။ မွန်မိကျောင်း တူရိယာသည် မည်သည့်အချိန်အခါ၊ မည်သည့်ဒေသ၊ မည်သည့်ကာလမှစ၍ ပေါ်ပေါက်လာခဲ့သည်ကို ယတိပြတ် မ, ထုတ်ဖော်နိုင်သော်လည်း မွန်တိုင်းရင်းသားတို့၏ အနုပညာပစ္စည်းဆိုသည်ကို ငြင်းဖွယ်ရာမရှိပေ။ သမိုင်းကြောင်း အထောက်အထား တစ်ခု တင်ပြရမည်ဆိုပါက ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ သုတေသန အသင်း အစည်းအဝေးတွင် ဝတ်လုံတော်ရ ဒေါက်တာ ဘဟန် ဖတ်ကြားသော စာတမ်းပါ အချက်အလက်ကို ထုတ်နှုတ်ရမည်ဖြစ်ပေသည်။ ဒေါက်တာဘဟန်၏ စာတမ်းတွင် တရုတ်မှတ်တမ်းများအရ အေဒီ-၈၀၀ ခုနှစ်တွင် ပတ်ဝန်းကျင် ပန်တျာသဘင်အဖွဲ့အပါအဝင် ပန်တျာ အဖွဲ့တစ်ဖွဲ့သည် တရုတ်ပြည်သို့ သွားရောက်ဖြေဖျော်ခဲ့ပါသည်။ တရုတ်လူမျိုးများ လွန်စွာနှစ်သက်ကြပါသည်။ ထို့ကြောင့် အေဒီ-၈၀၁၊ ၈၀၂ ခုနှစ်တွင် ပျူဘုရင်ခံကြီးသည် သူ၏သားနှင့်တကွ ပတ်ဝန်းကျင် ပန်တျာအနုပညာသည် ၃၅ ဦးကို တရုတ်ပြည် ဘုရင်နန်းတော်သို့ စေလွှတ်ကပြ ဖျော်ဖြေစေခဲ့ပါသည်။ တရုတ်ပရိသတ်များ ထူးကဲစွာ သဘောကျခဲ့ပေသည်။ ထိုအနုပညာ ပန်တျာအဖွဲ့တွင် ( **Kun Lun** ) ကွန်လွန် အဝတ်စားဖြင့် ကပြဖျော်ဖြေခဲ့ရာတွင် တီးမှုတ်သော တူရိယာများအနက် မိကျောင်းကြိုးတပ်တူရိယာလည်း ပါဝင်ခဲ့ပေသည်။ ( **Kun Lun** ) ကွန်လွန်ဝတ်စုံ (အဝတ်အစား) သည် မွန်တိုင်းရင်းသားတို့၏ ဝတ်စုံ ဖြစ်ပါသည်။ ဤအထောက်အထားအရ မွန်မိကျောင်း ကြိုးတပ်တူရိယာသည် အေဒီ-၈၀၀ မတိုင်ခင်ကတည်းက ပေါ်ထွန်းခဲ့သည်ဆိုသည်ကို သိရှိနိုင်ပေသည်။

မွန်မိကျောင်း ကြိုးတပ်တူရိယာကို မိမိတို့ ရေမြေသဘာဝမှ ပေါက်ရောက်သောသစ်များဖြင့် ထုထွင်းပုံဖော်ပြီး ဒေသထွက်ပိုးကြိုးဖြင့် တပ်ဆင် တီးခတ်ရသော တူရိယာတစ်ခုဖြစ်သည်။ မိကျောင်းတူရိယာဖြစ်တည်ပုံကို လေ့လာမည်ဆိုပါလျှင် ရေကြောင်းတွင် ကျွမ်းကျင်သော အန္တရာယ်ကောင် မိကျောင်းကို သိမ်မွေ့နုလှသည့် ယဉ်ကျေးမှုမျက်စိအမြင်ဖြင့် အမြတ်တနိုး ရှုမြင်ပြီး မိကျောင်းပုံထွင်းသားပန်းပုကို ထုထွင်းခဲ့ကြခြင်းဖြစ်သည်။ ထုထွင်းခဲ့သည်ဆိုရာတွင် ပညာရှင်တို့သည် မိမိတို့၏ အနုပညာ၊ စိတ်ကူးအတွေးအကြံ ခံစားမှုရသများ၊ နှလုံးဟဒယမှာ ရှင်ပြလာစေဖို့ အမျိုးမျိုး ဆန်းသစ် ထုထွင်းခဲ့ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် သစ်မာ၊ သစ်ကောင်းများ ပေါများကြွယ်ဝသော်လည်း မိကျောင်းပုံတူရိယာကို များသောအားဖြင့် ထိန်သား၊ တောင်ပိန္နဲ၊ ကျွန်း၊ ယမနေသားဖြင့်သာ ထုထွင်းကြပါသည်။

ထိုသို့သော သစ်အမျိုးအစားများတွင် ယမနေသားဖြင့် ထုထွင်းသော တူရိယာသည် ဂီတသံစဉ် ပို၍ လွင်သည်ဟု ပညာရှင်များ မှတ်ယူထားကြပါသည်။ ထုထွင်းရာမှာလည်း မိကျောင်းဝမ်းဗိုက်ဘက်မှ ထုထွင်းပြီး ကြိုးတပ်မည့်ကျောသားပိုင်းကို လေးပုံတစ်ပုံ လက်မခန့်အထူထားရပါသည်။ ထိုမိကျောင်းရုပ်၏ ကျောပြင်ပေါ်မှာမှ သံစဉ်ကြိုးကို တပ်ဆင် တီးခတ်ရပါသည်။

မိကျောင်းသံစဉ်ကြိုးကို တပ်ဆင်ပုံ အကြောင်းအရာများသည် စိတ်ဝင်စားဖွယ်တစ်မျိုးကောင်းနေပါသည်။ ကြိုးတပ်ဆင်ပုံကို လေ့လာကြည့်ပါက မွန်လူမျိုးတို့၏ ကျင်လည်ရာဒေသ သဘာဝရာသီဥတုကို အခြေပြုသည်ဟု ဆိုပါသည်။ မွန်လူမျိုးတို့၏ အခြေပြုသည့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီသုံးခုမဟုတ်ပါလော။ ထိုသုံးခုသောအကြောင်းခြင်းရာကို အခြေပြုသော မိကျောင်းကြိုးကိုလည်း သုံးခု၊ သုံးကြိုးဖြင့် အသုံးပြုခဲ့ကြပေသည်။ ထိုကြိုးသုံးကြိုးသည် မိမိဒေသထွက် ချည်ကြိုး၊ ပိုးကြိုးဖြင့် စတင်သုံးစွဲခဲ့ကြပါသည်။ ထိုကြိုးသုံးချောင်းတပ်ထားသော တူရိယာကို ဂီတသံလွင်လွင်နှင့် နားဝင်ပီယံငြိမ့်ညောင်းစေဖို့ ဂီတသံစဉ်ဖန်တီးပုံကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိပြန်ပါသည်။

ထူးခြားပုံကလည်း ဓလေ့ဆန်ပါသည်။ ကျွန်တော်တို့ မွန်တိုင်းရင်းသားတို့သည် တစ်နှစ်အတွင်း ၁၂

လရှိသည်တွင် ၁၂ လ ရာသီပွဲများ ကျင်းပလေ့ရှိခဲ့ပါသည်။ ထို ၁၂ လ၊ ၁၂ ရာသီကို အခြေတည်ပြီး သံစဉ် ၁၂ ပေါက်ထွက်အောင် ဖန်တီးထားပြန်ပါသည်။ သံစဉ် ၁၂ သံ၊ ၁၂ ပေါက်ထွက်လာရန် ဝါးဖြင့်ပြုလုပ်ထားသော သံစဉ်ပြောင်းဘားတုံး ၁၃ တုံးဖြင့် အကန့်လိုက်တပ်ဆင်ထားပါသည်။ ဤသို့ဖြင့် ကြိုးသုံးချောင်းတပ် သံစဉ် ၁၂ သံဘားတုံး ၁၃ ခုဖြင့် ဖန်တီးတပ်ဆင်ထားသော မိကျောင်းတူရိယာဖြစ်လာပါသည်။

မိကျောင်းကြိုးသုံးကြိုးကို ခေါ်ဝေါ်သည့်အမည်ရှိပါသည်။ အကြီးဆုံးကြိုးကို မွန်ဘာသာလို ( ဇုက်ဍ )၊ အလယ်ကြိုး - ကြိုးလတ်ကို မွန်ဘာသာလို ( ဇုက်ပွဲ )၊ အသေးဆုံးကြိုးကို မွန်ဘာသာလို (ဇုက်မဒေံ) ဟု ခေါ်တွင်ထားပါသည်။ ကြိုးသုံးကြိုး တပ်ဆင်ရာတွင် ( ဇုက်ဍ ) ကြိုးကြီးကို တီးခတ်သူဘက်တွင်ထားပြီး ကျန် ( ဇုက်အပွဲ၊ ဇုက်အလွှေါ်ဝ် ) အတွင်းကြိုး ( ဇုက်မဒေံ ) အသေးဆုံးကြိုးကို အစဉ်အတိုင်း တပ်ဆင်သွားပါသည်။ မိကျောင်းတူရိယာ၏ ဦးခေါင်းဘက်သည် တီးခတ်သူ၏ ဘယ်ဘက်တွင်ရှိနေရပါမည်။

မိကျောင်းမွန်တူရိယာကြိုးသုံးချောင်းကို ၅ ပေါက်တစ်ကြိုး၊ သံမှန်တစ်ကြိုး၊ ၅ ပေါက်တစ်ကြိုး **( F.C.F )** သံစဉ်ကို ညှိထားပါသည်။ အစွန်ဆုံး (ဇုက်မဒေံ) ခေါ် အသေးဆုံးကြိုးကို ခံတားထားပြီး တီးခတ်သူ၏ဘယ်အစွန်မှနေ၍ သံစဉ်ပေါက်များ တပ်ဆင်ညှိထားပါသည်။ ညှိထားပုံက ဘယ်ဘက်မှ လက်ယာဘက်အစဉ်အတိုင်း ၄ ပေါက် **G** သံ၊ ၃ **A** ပေါက်သံ၊ ၂ ပေါက် **B** သံ၊ သံမှန် **C** သံ၊ ၇ ပေါက် **D** သံ၊ ၆ ပေါက် **E** သံ၊ ၅ ပေါက် **F** သံ၊ ၄ ပေါက် **G** သံ၊ ၃ ပေါက် **A** သံ၊ ၂ပေါက် **B** သံ၊ သံမှန် **C** သံ၊ ၇ ပေါက် **D** သံ ဆိုပြီး ၁၂ သံထွက်အောင် ဘားတုံး (ကီး) များကို ဝါးနှင့်အကန့် တပ်ဆင်ထားပါသည်။ ကျန်ကြိုးနှစ်ချောင်းကိုလည်း အခြေခံစတည်ထားသည့် **(F.C.F)** အတိုင်း ညှိထား လိုက်ပါက အသင့်ညှိပြီးသား ဖြစ်သွားပါမည်။

ကြိုးတပ်တူရိယာတွင် လက်ခတ်နှင့်တီးခြင်း၊ လက်ချည်းသက်သက်တီးခြင်း၊ ဘိုးတံနှင့်တီးခြင်းများရှိရာတွင် မိကျောင်းကြိုးတပ် တူရိယာကို လက်ခတ်တစ်ခုခုဖြင့်တီးခတ်ရပါသည်။ လက်ခတ်ကို ဆင်စွယ်ဖြင့် ပြုလုပ်တီးခတ်ကြပါသည်။ သို့မဟုတ် မာသော အရိုးတစ်ခုခု၊ တိရိစ္ဆာန်ချိုတစ်ခုခုဖြင့်လည်း တီးခတ်၍ရပါသည်။ ညာဘက်လက်ဖြင့် တီးခတ်ပြီး ဘားတုံးသံစဉ်အကန့်များကို ဘယ်ဘက်လက်မှ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုးကို အဓိကထား နှိပ်ခတ် တီးရပါသည်။ တွဲလုံးများကို လက်မပါကူပြီး နှိပ်ခတ်တီးရပါသည်။ ကျွမ်းကျင်မှုအပေါ်တည်မှီပြီး ဂီတသံစဉ်ကို ဖန်တီးကွန့်မြူးနိုင်ပေသည်။

ဂီတအရာတွင် မိမိတို့၏ယဉ်ကျေးမှုအလိုက် ခံစားမှု တီးကွက် တီးဟန်များ အသီးသီးရှိကြသည်တွင် မြန်မာမှု၌ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ နတ်ချင်း၊ ယိုးဒယား၊ မွန်သံ၊ ဒိန်းသံ၊ အောသံ၊ တေးထပ်၊ ဘောလယ်တေးသွားကို အသံပြောင်း၊ အသံဖလှယ်ပြီး တီးခတ်သွားကြပါသည်။ ထို့အတူ မွန်ကြိုးတပ် မိကျောင်းတူရိယာကိုလည်း မွန်လူမျိုးတို့၏ ကိုယ်ပိုင်ဟန် ခံစားမှုအလိုက် အမျိုးမျိုး တီးခတ်ကြပါသည်။ တီးခတ်သော တီးကွက်တီးဟန်များတွင် အခေါ်အဝေါ်များ ရှိထားခဲ့ပါသည်။ ထိုအခေါ်အဝေါ်များတွင် မွန်ဘာသာလို . . .

| | | | |
|---|---|---|---|
| (၁) | ဇုက်မွဲ၊ | | |
| (၂) | ဖြာဇ္ဇော်၊ | | |
| (၃) | ဖြာဍ္ဍောတ်၊ | (၆) | ဍွဲဓ၊ |
| (၄) | တင်ပန်အလန်ဖြ၊ | (၇) | ဟန်ဇ္ဇော်၊ |
| (၅) | ဖြာအုပ်၊ | (၈) | ရဝိန်၊ |

ဆိုပြီး ခွဲခြားတီးခတ်ကြပေသည်။



ယဉ်ကျေးမှု အနုပညာဆိုသည်မှာ ကူးပြောင်းပျံ့လွင့်နိုင်သော စွမ်းအင်သတ္တိထူးရှိပြီး အရှိန်ဩဇာလည်း လွန်စွာသိမ်မွေ့ထက်မြက်လှပေသည်။ ဂီတသံသည် ဇာတိမာန်ရော၊ စိတ်၏ခံစားမှုကိုပါ ဖော်ထုတ်နိုင်သော ကြီးမားသည့် စွမ်းပကားရှိပါသည်။ မွန်မိကျောင်း တူရိယာသည် ကျေးလက်မှ နန်းတွင်း၊ နန်းတွင်းမှ ကျေးလက် လည်ပတ်တီးခတ်သော မွန်ယဉ်ကျေးမှု အနုပညာပစ္စည်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ရိုးရာ ယဉ်ကျေးမှု **Folk Culture** မှ ကျေးလက်ဂီတ **Folk Songs** များ၊ ရိုးရာသီချင်း **Classcial Songs** များ ဖော်ထုတ်သွားမည်။ ထိန်းသိမ်းသွားမည်။ အမျိုးသားဟန်မပျက် ချဲ့ထွင်ဆန်းသစ်သွားမည်ဆိုပါက မိမိယဉ်ကျေးမှုကို ထိန်းသိမ်းရာလည်းကျမည်။ အမျိုးသားအတွေး၊ အမျိုးသားအရေး၊ အမျိုးသားစိတ်ဓာတ်ကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်ပေမည်။ အထူးသဖြင့် တိုင်းရင်းသားတို့၏ တူရိယာဂီတကို ဖော်ထုတ်ခြင်းသည် တိုင်းရင်းသား သွေးချင်းညီနောင်ရင်းတို့၏ ဂီတကိုဖလှယ်ပြီးသားဖြစ်နေ၍ စည်းလုံးညီညွတ်မှုကို စောင့်ရှောက်ကာကွယ်ပြီးသားဖြစ်နေပေမည်။ ထို့ကြောင့် မွန်ယဉ်ကျေးမှု မိကျောင်းကြိုးတပ်တူရိယာကို ထုတ်ဖော်ထိန်းသိမ်း ဆန်းသစ်သွားမည်ဆိုပါက အမျိုးသားအနုပညာအသွင်အပြင်အဆင့်မြင့်မြင့် ပေါ်လွင်လာမည် မလွဲပါကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား . . . . ။



မင်းထိန်ဝင်း

ဆ ဆ ဆ ဆ ဆ



▲ မွန်ပြည်နယ် - မွန်အမျိုးသားနေ့ - ပွဲ

# (၅၄) နှစ်မြောက် မွန်အမျိုးသားနေ့ကို ကြိုဆိုလျက်

တပို့တွဲလပြည့်ကျော် (၁) ရက်နေ့. . .။

ဤနေ့ကား အမျိုးသားများ၏ နှလုံးသည်းအိမ်တွင် ချိုမြိန်လှစွာသောနေ့၊ မွန်အမျိုးသားတို့၏ အသွေးထဲ အသားထဲတွင် ထာဝစဉ် ဖြစ်တည် ရှင်သန်စီးဆင်းနေမည့်နေ့။ ထာဝရဦးထိပ်ပန်ကာ အမှတ်ရနေမည့်နေ့။ ဘယ်တော့မှ မေ့ပြယ်ပျောက်ကွယ်သွားမည်မဟုတ်သည့် မွန်အမျိုးသားနေ့။

အသီးတစ်ရာ အညှာတစ်ခုပမာ အမိမြန်မာနိုင်ငံတော်ကြီးကား၊ တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅) မျိုးတို့စုစည်းနေထိုင်ကြသည့် နိုင်ငံတော်တစ်ခုဖြစ်၏။ သို့ဖြစ်ရာတိုင်းရင်းလူမျိုး အသီးသီးတို့သည်၊မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် နေထိုင်ကြသည့်အလျှောက် အချို့မှာ မိမိတို့လူမျိုးအလိုက် အမျိုးသားနေ့ကို သတ်မှတ်ကျင်းပခဲ့ကြသည့် အလေ့အထများရှိခဲ့၏။ ထို့အတူ ပြည်ထောင်စု၏ မိုးကောင်းကင်အောက်မှ မွန်လူမျိုးတို့သည်လည်း မိမိတို့၏ အမျိုးသားနေ့ကို နှစ်စဉ် တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ရှိုးစုညီညာစွာဆင်ယင်ကျင်းပခဲ့ကြပါသည်။ ယင်းနေ့တွင် ဆင်ယင်ကျင်းပရခြင်းမှာ အကြောင်းဤသို့ရှိ၏။

မွန်ရာဇဝင် ဥပ္ပနသုဓမ္မဝတီရာဇဝံသကထာအရ သမလ ဝိမလ ညီနောင် နှစ်ပါးသည် ဟံသာဝတီမြို့ကို သာသနာ သက္ကရာဇ် - ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက် တနင်္လာနေ့တွင် တည်ထောင်ခဲ့သည်ဟုလာရှိ၏။ မွန်လူမျိုးတို့အနေဖြင့် မွန်အမျိုးသားနေ့ကို သတ်မှတ်ရေး အတွက် ၁၉၄၇ - ခုနှစ်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ မော်လမြိုင်ဇရပ်၌ မွန်သံဃာတော်ဆရာတော်ကြီးများ၊ မွန်ပညာရှိများ၊ မွန်နိုင်ငံရေး ခေါင်းဆောင်များ စုဝေးဆွေးနွေးတိုင်ပင်ကြရာ၊ ဟံသာဝတီမြို့တည်နေ့ကို တညီတညွတ်တည်း သဘောကိုက်ညီစွာ ရွေးချယ်သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြင့် မွန်အမျိုးသားတို့သည် ၁၉၄၈ ခုနှစ်မှစ၍ မွန်အမျိုးသားနေ့ကို နှစ်စဉ် တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၅၃) ကြိမ်မြောက်သို့ပင် ကျရောက်ခဲ့လေပြီ။

**"မင်္ဂလာပါ မွန်အမျိုးသားနေ့" .....**

သည်နေ့ သည်အချိန်ကိုရောက်တိုင်း အစဉ်အလာ ထည်ဝါကြီးမားခဲ့သော မွန်ရုပ်လွှာ မွန်သမိုင်းသည် ရင်လှိုင်းကိုရိုက်ခတ်လာမြဲ။ ပွဲတင်ထပ်လာမြဲ။ ပုံရိပ်ထင်လာမြဲ။

ရာမညဒေသတွင် အခြေချ နေထိုင်ခဲ့ကြသည့် မွန်လူမျိုးတို့၏ မွန်ဟူသော အမည်ဘယ်လိုစတင်လာသလဲ။ သုတေသီ ပညာရှင်များ၏ အဆိုအရ မွန်တို့၏ ရှေးအမည်ကား (Rmen) "မေ်ည" အလယ်ခေတ်သို့ ရောက်သည့်အခါ (Rman) "ရမန်" ဖြစ်လာပြီး ထို့နောက်တွင် "ရမန်" မှ "မွန်" ဖြစ်လာကာ ယခုတိုင် သက်ဝင်ထင်ရှားလျှက်ရှိသည်ဟုဆို၏။






မွန်တို့၏ ဇစ်မြစ်ကို ပြန်ကြည့်ပါက မွန်ဂိုအနွယ်ဖြစ်ပြီး ဘာသာစကားအနေဖြင့် မွန်-ခမာ အုပ်စုဝင်များဖြစ်ကြကြောင်းတွေ့ရ၏။ မွန်-ခမာ ဘာသာစကားအုပ်စုဝင် မွန်လူမျိုးများနှင့် တိဗက်-မြန်မာ ဘာသာစကား အုပ်စုဝင် မြန်မာတို့ကား ဘာသာစကားတွင် ကွဲပြားကြ၏။ သို့သော်လည်း မျိုးနွယ်ဘက်တွင် တူညီကြသဖြင့် ရုပ်ရည်လက္ခဏာအားဖြင့် ခွဲခြားရန် ခက်ခဲလောက်အောင် ဆင်တူကြ၏။ ဤအချက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်လျက်၊ အတူတကွနေထိုင်လာခဲ့ကြသည့် ဘိုးတူဘွားတူ မျိုးနွယ်တူများဖြစ်၍ပင် မဟုတ်ပါလား။

သမိုင်းကို ခြေရာခံပါက မွန်ခမာတို့၏ မူရင်းဒေသမှာ တရုတ်နိုင်ငံရှိ ယန်စီကျန်မြစ်ဝှမ်းဒေသဖြစ်သည်ကိုတွေ့ရ၏။ ယင်းဒေသမှတဆင့် အကြောင်းအမျိုးမျိုးကြောင့် ဒေသအနှံ့အပြားသို့ ပြန့်နှံ့ရောက်ရှိသွားကြသည်။ မွန်သုတေသီများက ပရပထုံနှင့် လော့ကျောက်ရှိမွန်ကျောက်စာ အထောက်အထားအရ မွန်တို့သည် သုဓမ္မပူရ (သထုံ) သို့မရောက်မီ၊ ယခု ထိုင်းနိုင်ငံ တောင်ပိုင်း ဒွါရာဝတီနိုင်ငံကို တည်ထောင်ခဲ့ကြောင်း ပြဆိုသည်။ သမိုင်းဆရာများ၏ တွေ့ရှိချက်နှင့် မွန်မှတ်တမ်းများအရ မွန်လူမျိုးတို့သည် ခရစ်မပေါ်မီ ဘီစီ (၁၀၀၀) ကျော်ခန့်ကတည်းက ထိုင်းနိုင်ငံ တောင်ပိုင်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် စနစ်ကျသော လူနေမှုအဖွဲ့အစည်းဖြင့် မြို့ပြ ပြည်နယ်များ ထူထောင်နေထိုင်ခဲ့ကြကြောင်း ညီညွတ်စွာ ဖွင့်ဆိုခဲ့ကြသည်။

စစ်ကဲ မောင်နော်၏မွန်ရာဇဝင်စေတီတော် သမိုင်းပေါင်းချုပ်အဆိုအရ ....

မွန်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် ရှေးဦးစွာ သထုံမြို့ကိုတည်ကြောင်း၊ ယင်းသထုံပြည် ရေလွှမ်း၍ ပျက်သဖြင့် မြို့ရွာပေါင်း၏တောင်ဘက် ကေလာသ တောင်အနီးတွင် ပြည်သစ် (သုဓမ္မဝတီ) မြို့နန်းကို တည်ပြန်၏။ ယင်းသုဓမ္မဝတီတွင် မင်း (၁၀) ဆက် အုပ်စိုးပြီး ပထမ သုဝဏ္ဏဘုမ္မိသထုံနေရာသို့ ပြန်လည် ရွှေ့ပြောင်းနန်းစိုက်ရာ မင်းဆက် (၅၉) ဆက်တိုင်ကာ မနူဟာမင်းမှာ နောက်ဆုံးမင်းဖြစ်၏။ ဤကား ပထမ မွန်မင်းဆက်။

ဒုတိယ မွန်မင်းဆက်မှာ ဟံသာဝတီ (ပဲခူး) တွင် နန်းစံ၏။ သမလ၊ ဝိမလမင်းမှစ၍ တိဿမင်း အထိ မင်း (၁၇)ဆက်စိုးစံ၏။ တတိယမွန်မင်းဆက်မှာ ဝါရီရူးမင်း မုတ္တမကို သိမ်းပိုက်စိုးစံချိန်မှစခဲ့၏။ ဝါရီရူး မင်းမှစ၍ (၈) ဆက်မြောက် ဗညားဦးလက်ထက်တွင် ဟံသာဝတီ (ပဲခူး)သို့ ပြောင်းရွှေ့ နန်းစံခဲ့၏။ ဗညားဦး ၏ သားတော် ဗညားနွဲ့ခေါ် ရာဇာဓိရာဇ်မှာ မွန်သူရဲ ကောင်း စစ်ဘုရင်တစ်ပါးအဖြစ် ထင်ရှားခဲ့သူ တစ်ဦး ဖြစ်ရာ အများစုနှင့် ယဉ်ပါးပြီးဖြစ်ပါသည်။



ဖါးအောက်တိုက်နယ်
မွန်အမျိုးသားနေ့ ဆိုင်းဘုတ်တင်နေပုံ ▲



ပေါင်မြို့နယ် မွန်အမျိုးသားနေ့ အခမ်းအနား ▲




ကျိုက်မရော
မွန်အမျိုးသားနေ့

သစ်ပင်တစ်ပင်နှင့်ပမာ ယှဉ်ရပါလျှင် စာပေသည် အရင်းအမြစ် ရေသောက်မြစ်၊ အမြစ်ခိုင်မှသာ အကိုင်းအခက် အရွက်အဖူးနှင့် အသီးအပွင့်တို့ ဝေဆာမည်ဖြစ်ရာ စာပေမြင့်မှ လူမျိုးတင့်မည့်သဘောဖြစ်၏။ မွန်တို့၏စာပေနှင့် ယဉ်ကျေးမှုမျက်နှာစာကို ပြန်လည်စောင်းငဲ့ကြည့်ရှုပါက လွန်စွာမြင့်မား၍ အထက်တန်းကျ မျက်နှာပန်းလှခဲ့ကြောင်းတွေ့ရသည်။ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသည့်အလျောက် မွန်တို့ရေးသားခဲ့သော စာပေများသည်လည်း ရေမြင့်ကြာပမာ ငွါးစွင့်ခံ့ထည်ဂုဏ်ယူဖွယ်ဖြစ်ခဲ့သည်မှာ ယနေ့တိုင် အထင်အရှား။

ဘာသာစကားသာရှိပြီး ဘာသာစာပေမရှိသော လူမျိုးကို ယဉ်ကျေးမှုအရ အဆင့်နိမ့်ပြီး တိုးတက်မှု ဆုံ့လိုသောလူမျိုးအဖြစ် သုတေသီတို့ ရှုမြင်သုံးသပ်လေ့ရှိကြသည်။ မွန်တို့ကား ဘာသာစကားသာမက ဘာသာစာပေပါ ပေါ်ပေါက်ရှင်သန်လာစေရန် ရှေးဦးမဆွကပင် ကြိုးပမ်းအားထုတ်ခဲ့ကြ၏။ ခရစ်သက္ကရာဇ် (၅) ရာစုခန့်တွင် မွန်တို့သည် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ပလ္လဝလူမျိုးတို့၏ အက္ခရာကိုအမှီပြုကာ ဘာသာစာပေပေါ်ထွန်းလာရေးအတွက် တီထွင်ကြံဆဖော်ထုတ်ခဲ့ကြသည်၊ ထို့ကြောင့် မွန်တို့သည် မြန်မာနိုင်ငံတွင် အစောဆုံး နေထိုင်သည့် လူမျိုးဖြစ်သည့်နည်းတူ ဘာသာစာပေတွင်လည်း အစောဆုံးဟုဆိုအပ်သည်။ ဂုဏ်ယူဖွယ်ကောင်းပါပေစွ။

မွန်ဘာသာစာပေ ရှေးဦးထွန်းကားရာဒေသမှာ ထိုင်းနိုင်ငံဖြစ်ပြီး အစောဆုံး မွန်စာအဖြစ် ပရပထုံမွန်စာဟု ပညာရှင်တို့သတ်မှတ်ခဲ့ကြ၏။ အေဒီ (၆၀၀) ခန့်က စာဟုလည်း မှန်းဆခဲ့ကြ၏။ မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသည့် မွန်စာမှာ ဗိုလ်တထောင်ဘုရားတွင် တွေ့ရသော အုတ်ခွက်စာဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင် တွေ့ရသော အစောဆုံးမွန်စာနှင့် အချိန်ကာလချင်း မခြားနားလှဟုဆိုသည်။



▲ ရန်ကုန်၊ မွန်အမျိုးသားနေ့



▲ မြို့နယ်ပေါင်းစုံမွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ အမှုဆောင်အဖွဲ့ ။

ပုဂံမတိုင်မီကတည်းက မြန်မာနိုင်ငံတွင် မွန်စာပေထွန်းကားခဲ့ရာ သထုံမှာ ဘူမိနက်သန်ဖြစ်၏။ ထို့ပြင် ကရင်ပြည်နယ် ဖားကပ်အနီးကော့ဂွန်းဂူတွင်လည်း မွန်ကျောက်စာကို တွေ့ခဲ့ရသေးသည်။ မွန်စာပေ၏ အစဉ်အလာကို ပြန်ကြည့်လျှင် ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်ကား မွန်စာပေ၏ ရွှေခေတ်ဖြစ်ကြောင်း တွေ့ရသည်။ ရာဇရေး၊ ဓမ္မရေး၊ လောကီလောကုတ္တရာဆိုင်ရာရေးထိုးခဲ့သော ကျောက်စာတို့၌ မွန်စာပေသည် အခရာ။ ထို့ကြောင့် ခေတ်စကားဖြင့်ဆိုရသော် မွန်စာပေသည် ကျန်စစ်သားမင်းခေတ်၏ ရုံးသုံးစာပေ၊ လူထုသုံးစာပေဟုပင် ယူသော်ရနိုင်ကောင်းမည်ထင်၏။ ရေးသားစီကုံးထုံးဖွဲ့မှု လှပရုံသာမက၊ အတ္ထာလင်္ကာရနှင့်လည်း ပြည့်စုံ၏။ အချို့အရေးအသားတို့၌ ကဗျာဆန်သည့်အရေးနှင့် တင်စားခိုင်းနှိုင်းမှု အတွေးဒသနကို တွေ့ရပါဘိ။

စာမြည်းအဖြစ်ပြရသော် ကျန်စစ်သားမင်း၏ အတ္ထုပ္ပတ္တိကို ဖော်ကျူးသည့် ရွှေစည်းခုံမွန်ကျောက်စာတွင် အောက်ပါအတိုင်း တွေ့ရှိရ၏။

"တစ်ပါးသောချစ်သူနှင့် ကွဲကွာ၍ မျက်ရည်ရှိသော သူတို့ကို အကျိုးစီးပွား ဆောင်ခြင်းဖြင့် မေတ္တာစိတ်တည်းဟူသောလက်ဖြင့် အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် သုတ်ပစ်လတ္တံ့."

"နံ့စော်သော အနံ့ရှိသော အလုံးစုံသော ဒုသီလကို အမွှေးအကြိုင်ဖြစ်သော ကောင်းသော သီလဓမ္မဖြင့် အရှင်ဗြိတြိဘုဝနာဒိတျဓမ္မရာဇာမင်းသည် ဖျက်ဆီးစေလတ္တံ့."

"ထိုနှစ်သက်ဝမ်းမြောက်သော အသံ၊ ချီးမွမ်းသောအသံ၊ သာဓုခေါ်သံတို့သည် သန်းကောင်းယံမိုးကြီးသံနှင့်တူသည်"

မွန်စာပေကို ကျောက်စာများတွင်သာမက ပေ၊ ပုရပိုက်၊ အုတ်ခွက်စာ၊ စဥ့်ကွင်းစာ၊ မင်စာ၊ အင်္ဂတေစာ၊ ခေါင်းလောင်းစာများ၌လည်း တွေ့ရှိရ၏။ ထို့ပြင် ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်စာပေ၊ ဇာတ်တော်သမိုင်း၊ ဆေးကျမ်း၊ ဓမ္မသတ်ကျမ်း၊ ဗေဒင်ကျမ်း၊ သိုက်တဘောင်၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ သီချင်း၊ ပုံပြင်၊ ဝတ္ထု၊ စကားထာ၊ စကားပြေအရေးအသားများကိုလည်း တွေ့ရှိနိုင်၏။ မွန်အမတ်ကြီး ဗညားဒလ၏ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းသည် ထင်ရှားသလို၊ ဝါရီရူးဓမ္မသတ် ဓမ္မစေတီဖြတ်ထုံးတို့သည်လည်း ကျော်ကြား၏။ တေးသီချင်းအရေးအသားအနေဖြင့် မြန်မာ့ မဟာဂီတ၌ မွန်အလေးမေ့ခေါ် တောင်ယံတောက မောလေအောင်၊ တောင်ယံတောလေး၊ တောင်ယံတောကြီး၊ မွန်ကြာစေ့

ကောက်ခေါ် နှင်းယွန်းဂိမှာန်၊ စိန်ခြယ်ညီလင်း၊ မွန်သံစုံခေါ် ကောင်းကြီးသခီ၊ မွန် ၁၂ ခန်းခေါ် ညှင်းညှင်းအစချီသီချင်း၊ ဗိမ္မာသားလွှဲချင်းခေါ် စိန်မြရံခြယ်နှင့် သောင်းကျေးဒီပါဘွေ အစချီသီချင်းများကို ယနေ့တိုင်ကြားနေရဆဲ။ ထို့ပြင် မွန်စာပေ၌ ဆယ့်နှစ်လရာသီ ရိုးရာဓလေ့အဖွဲ့အနွဲ့များကိုလည်း ရသထုံမွှမ်းစွာ ခံစားတွေ့ရှိနိုင်ပေသည်။

မွန်တို့၏ ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာများကို သထုံမြို့အနောက်မြောက်ဘက် မိုင် (၃၀) ခန့်အကွာ၊ ကေလာသတောင်အနီးတစ်ဝိုက်တွင် သုဓမ္မဝတီမြို့ တည်ဆောက်၊ မင်းလုပ်စိုးစံစဉ်က ဂဝံကျောက် ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ရာမြောက်တိရိစ္ဆာန်ရုပ်ထုများကို ယနေ့တိုင်တွေ့မြင်နိုင်ပါသေးသည်။ ထို့ပြင် သထုံကလျာဏီသိမ် မှတ်တိုင်များပေါ်တွင် (၁၀) ရာစု (၁၁) ရာစုမတိုင်မီ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းတမော့ ကျောက်ဆစ်ပန်းနှင့် ပန်းပုလက်ရာများ၊ သထုံ ရွှေစာရံဘုရားနှင့် ကလျာဏီသိမ်အကြားရှိ သိကြားဘုရား ပစ္စယံပေါ်တွင် ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော် စဉ့်ချပ်လက်ရာများ၊ ကရင်ပြည်နယ် ကော့ဝွန်းဂူတွင် ရှေးဟောင်းမွန်စာများ၊ အောက်ခြေ၌ ပါရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ထုတော်များ၊ ဟိန္ဒူဝိသနိုးနှင့် သျှီးပါးနတ်ရုပ်ထုများကို တွေ့မြင်နိုင်သေး၍ မွန်တို့၏ ဂန္ထဝင်မြောက် အနုလက်ရာများကိုလေ့လာအကဲဖြတ်နိုင်ပါသေးသည်။ ထို့ကြောင့် မွန်စာပေနှင့် ယဉ်ကျေးမှုသည် အမိ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှဒေသ၏ အနုပ္ပအမွေအနှစ်တစ်ရပ်ဟု ဖော်ညွှန်းယူသော် ရနိုင်ကောင်းပါ၏။

မွန်အမျိုးသားနေ့သို့ ကျရောက်လေတိုင်း မွန်အမျိုးသားတို့သည် တောရောမြို့ပါမကျန် မိမိတို့နေထိုင်ရာဒေသအလိုက် အမျိုးသားနေ့ အခမ်းအနားကို အသည်းလှိုက်အူလှိုက် ကျင်းပခဲ့ကြသည်။ မွန်တို့ ဂုဏ်ရည်နှင့် သမိုင်းအစဉ်အလာကြီးမားမှု၊ ယဉ်ကျေးမှုနိုင်ခန့်ထည်ဝါမှု၊ သမလဝိမလမင်းလက်ထက်တွင် အသားမင်းသားက အိန္ဒိယမှ ကျူးကျော်ရန်စလာသူလူစွမ်းကောင်း လမ်ဗားအားတွန်းလှန်အောင်ပွဲခံမှု၊ အင်းဝခေတ်တွင် တိုင်းခြားရန် ဂါမဏီအား မွန်သူရဲကောင်း သမိန်ဗရမ်းက နယ်ချဲ့ပြည့်ရန် ငုံ့မခံသည့် ဇာတိမာန် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် မြင့်မြတ်စွာစီးချင်းထိုးအနိုင်ယူခဲ့မှု၊ မွန်စာပေ၊ မွန်ဂီတ၊ မွန်အကနှင့် အနုသုခုမ အစဉ်အလာများကို အားပေးဖော်ထုတ်ဂုဏ်ပြုချီးမြှင့်မှုတို့ဖြင့် အတတ်နိုင်ဆုံး စွမ်းဆောင်ပြသခဲ့ကြသည်။

ရှေ့ကြည့် မွန်အမျိုးသားနေ့ အခမ်းအနား - ပုံ





ရွှေကုဉ် · မွန်အမျိုးသားနေ့အခမ်းအနား ▲

ယခုအခါ နိုင်ငံတော်အစိုးရသည် စုစည်း ညီညွတ်သော ပြည်ထောင်စုဘွား တိုင်းရင်းသားများ၏ စွမ်းအားဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်လျှက်ရှိ၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဦးတည်ချက် (၄) ရပ်စီ ချမှတ် အကောင်အထည်ဖော်လျှက်ရှိသည်မှာ တက်ညီလက်ညီမို့ အားရစရာ ကောင်းလှပေစွ။ သည်သို့သော အခါသမယတွင် မိမိတို့ မွန်အမျိုးသားတို့အနေဖြင့်လည်း "အစ်ကိုနှင့်ညီ တုတ်နှင့်စည်" ဟူသည့် မွန်စကားပုံထုံးကို နှလုံးသွင်းကာ တိုင်းရင်းသားသွေးချင်းများနှင့် အရေးကြီးလျှင် သွေးစည်း၊ အရေးကြုံလျှင် သွေးဆုံ၊ အရေးရှိလျှင် သွေးညီကြရမည်သာဖြစ်၏။ ရာသက်ပန် ဥမကွဲ သိုက်မပျက် လက်တွဲသွားရမည်သာဖြစ်၏။ ဘယ်သူခွဲခွဲ တို့မကွဲအမြဲ စည်းရုံးသွားရမည်သာဖြစ်၏။ အထူးသဖြင့် "သူ့ကျေးဇူးကို မကန်းနှင့် အသီးစားက အပင်မလှဲနှင့်" ဟူသော မွန်စကားပုံကို နှလုံးသွင်းကြရမည်သာဖြစ်၏။

နိဂုံးချုပ်အနေဖြင့် မိမိတို့ မွန်အမျိုးသားတစ်ရပ်လုံးသည် မိမိတို့၏ (၅၃) နှစ်တာ ဖြတ်သန်းမှုခရီးတွင် အားနည်းချက် အားသာချက်တို့ကို ပြန်လည်ဆင်ခြင်သုံးသပ်ကာ အနာဂတ်အတွက် အင်အားအဖြစ် ရင်းနှီးမြှုပ်နှံပြီး မိမိတို့လူမျိုးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြရင်း တစ်ဘက်မှ နိုင်ငံတော် အေးချမ်းသာယာရေး၊ စီးပွားရေး ဖူးပွင့်ဝေဆာရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖော်ထုတ် မြှင့်တင်ရေး၊ မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ် ရှင်သန်ထက်မြက်ရေးတို့ကို နှလုံးသည်းပွတ်တွင် စွဲမြဲခိုင်ကျည်စေလျက် တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်လှေတည်းစီး တစ်ခရီးတည်း သွားကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် လက်တွဲကာ နိုင်ငံတော်မှ ရည်မှန်းရာ အောင်ပွဲနှင့် ပန်းတိုင်သို့ အတူတကွ ချီတက်ကြပါစို့ဟု တပ်လှန့်နှိုးဆော်ရင်း (၅၄) နှစ်မြောက် မွန်အမျိုးသားနေ့ကို လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါကြောင်း. . . .။

မင်းချမ်းမွန်



လှိုဟ်သာ ၉၆



# ချစ်ဦးညို

## အဲမွန်ဒယာရဲ့သူရဲကောင်း

ပန်းချီ မောင်ညီညီ

# အဲမွန်ဒယာရဲ့ သူရဲကောင်း

**ဆုဓိဦးညို**

(၁)

သူရသတ္တိဆိုတာ ဘာပါလဲ။

ဒီလိုမေးခွန်းထုတ်လိုက်မယ်ဆိုရင် သုသျှင်ရာဇဓိရာဇ်က အစပြုပြီး မင်းကြီးသမိန်ဗြဲ့၊ အမတ်ဒိန်၊ မင်းကန်စီတို့အလယ်၊ ကျုပ်တို့သူရဲကောင်းတွေအပါအဝင် ဟိုး. . . မြို့စောင့်တပ်နဲ့ ရိက္ခာထောက်တပ်က ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းရဲမက်ငယ်လေးအဆုံး. . ဖြိုင်ဖြိုင်ထပြီး ဖြေဆိုကြလိမ့်မယ်။ သူရသတ္တိဆိုတာ. .

အဖြေစကားတွေလဲ အများကြီးထွက်ပေါ်လာမှာ ကေန်ပါ။

အားလုံးဟာ စစ်ပွဲဝင်သူရဲကောင်းတွေရယ်လေ။ သူတို့အားလုံး ဆင်၊ မြင်းကျွမ်းကျင်ကြတယ်။ ဓား၊ လှံ၊ အဲမောင်း၊ လေးမြား၊ ပုဆိန် ကျွမ်းကျင်ကြတယ်။ စစ်ထိုး၊ စစ်ခံ၊ စစ်ဆုတ်၊ စစ်ဖြူသေနင်္ဂကျွမ်းကျင်ကြတယ်။ တစ်ဖက်စစ်သည်နဲ့ ကိုယ်ချင်းရင်ဆိုင်ရမလား။ တပ်လုံးရင်ဆိုင်ရမလား။ ရဲသွေးဆွေးဆွေးနီကြတယ်။ အရှင်သခင်ရဲ့ အမိန့်ကို အသက်သွေးအပ်နှင်း စွန့်ဝံ့ရဲရင့်ကြတယ်။ သုသျှင်အပေါ်မှာ မိမိရဲ့ဝိညာဉ်ကို ပေးဆက်ထားကြတယ်။ စစ်သည်တော်တွေ. . . သူရဲတွေ. . .။

ဒီလူတွေအားလုံး သူရသတ္တိဆိုတာ. :. ဒါလို့ မဆိုင်းမတွဖြေကြလိမ့်မယ်။ သုသျှင်ရဲ့ အနီးကပ်သူရဲကောင်းတစ်ဦးအနေနဲ့ ကျုပ်ကိုယ်တိုင်လဲ သူရသတ္တိဆိုတာ ဒါပါပဲလို့ ဖြေစရာအဖြေတွေအများကြီးရှိပါတယ်။ အမတ်ဒိန်တို့၊ မင်းကန်စီတို့လို ပညာရှိ မှူးမတ်ကြီးတွေအနေနဲ့ကလဲ နှလုံးရည်သတ္တိ၊ စိတ်ဓာတ်သတ္တိ၊ ကိုယ့်ကျင့်တရားသတ္တိ စသည်ဖြင့် အကျယ်တဝင့် နက်နက်နဲနဲအဖြေပေးကြမှာ မုချပါ။

"သူရသတ္တိဆိုသည်မှာ. . . "ဆိုပြီး အဖြေစကားတွေ၊ အနက်တွေ၊ ဖွင့်ဆိုချက်တွေသာ ထုတ်ရရင် ကျုပ်တို့ ဟံသာဝတီတပ်မကြီးရဲ့ တပ်မတော်သားတွေ ပေးလိုက်ကြမယ့်အဖြေတွေနဲ့၊ ပုရပိုက်ထူထူကြီးတစ်ခု ပေါ်ပေါက်လာမှာ သေချာပါတယ်။

ဒါပေမယ့် . . .

သူရသတ္တိဆိုတဲ့စကားဝေါဟာရရဲ့ နက်ရှိုင်းလှတဲ့ အဓိပ္ပါယ်ငုပ်တွေကို အခုနေခါ ကျုပ်အများကြီး စဉ်းစားတွေးခေါ်နေရပါပြီ။ ကျုပ်တို့ သူရဲကောင်းတွေ ဘယ်လိုပဲ၊ ဘယ်လောက်ပဲအဖြေတွေထုတ်ထုတ်၊ ကျုပ်တို့မသိသေးတဲ့၊ မသိနိုင်သေးတဲ့ အဓိပ္ပါယ်သစ်တွေ အများကြီးထွက်ပေါ်လာဦးမယ်လို့ ကျုပ်စိတ်ထဲ ထင်မြင်နေမိပါတယ်။

ကျုပ်တို့မသိသေးတဲ့ သူရသတ္တိဖွင့်ဆိုချက် ခက်ဆစ်အဓိပ္ပါယ်အနက်တွေရှိနေပါသေးတယ်။ ကျုပ်တို့ သူရဲကောင်း၊ မင်းယောက်ျားကြီးတွေ မစဉ်းစားမိသေးတဲ့ အမြင်ထောင့်။ ကျုပ်တို့အံ့အားသင့် မျက်မှောင်ကြုတ်ရမယ့် အဓိပ္ပါယ်သစ်။

ကျုပ်တို့ရဲ့ လက်ရုံးစွမ်း၊ နှလုံးစွမ်း၊ သေနင်္ဂအတတ်၊ သစ္စာစောင့်သိမှုစတဲ့ သူရဲကောင်းနယ်ပယ်ကနေ ကျော်လွန်နေတဲ့ အဓိပ္ပါယ်တစ်ခုခုရှိကို ရှိနေပါသေးတယ်။

ဒီအတွေးကို ကျုပ်ရလိုက်တာ။ မင်းကြီးသမိန်ဗြဲ့ဆီကလဲမဟုတ်။ အမတ်ဒိန်ဆီကလဲမဟုတ်၊ မင်းကန်စီထံကလဲမဟုတ်။ မသလုံဆီကလဲမဟုတ်။ တစ်ဖက်က အင်းဝဘုရင်မင်းခေါင်၊ သူ့သားတော်မင်းရဲကျော်စွာနဲ့ အင်းဝသူရဲကောင်းတွေဆီကလဲမဟုတ်။

ဘုရင့်သူရဲကောင်းရင့်မကြီးတစ်ယောက်လုံး

ဒီလိုတွေးခေါ် ဆင်ခြင်ရလောက်အောင် ဖန်တီးလိုက်သူကတော့ ကျုပ်ရဲ့ဇနီးမယား (ဆိုတဲ့) မိန်းမသူ တစ်ယောက်ဖြစ်ပါတယ်။

(၂)

ဖြစ်ရပုံက ဒီလိုပါ။

အဲဒီအချိန်က သမိန်ဗရမ်းကိုလဲမင်းရဲကျော်စွာက လက်ရဖမ်းပြီး ခေါ်သွားခဲ့တယ်။ လဂွန်းအိန်လဲ ရေကြောင်းတိုက်ပွဲမှာ သူရဲကောင်းပီသစွာ ကျဆုံးခဲ့ပါပြီ။ ဗိုလ်မင်းကြီး သမိန်ဗြဇလဲ မရှိတော့ပါဘူး။

ဟံသာဝတီနေပြည်တော်ကို အင်းဝဥပရာဇာမင်းရဲကျော်စွာက တပ်တွေနဲ့ ပိတ်ဆို့ပြီး ရံထားတယ်။ မြို့ထဲမှာ သုသျှင်ရဲ့သားတော်နှစ်ပါး ဗညားကျန်းနဲ့ ရာဇမနုတို့က ကြံ့ကြံ့ခံပြီး စောင့်နေကြတယ်။

ဒီအချိန်မှာ သုသျှင်ကတော့ မုတ္တမရောက်နေတယ်။ သန်လျင်စား အမတ်ဒိန်ကိုလဲ အပါးခေါ်ထားပါတယ်။ မုတ္တမသုံးဆယ့်နှစ်မြို့နယ်က ဆင်မြင်းဗိုလ်ပါအင်အားအရပ်ရပ်ကိုပဲ ညီညွတ်အောင်ပြုပြင်စီရင်နေရတယ်။ မုတ္တမမှာ သုံးလနေပြီး၊ သန်လျင်ဘက်ကူးပါတယ်။

ဒီအချိန်မှာ သုသျှင် မိန့်တော်မူတာပါပဲ။

"ဟံသာဝတီကို မင်းရဲကျော်စွာတို့ ဝိုင်းရံထားတယ်။ အခု ငါတို့စစ်ချီလာတဲ့အကြောင်းနဲ့ မြို့ကိုဝန်းရံထားတဲ့ အင်းဝတပ်တွေကို ငါတို့အပြင်ကနေတိုက်ခိုက်မယ့်အချိန်အခါ အခြေအနေအကြောင်းကို မြို့ထဲမှာ ပိတ်စို့နေတဲ့ ငါ့သားဗညားကျန်းဆီအကြောင်းကြားရမယ်။ အင်းဝတပ်တွေ အထပ်ထပ်ပိတ်ဆို့ထားတဲ့အခြေမှာ မြို့တွင်းကို ဒီသတင်းဘယ်လိုပို့ကြမလဲ"

တကယ်ခက်ခဲကြီးကျယ်တဲ့ အရေးဖြစ်ပါတယ်။ အင်းဝတပ်တွေ အထပ်ထပ်ပိတ်ထားတဲ့ ပဲခူးမြို့ထဲဝင်ဖို့ဆိုတာ လေးလံခဲယဉ်းလှတဲ့အမှုပါပဲ။

ခစားနေကြတဲ့ မှူးမတ်သေနာပတိတွေ အားလုံးငြိမ်သက်နေကြပါတယ်။ သေနင်္ဂအစီအမံဆိုင်ရာ အကြံပေးစကား ဘာတစ်ခွန်းမှ ထွက်ပေါ်မလာဘူး။

သုသျှင်မသက်မသာ ဆိုမြည်ညည်းတွားပါတော့တယ်။ "သမိန်ဗြဇနဲ့ မသံလုံတို့သာရှိနေရင် ငါပူပန်စရာမလိုဘူး။ အခုတော့ သူတို့နှစ်ယောက်မရှိတော့လို့ ငါ့လက်နှစ်ဖက်စလုံး ပြတ်သွားတာပဲ"

ဒီစကားကို ကျုပ်မခံနိုင်ပါဘူး။ နောက်ဆုံးမှာ ခစားနေရာကနေ လျှောက်လိုက်တယ်။

"ကျွန်တော် အဲမွန်ဒယာရှိပါသေးတယ်။ သုသျှင်။ ကျွန်တော်တာဝန်ယူပါမယ်။ ဥပါယ်ပြုပြီး ရန်သူတွေဝိုင်းထားတဲ့ ဟံသာဝတီမြို့ထဲ ကျွန်တော်အရောက်သွားပါတယ်။ သုသျှင်ရဲ့ အမိန့်ကို သားတော်ထံအရောက် ကျွန်တော်ပို့ပေးပါမယ်"

သုသျှင်ရဲ့ ဖြူလျော်ယောင်မျက်နှာ ချက်ချင်းပဲ သွေးရောင်ဖြန်းသွားပြီး

"မြို့ပတ်လည်မှာ ရန်သူအလုံးအရင်းကြီးစွာ သူတို့ ရံထားတယ်။ မင်းဘယ်လိုဝင်မှာလဲ အဲမွန်ဒယာ"

ကျုပ်ရဲ့ အစီအစဉ်တွေကို သုသျှင်ထံလျှောက်တင်လိုက်ပါတယ် . . . ။

(၃)

ကျောပြင်တစ်ခုလုံး ကျိန်းစပ်နာကျင်နေတော့တယ်။ သွေးစို့နေတဲ့ ကြိမ်ဒဏ်ရာတွေက အလျှိုး

အလျှိုးမြင်မကောင်းအောင် ပေါ်နေကြမှာပါ။ ဒါပေမယ့် - ဒီဒဏ်လောက်ကိုတော့ ကျုပ်မမှုပါဘူး။ ကြိမ်ရိုက်သူကိုလဲ 'မညာနဲ့-အားပါတရအစွမ်းကုန်သာရိုက်' လို့ ကျုပ်ပြောခဲ့တယ်။ အရေပြားကို ခွဲဟပြီး အသားထဲထိ နစ်ဝင်သွားအောင် အရိုက်ခိုင်းခဲ့တာမို့ ဖူးဖူးရောင်နေမှာလဲ သေချာတယ်။

ကျုပ်နောက်ကပါလာတဲ့ သူ့ရဲနှစ်ယောက်ကိုလဲ ကြိုပြောထားရတယ်။ မင်းတို့ ငါ့အရိပ်အခြေကြည့်နေကြ။ တစ်ခုပဲလုပ်။ တစ်ချိန်လုံးလုံးမျက်နှာတွေ သုန်မှုန်တင်းမာအောင်လုပ်ထားကြ-လို့. . . . ။

အင်းဝကင်းတပ်ရှိတဲ့ မြစ်ကမ်းသို့ ဆင်းသွားပြီး "ဟေး. . ငါတို့ ဟံသာဝတီတပ်ကပါ။ ရာဇဓိရာဇ်စစ်တပ်ကနေ ငါတို့ထွက်ပြေးလာတာ။ ရွှေနန်းရှင်သားတော်မင်းရဲကျော်စွာထံ ငါတို့ခစားမလို့ဟေ့. . 'လို့ အားကုန်ဟစ်လိုက်တယ်။ ဒီလိုနဲ့ပဲ ပင်းယသူကြီးကနေတစ်ဆင့် မင်းရဲကျော်စွာရှေ့မှောက်၊ ကျုပ်တို့ ရောက်ခဲ့ကြပါတယ်။

အင်းဝဘုရင့်သားတော် ငယ်ရွယ်ထက်မြက်လှတဲ့ စစ်သူရဲကောင်း ဥပရာဇာမင်းရဲကျော်စွာကို ကျုပ်ဟန်မပျက် ခစားလိုက်တယ်။

မင်းရဲကျော်စွာဟာ စစ်ရည်ဝသူ၊ စစ်အတွေ့အကြုံရင့်သူပါ။ ကျုပ်မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ သူမယုံသင်္ကာအပြည့်နဲ့ ကျုပ်ကိုစစ်မေးပါတယ်။ ကျုပ်ကလဲ မှင်မောင်းအပြည့်နဲ့ အစစ်ခံလိုက်ပါတယ်။

"ကျွန်တော့်နာမည် အဲမွန်ဒယာပါ။အရှင့်သားရာဇဓိရာဇ်ရဲ့ ရှေ့ပြေးတပ်မှာ ဗိုလ်မင်းအရာနဲ့ လိုက်ပါသူပါ။"

"မင်းအခု ထွက်ပြေးလာတာလား".

"ရာဇဓိရာဇ်ဟာ ကျွန်တော့်ကို အခြားသူများလို အမှုတော်ထမ်းကောင်းအတွက် ဆုလာဒ်မချီးမြင့်ပါဘူး။ ကျွန်တော်သက်စွန့်ကြိုးပမ်းထမ်းဆောင်ပေမယ့် အသိအမှတ်ပြုမခံရပါဘူး။ ဒီအထဲမှာ အမတ်ဒိန်က ကုန်းချောလို့ ကျွန်တော်အပြစ်ဒဏ်ခံရပါတယ်"

"အမတ်ဒိန်. . . . သူဟာ ပညာဉာဏ်ကြီးတဲ့ အမတ်တစ်ယောက်ပဲ။ သူက မင်းကိုဘာလုပ်ခဲ့သလဲ"

မင်းရဲကျော်စွာဟာ သံသယမေးခွန်းတွေကို မြားတံတွေလို တစ်စင်းပြီးတစ်စင်းပစ်လွှတ်နေတော့တယ်။ သူ့ကို ကော်ရုံနဲ့လှည့်စားမရဘူးဆိုတာ ကျုပ်သိလိုက်ပါတယ်။

"ပညာဉာဏ်ကြီးတဲ့ အမတ်ဟာ၊ ကောက်ကျစ်စဉ်းလဲမှုလဲပိုကြီးတတ်ပါတယ် အရှင့်သား။ ပြီးတော့ သင်းဟာ၊ ရာဇဓိရာဇ်နဲ့လဲ အကျွမ်းဝင်သူဆိုတော့ သူ့ကုန်းစကားတိုင်းဟာ ရာဇဓိရာဇ်ရဲ့ ဒေါသအပြစ်ကိုကောင်းကောင်းကြီး လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။ ရာဇဓိရာဇ်ဘုရင်ဆိုတာကလဲ ပင်ကိုယ်ကမှ အမျက်ဒေါသကြီးသူဆိုတော့ ကျွန်တော့်ကျောပြင်တစ်ခုလုံးကွဲအောင် ကြိမ်ဒဏ်ပေးပါတယ်။ ကျွန်တော် အဲမွန်ဒယာကျောကွဲတာထက် အသည်းကွဲတာက ပိုပါတယ်။

မင်းရဲကျော်စွာဟာ တင်းမာတဲ့ မျက်နှာနဲ့ပါ။ စစ်ကာလအတွင်း တစ်ဖက်ကနေ ပြေးဝင်ခိုလှုံလာတဲ့ ရန်သူ့ဘက်သားဆိုတာ ဘယ်လိုမှ မယုံရဘူးလို့ သူ့သွေးထဲက နေသိနေပုံပါပဲ။

"ဆက်တင်စမ်း"

"သင်းတို့ကို ကျွန်တော်အသည်းနာလှပါတယ်။ ဒါကြောင့် အတူဒုက္ခခံစားဘက်၊ ရဲမက်ရှစ်ယောက်တို့ကို အဖော်ညှိပြီး၊ အရှင့်သားတော် ဖဝါး

အောက်ခိုလှုံခစားရခြင်းပါ။ အမှုတော်ကို အသက်စွန့် ထမ်းပါ့မယ်။ ရာဇမိရာဇ်ရဲ့ စစ်တိုက်တဲ့အခါ၊ သူ့ရှေ့ပြေး တပ်တွေ ဖရိုဖရဲဖြစ်အောင်၊ ကျွန်တော်တိုက်ပေးလိုပါတယ်။ အမတ်ဒိန်ကိုလဲ လက်စားချေလိုလှပါတယ် အရှင့်သား"

မင်းရဲကျော်စွာ ပြုံးပါတယ်။ ဟန်ကျပြီလို့ ကျုပ်က ထင်လိုက်ပေမယ့်-သူပြောလိုက်ပုံက . . .

"အမတ်ဒိန်ဟာ သက်ကြီးရွယ်ကြီး ပညာရှိသေနာပတိကြီးတစ်ပါးပဲ၊ ပညာလဲကြီးသူပဲ။ ငါသိသပေါ့။ သူလိုပုဂ္ဂိုလ်မျိုးက မင်းလိုငယ်ငယ်ရွယ်ရွယ် ဗိုလ်မင်းတစ်ယောက်ကို ဝန်တိုပြီး ကုန်းချောတယ်ဆိုတာ ယုတ္တိမတန်ဘူး. .။ ဟော့. . . အဲမွန်ဒယာ မင်းငါတို့ကို ထောက်လှမ်းဖို့လာတာမဟုတ်လား။ မင်းဟာ ငါ့အတွက် ဆူးငြောင့်ခလုတ်ပဲ ဖြစ်ဖို့များတယ်"

ကျုပ်ဘာမှ ပြန်ဖြေစရာမရှိတော့ဘူး။ ဒါပေမယ့် အမူအရာတစိုးတစ်စေ့လေးမှမယွင်းရအောင် နေလိုက်တယ်။ မင်းရဲကျော်စွာက ပင်းယသူကြီးဘက်လှည့်ပြီး ပြောပါတယ်။

"အဲမွန်ဒယာကို ငါမယုံဘူး။ အထူးသဖြင့် စစ်အတွင်းပြေးလာတဲ့ ဗိုလ်ပါများကို ငါမယုံဘူး"

ပင်းယသူကြီးက လျှောက်ပြန်တယ် . . .

"ရွှေနန်းသခင် သားတော်စကားမှန်ပါတယ်။သို့သော်အကောက်ရှိသလို အဖြောင့်လဲရှိပါတယ်။ အဲမွန်ဒယာကျောကွဲအောင် ရာဇဒဏ်သင့်ထားတာ အထင်အရှားပါ။ ကောင်းသောစိတ်နဲ့လာတယ်လို့ ကျွန်တော်မျိုးမြင်ပါတယ်။

မင်းရဲကျော်စွာ ဒုတိယအကြိမ်ပြုံးပြန်တယ်။ ပြီးတော့ . . . .

"ပင်းယသူကြီး၊ သင်လူကြီးဖြစ်လျက်နဲ့ ဒီလောက်ဥပါယ်ကို မမြင်တတ်ပါလား။ သင် မဟော်သဓာဇာတ်မဖတ်ဖူးဘူးလား။ အနုကေဝဋ်လဲ ဒီလိုပဲ ကျောကွဲဒဏ်ရာနဲ့ စူဠနီဗြဟ္မဒတ်မင်းဆီ ဥပါယ်သုံးဝင်ထောက်လှမ်းတာပဲ။ အခု အဲမွန်ဒယာလာတာ အနုကေဝဋ်လာနည်းမျိုး"

ဒီဥပရာဇာဟာ၊ အသက်နုပေမယ့် အတွေးရင့်သားပါကလား။ သူ့ကို တော်ရုံနဲ့ လှည့်စားလို့ မလွယ်ဘူးလို့ တွေးရင်းနဲ့ ရန်သူဘုရင့်သားတော်ကို ကြိတ်ပြီးလေးစားလိုက်မိပါတယ်။

မင်းရဲကျော်စွာက ဆက်ဆိုပါတယ် . . .

"အေး. . . အဲမွန်ဒယာကို သတ်ပစ်ရင်လဲ၊ ခိုလှုံလာသူကို စီရင်ပစ်တယ်ဆိုတာ အစဉ်အလာပျက်မယ်။ ကျင့်ဝတ်နဲ့ မညီဘူး။ ပြန်ပို့ရင်လဲ ငါတို့ကြောက်ရာကျမယ်။ ဒီတော့ . . ."

ကျုပ်ရင်တထိတ်ထိတ်နဲ့ နားစွင့်နေရတယ်။

"ဒီတော့၊ အဲမွန်ဒယာတို့ကို သံခြေကျင်းခတ်ထား။ စစ်သူလျှိုဖြစ်တယ်ဆိုတာ တွေ့ရရင် သူရောသူ့လူတွေပါ ခေါင်းဖြတ်သတ်ပစ်မယ်"

ဒီလိုနဲ့ပဲ သံခြေကျင်းနဲ့ အကျဉ်းသားဖြစ်ခဲ့ရပါတယ်။

▰ ▰ ▰ ▰ ▰

(၄)

နောက်ဆုံးတော့ မင်းရဲကျော်စွာရဲ့ ထူထဲလှတဲ့ သံမဏိ သံသယတံတိုင်းကြီးကို ကျုပ်ရဲ့ ကြီးစွာသော စွန့်စားခြင်းလက်နက်နဲ့ ထိုးဖောက်နိုင်ခဲ့ပါတယ်။ ဒီလို ထိုးဖောက်နိုင်ဖို့ ကျုပ်မနည်းကြီး ကြိုးစားခဲ့ရတယ်။

အကျဉ်းတံခါးစောင့်ကနေတဆင့်၊ အင်းဝ

သေနာပတိထံကို ကျုပ်စကားပို့ခဲ့တယ်။ ကျုပ်ကို မယုံရင် အကျဉ်းချထားပါ။ ကျန်သူ့ရဲ့ရှစ်ယောက်ကို ထုတ်ပြီး ဟံသာဝတီတပ်နဲ့ တိုက်တဲ့တပွဲပွဲမှာ သုံးကြည့်ပါ။ ဒါမှ အမှန်သိပါမယ်လို့ . . . .

ကျုပ်ရဲ့ သူ့ရဲ့ရှစ်ယောက်ကိုလဲ အလေးအနက်ကြီးစွာ မှာထားရတယ်။ မင်းတို့ကို ထုတ်ပြီး စစ်တိုက်နိုင်းရင် ဟန်ဆောင်မတိုက်နဲ့ တကယ်သာတိုက်ကြ။ သေလုနီးပါး ဒဏ်ရာရထားပြီး သေတော့မယ့် မွန်စစ်သည်တွေကို ရအောင်ခုတ်၊ အဲဒီဦးခေါင်းတွေကို မင်းရဲကျော်စွာထံဆက်သကြ။ စိတ်ကြမ်းကြမ်းထားကြပေါ့ကွာ။ အဲ့ဒါမှ သူ့သံသယဧွေပျောက်မယ်လို့ အသေအချာမှာကြားအမိန့်ပေးရတယ်။

ဒီလိုနဲ့ပဲ ကျုပ်ကို အကျဉ်းဆက်ချထားပြီး ဟိုကောင်ရှစ်ယောက်ကို အပြင်ထုတ်၊ အင်းဝရဲမတ်ဝတ်စုံဆင်ပေး၊ တိုက်ပွဲဝင်နိုင်းတယ်။ ကျုပ်အကောင်တွေကလဲ ကျုပ်မှာထားတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ကြတော့ မင်းရဲကျော်စွာ သံသယတွေ ပပျောက်လွင့်စင်သွားတော့တယ်။

"အဲမွန်ဒယာဟာ - တကယ်ပဲ သူ့သခင် ရာဇမိရာဇ်ကို နာကျည်းပြီး ထွက်ပြေးလာတာအမှန်ပဲ။ သူ့လူတွေက တိုက်ပွဲမှာ ဟံသာဝတီရဲမက်တွေကို တကယ်ခုတ်သတ်တာပဲ။ ဥပါယ်နဲ့လာတယ်ဆိုရင် ကိုယ့်ဘက်သားကိုယ် ဘယ်သူ ဒီလိုလုပ်မလဲ"လို့ . . မင်းရဲ ကျော်စွာ အားရဝမ်းသာဆိုတယ်တဲ့။

မကြာခင် ကျုပ်ကိုလဲ အကျဉ်းက လွှတ်ပေးပါတယ်။ ပြီးတော့ ဟံသာဝတီတပ်နဲ့ တိုက်ဆိုပြီး အင်းဝဝတ်စုံဝတ်ဆင်ပေးတယ်။

ကျုပ်နဲ့ ကျုပ်လူရှစ်ယောက်၊ အင်းဝဝတ်စုံဝတ်လို့၊ တိုက်ရမှာက ကိုယ့်ဟံသာဝတီတပ်ကို ကိုယ်ပြန်တိုက်ရမှာ။ အင်း. . . အရေးကြီးတာက ဟံသာဝတီမြို့တွင်းဝင်နိုင်ဖို့အရေး. . . ။

လက်နှစ်ဖက်စလုံး ဓားလွတ်ကိုင်ပြီး၊ ကျုပ်တို့ကိုးယောက်၊ အင်းဝတပ်ရဲ့ ရှေ့ဆုံးက ချီခဲ့ကြတယ်။ မွန်တပ်နဲ့ နီးလာတော့ ကျုပ်ခေါင်းပေါင်းကို ချွတ်ပြီး ပစ်လိုက်တယ်။ ကျုပ်လူတွေလဲ ကျုပ်အတိုင်းလိုက်လုပ်ကြပြီးတော့ ကျုပ်တို့အသံကုန်ဟစ်ကြတယ်။

"ဟေး. . . ငါတို့ အဲမွန်ဒယာနဲ့ ရှစ်ယောက်မြို့တွင်း - ပြေးဝင်ခဲ့မယ်။ ငါတို့မွန်တွေဟေ့. . ."

ကျုပ်တို့မြို့တွင်းဝင်ပြီးရော မြို့တံခါးပိတ်လိုက်ကြတယ်။ မြို့ပြင်မှာတော့ အင်းဝတပ်ဟာ အံ့ကြခြင်းကြီးစွာနဲ့ကျန်ရစ်ခဲ့ပြီလေ။

ကျုပ်ကတော့ သုသျှင်သားတော် ဗညားကျန်းရှေ့မှောက်တစ်ခါတည်းဝင်ပြီး အရေးကြီးလှတဲ့ စစ်သတင်းကို လျှောက်လိုက်တော့တယ်။

"ယခုအခါ ခမည်းတော် သုသျှင်ဇာတာတော်သန့်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းပြီဖြစ်လို့၊ မုတ္တမကခွာခဲ့ပါပြီ။ သန်လျင်မှာ စခန်းချနေပါပြီ။ အပြင်ကနေပြီး မင်းရဲကျော်စွာတပ်ကို တိုက်ဖို့ချီလာပါပြီ။ ဒီသတင်းကို အရှင့်သားသိရအောင်၊ ကျွန်တော့်ကိုစေလွှတ်ပါတယ်။ ကျွန်တော် ဥပါယ်သုံးပြီး၊ မြို့ကိုရံထားတဲ့ အင်းဝတပ်ထဲ အရောက်ဝင်၊ မင်းရဲကျော်စွာကို လှည့်စားပြီးမှ မြို့တွင်းဝင်၊ အရှင့်သားရှေ့မှောက် အရောက်လာခဲ့ပါတယ်။ သုသျှင်ဟာ လဆန်းသုံးရက်၊ သောကြာနေ့မှ စစ်မကြီးချီပြီး အနောက်ဘက်က စတိုက်ပါလိမ့်မယ်။ အဲဒီနေ့မှာ မြို့တွင်းကလဲ အသင့်စီမံပြီး အင်းဝတပ်ကို နှစ်ဖက်ညှပ်တိုက်ဖို့ပါ အရှင့်သား. . . ."

✻ ✻ ✻ ✻ ✻

## (၅)

အင်းဝဥပရာဇာမင်းရဲ့ကျော်စွာ ဘယ်လောက်ဒေါသပေါက်ကွဲလေမလဲမသိ။ အပြင်ကရုံထားတဲ့ အင်းဝတပ်အခြေအနေကို ကြည့်ဖို့ မြို့ရိုးထိပ်ကို ကျွပ်တက်လိုက်တာနဲ့ ကျွပ်ကိုမြင်လိုက်ကြပြီဆိုရင်လဲ အင်းဝတပ်သားတွေဆီက ဆဲသံတွေဟာ မိုးမွှန်နေတော့တယ်။

"အဲမွန်ဒယာ လူလိမ်၊ လူကောက်၊ လူစဉ်းလဲ" တဲ့

"ပလီပလာတွေပြော၊ လှည့်စားပြီး မြို့တွင်းဝင်ပြေးတဲ့အကောင်" တဲ့

"ငါတို့ သခင်အရှင့်သားက၊ နင့်ကို မိအောင်ဖမ်းပြီး ရင်ကိုခွဲ အသည်းကိုထုတ်မယ်ဟေ့. . . " တဲ့

ကျွပ်လဲ မြို့ရိုးထိပ်ကနေ ပြန်ဟစ်လိုက်တယ်။

"ငမိုက်သားတွေ. . အရှက်မရှိတဲ့အကောင်တွေ၊ ဟံသာဝတီကို မင်းတို့ရမယ်ထင်သလား၊ မြို့တွင်းဝင်နိုင်ခဲ့တဲ့ ငါအဲမွန်ဒယာဟာ၊ နက်ဖြန်မိုးသောက်ရင် မြို့ပြင်ပြန်ထွက်ခဲ့မယ်ဟေ့. . ."

ပြီးတော့အရှင့်သား ဗညားကျန်းကို ကျွပ်သံတော်ဦးတင်လိုက်တယ်။

"အရှင့်သား၊ ကျွန်တော်အရေးကြီးတဲ့ စစ်သတင်းကို ပို့ပြီးလို့ မိုးသောက်ရင် သုသျှင်ဆီပြန်ပါတော့မယ်"လို့

ဗညားကျန်းကိုယ်တော် အံ့အားသင့်သွားပါတယ်။

"ဟင်-မင်းက ပြန်ထွက်ဦးမလို့လား"

"မှန်ပါတယ်. . အရှင့်သား၊ ကျွန်တော့်တာဝန်ဟာ အရှင့်သားဆီ သတင်းလာပို့ဖို့ပါ။ ဟိုမှာ ကျွန်တော့်ရဲ့ ရှေးပြေးတပ်လဲရှိနေပါသေးတယ်။ ကျွန်တော် ပြန်ထွက်ရပါမယ်"

"မင်း. . . ဘယ်လိုလုပ်ပြန်ထွက်မလဲ။ အဲမွန်ဒယာ ခုချိန်ဆို သူတို့အင်းဝတပ်တွေအနေနဲ့ မြေပြင်ဆိုလဲ ပိလားကောင်၊ ကောင်းကင်ဆိုလဲ ငှက်တစ်ကောင်တောင်ဖြတ်လို့မရအောင် အစေ့အစပ်စောင့်နေကြပြီး မင်းမြေသျှိုးမလား၊ မိုးပျံမလား၊ ကိုယ်ပျောက်မလား"

အရှင့်သား ဗညားကျန်းဟာ အံ့ဩခြင်း၊ စိုးရိမ်ခြင်းတွေနဲ့ ကျွပ်ကို စေ့စေ့ကြည့်ရင်း မေးပါတယ်။

ကျွပ်ရဲ့အကြံအစည်ကို လျှောက်တင်လိုက်ပါတယ်။

အထပ်ထပ်၊ ကွက်ညှပ်ဆော်ဖန်ထားတဲ့ အင်းဝတပ်တွေ အကြားက၊ ထိုးဖောက်ပြန်ထွက်နိုင်ဖို့ ကျွပ်လိုချင်တဲ့ ပစ္စည်းကရိယာတွေကို တောင်းဆိုလိုက်ပါတယ်။

"အရှင့်သား၊ ငှက်မျောဖောင်တစ်ခုရယ်၊ ဝါးကပ်နှစ်ခုရယ်၊ ဖျာတစ်ချပ်ရယ်၊ အဝတ်ဖြူတစ်ထည်ရယ်၊ ပျားရည်ရယ်၊ ငါးပုပ်တွေရယ်၊ လိုပါတယ်။ ပြီးတော့"

ကိုယ့်စိတ်ကူးကိုယ်ပြန်သုံးသပ်ရင်း ဆက်လျှောက်လိုက်တယ်။

"မိန်းမသူတစ်ယောက်လဲ လိုအပ်ပါတယ်။ သူ့ဆံပင်တွေအဆုံးခံပြီး ဦးပြည်းခေါင်းတုံးရိတ်စေရပါမယ်"

* * * * *

## (၆)

နောက်နေ့မိုးသောက်မှာတော့. . ဟံသာဝတီမြို့တံခါးတစ်ခု အဖွင့်မှာ မြို့ထဲက မသာအလောင်းတစ်ခုထွက်လာခဲ့တယ်။

ငှက်ပျောဖောင်ပေါ်မှာ ဝါးကပ်နှင့်၊ ဝါးကပ်ပေါ်မှာ အဝတ်ဖြူခင်းလို့၊ အဲဒီအဝတ်ဖြူပေါ်မှာ မသာ

အလောင်း။ အလောင်းပေါ်မှာ ထပ်ပြီး ဝါးကပ်တစ်ခု ထပ်ဖုံး၊ ဝါးကပ်ဖုံးအောက်အလောင်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ ငါးပုပ်တွေတင်လို့. . ။ ဝါးကပ်ပေါ်မှာ ပျားရည်တွေဆမ်းလို့။

ဒီဖောင်ပေါ်၊ ဝါးကပ်အောက်က မသာအလောင်းကတော့၊ ကျုပ်ကိုယ်တိုင်ပါပဲ။ ကျုပ်ဘေးတစ်ဖက်ဆီမှာတော့ လက်စွဲတော်ဓားရှည်နှစ်လက်။

အလောင်းတင်တဲ့ ဝါးကပ်ကို မြို့တွင်းကထမ်းအထုတ်မှာတော့၊ နောက်ဖက်က အသံတစ်သံလဲ အဆက်မပြတ်။ အသံက မိန်းမသူတစ်ဦးရဲ့ ဆို့ဆို့နစ်နစ် ရှိုက်ကြီးတငင်ငိုသံပါ။

အင်းဝတပ်တွေနဲ့ နီးလာတဲ့အခါ ငိုသံက ပိုကျယ်လာတယ်။

"အို. . ကျေးဇူးရှင်ကြီးရဲ့။ အေးအတူပူအမျှ လင်ကိုယ်မယားနှစ်ယောက် ဒီစစ်ဘေးက လွတ်အောင် ပြေးကြမယ်ဆို။ အခုတော့ တော်တကယ်ပဲ အလွတ်ရုန်းပြေးပြီလား ကျေးဇူးရှင်ကြီးရဲ့. . ."

ဝါးကပ်အောက်မှာ လိုက်ရင်း ငိုသံကို ကျုပ်အရသာခံ နားစွင့်နေမိတယ်။

"အို. . . ငါ့လင်သခင်ကြီးရဲ့၊ စစ်ကြီးပြီးအောင် မစောင့်တော့ဘူးလားတော့။ ကျုပ်တစ်ယောက်တည်း ထားခဲ့ပြီလားတော့"

ငိုသံရှိုက်သံပိုကျယ်လာတဲ့အတွက် အင်းဝတပ်တွေနဲ့ နီးလာပြီလို့ ကျုပ်သိလိုက်တယ်။ ဝဲယာနှစ်ဖက်ချထားတဲ့ ဓားနှစ်စင်းက ဓားရိုးတွေကို တင်းတင်းကြီးဆုပ်ထားလိုက်တယ်။ နေရာမကျခဲ့ရင် ချက်ချင်းထခုတ်နိုင်အောင်လို့။

"အောင်မယ်လေး. . . ကျေးဇူးရှင်ကြီးရဲ့။ အသေဆိုးလေခြင်း၊ ကိုယ့်လင်အလောင်းမို့၊ မြေလဲမြှုပ်လို့မရပါလား။ ထုံးစံအတိုင်းဆိုပြီး ရေလဲမျှော်လို့မရပါလား။ ရိုးရိုးသေရင် မီးသင်္ဂြိုလ်လို့ကရပါပေရဲ့။ အခုတော့. . ."

မိန်းသူအသံဟာ အမြင့်ဆုံးနဲ့ အဆို့နစ်ဆုံးရောက်လာတယ်။ အင်းဝတပ်တွေနဲ့ အနီးဆုံး. . . အင်း. . ဓားတစ်ကမ်းနေရာရောက်လောက်ပြီ။

"အခုတော့. . အောင်မယ်လေး. . . ရိုးရိုးမသေပဲ ကျောက်ပေါက်ပြီးသေရလေခြင်း၊ စစ်ကြီးကိုကြောက်ရာကနေ အကြောက်လွန်ပြီး ကျောက်ကြီးပေါက်လို့ သေရတဲ့ ကျေးဇူးရှင်ကြီးရဲ့. . လေး. . ."

ဝါးကပ်စင်အောက်ဖက် နိမ့်သွားတယ်။ မြစ်ဆိပ်ရောက်ပြီ။ ဝါးကပ်နဲ့ ငှက်ပျောဖက်ကို၊ မြစ်ဆိပ်ရေကြောင်းမှာချလိုက်ကြပြီ။ အင်း. . မြစ်ထဲမှာက အင်းဝကင်းလှေတွေအပြည့်။ ဒီစစ်လှေတွေကြားထဲ၊ ကျုပ်ရဲ့ငှက်ပျောဖောင်က မျောသွားရမှာ. . .

"သွားပေတော့. . လင်ကြီးရေ။ နောင်ဖြစ်လေရာဘဝတိုင်းမှာ ခုလိုကျောက်ရောဂါဆိုးကြီးနဲ့ အသေဆိုး မသေပါစေနဲ့လို့ ကျုပ်ဆုတောင်းလိုက်ပါရဲ့။ အောင်မယ်လေး. . ကျုပ်တစ်ယောက်တည်း ဘယ်ပြေးရပါ့မလဲ။ ကျုပ်ကိုရော ဘာကြောင့် ကျောက်ပေါက်ပြီးမသေရတာလဲ။ တော့သာ ကျောက်ပေါက်ပြီး အသေဆိုးနဲ့သေရ. . . ."

မိန်းမသူအသံဟာ နစ်ဝင်သွားတယ်။ သူမူးမေ့လဲကျသွားတဲ့ ပုံပါပဲ။ ကျုပ်ရဲ့ငှက်ပျောဖောင်လဲ မြစ်ကြောင်းအတိုင်း စမျောခဲ့ပြီ။ ဓားရိုးပေါ်မှာတော့ လက်ချောင်းတွေ တင်းတင်းကြပ်ကြပ်. . ။

"ဟော့. . ဟော့. . . သွေးသောက်တို့၊ အဲဒီမှာ ငှက်ပျောဖောင်တွေ့လား၊ ဝါးကပ်နဲ့လေ။ အဲ. . အဲဒါကြီး အနားကပ်မခံနဲ့။ အောက်ကအလောင်းဟာ ကျောက်ပေါက်သေထားတဲ့ဟာဗျို့"

ငှက်ပျောဖောင်ဟာ ချွေ့ကနဲရွေ့သွားတယ်။ ကင်းလှေပေါ်က အင်းဝရဲမက်တွေ လုံရှည်နဲ့၊ ဝါးလုံးရှည်နဲ့ ထိုးထုတ်လိုက်ကြပုံပါပဲ။ သတိကြီးစွာနဲ့ အံကိုကြိတ်၊ ဓားရိုးတွေဆုပ်ထားတဲ့ကြားက၊ ကျုပ်တစ်ချက်ပြုံးလိုက်မိပါရဲ့။ ဩ. . . ကျောက်ရောဂါကိုတော့ ကြောက်ကြသား။ အင်း. . . သတ္တန္တရကပ်ဘေးထဲမှာ ရောဂန္တရကပ်ကို ထပ်ကြောက်ကြတယ်လေ။

"ဟေ့. . ဟေ့. . ရဲမက်။ အဲဒါကျောက်ရောဂါနဲ့ သေတဲ့မသာတဲ့။ အနားမရောက်စေနဲ့. . . လှမ်းထိုး လွှတ်လိုက်။ အမလေး . . . ပုပ်လိုက်တာလဲဟောင်လို့။ ယင်တွေကလဲတလောင်းလောင်း။ ထွီ. . . ကင်းလှေ လှည့်ပါတယ်။ ရန်သူနဲ့မတွေ့ပဲ။ ကျောက်ပေါက်သေတဲ့ အလောင်းကောင်နဲ့မှ တွေ့ရတယ်လို့. . ."

ငါးပုပ်တွေကနံ၊ ပျားရည်ကြောင့် ယင်တွေကလဲ တလောင်းလောင်း။ ပုပ်ပေမပေါ့။ သင်းတို့ရွံမယ်၊ ကြောက်မယ်ဆိုလဲ ရွံစရာ၊ ကြောက်စရာပ။

"ဟုတ်ပ့ါဗျာ။ မွန်သူရဲ အဲမွန်ဒယာနဲ့ ကိုယ်ချင်းတွေ့ချင်တာ။ ဘယ်ကကျောက်ပေါက်တဲ့မသာနဲ့ လာတွေ့ နေရသလဲမသိပါဘူး။ ဟေ့ . . သွေးသောက်မြန်မြန်ထိုးလွှတ်လိုက်စမ်းပါဟာ။ မြစ်အလယ်ရောက်အောင် ထိုးလိုက်စမ်းပါ။ နံလွန်းလို့. . ထွီ"

ဒီလိုနဲ့ပဲ ငှက်ပျောဖောင်ဟာ ဟိုလှေက တွန်းထုတ်၊ ဒီလှေက ထိုးလွှတ်နဲ့ မြစ်တစ်ကွေ့ကို ရောက်ခဲ့ပါတယ်။ အင်းဝရဲမက်တွေ အသံတွေလဲ မကြားရတော့ဘူး. . .။ ဒီအခါမှာ. . .

ဝါးကပ်ကိုခွဲ ငှက်ပျောဖောင်ကို ကမ်းရောက်အောင်လှော်၊ ဓားဆွဲပြီး ကုန်းပေါ်တက်ခဲ့တယ်။ ကုန်းပေါ်ခြေချမိတာနဲ့ ကျုပ်ရဲ့ သုသျှင်ရှိရာ. . သန်လျင်ဆီကို မနားတမ်း. . ခြေကုန်သုတ်။

◉ ◉ ◉ ◉ ◉

(၇)

မင်းရဲကျော်စွာတပ်တွေက ဟံသာဝတီမြို့တံခါးနားသွားပြီး ဆဲဆိုအော်ဟစ်ခဲ့ကြပါသတဲ့။ ဟေ့. . အဲမွန်ဒယာမြို့တွင်းက ထွက်မယ်ဆို. . . ထွက်ပါတော့လား။ ကြောက်သွားပြီလားတဲ့။

ဒီတော့. . . မြို့ရိုးထိပ်က ကျုပ်ရဲ့ဟံသာဝတီတပ်သားတွေကလဲ ဟက်ဟက်ပက်ပက်ရယ်ပြီး ပြန်ဟစ်ခဲ့ကြသတဲ့။ ဟဲ့. . ငကန်းတွေ၊ ငမိုက်တွေ၊ အဲမွန်ဒယာထွက်သွားပြီဟဲ့. .။ မမြင်လိုက်ကြဘူးလား။ ခုဆို သုသျှင်ရှိရာသန်လျင်ကို ရောက်လောက်ပြီ။ မယုံရင်သွားကြည့်ကြဟဲ့. . . တဲ့။

တကယ်ပဲ မင်းရဲကျော်စွာအမိန့်နဲ့ သူတို့ဗိုလ်တစ်ယောက်သန်လျင်ကို ရောက်လာခဲ့ပါတယ်။ သုသျှင်ကို ပဏ္ဏာဆက်ပြီး အဲမွန်ဒယာရောက်ပါသလားတွေ့ပါရစေလို့ ခွင့်တောင်းပါတယ်။

သုသျှင်အမိန့်နဲ့ ကျုပ်ထွက်ရပ်ပြလိုက်ပါတယ်။

အင်းဝဗိုလ်ဟာ မျက်လုံးတွေကျွတ်ကျမတတ်။ ကျုပ်ကိုစူးစိုက်ကြည့်ရင်း. . . ဩော် အဲမွန်ဒယာ တကယ်ကို ထွက်လာနိုင်ခဲ့ပါလားလို့ ရေရွတ်ပြီး။ မင်းရဲကျော်စွာအမိန့်အတိုင်း ကျုပ်အတွက် ရွှေကနဲ့မြင်းတစ်စီးဆုချပါတယ်။

သုသျှင်ရာဇဓိရာဇ်ကလဲ ကျုပ်သန်လျင်ပြန်ရောက်ရောက်ချင်းပဲ ချီးမွမ်း အားရစကားဆိုပြီး ဆုလာဘ် များစွာပေးသနားတော်မူပါတယ်။

"အဲမွန်ဒယာ. . . မင်းဟာ တကယ်လိမ်မာကျွမ်းကျင်သူ၊ ဉာဏ်ထက်မြက်သူ၊ သူရသတ္တိနဲ့ ပြည့်စုံသူ. . တကယ့် သူရဲကောင်းပါပဲ. . . "တဲ့။

✣ ✣ ✣ ✣ ✣

(၈)

သုသျှင်ပေးသနားတဲ့ ဆုလာဘ်တွေ မင်းရဲ ကျော်စွာဆုချတဲ့ ရွှေကနဲ့မြင်း၊ ပြီတော့ အရှင့်ရဲ့ ချီးမွမ်း စကား. . ဒါတွေကို လက်ခံရယူရင်းနဲ့ ကျုပ်. . မတွေး ပဲမနေနိုင်တဲ့ အတွေစတစ်ခုက ခေါင်းထဲကို တွန်းတိုး ရောက်လာခဲ့တော့တယ်။

သူရဲကောင်း အဲမွန်ဒယာတဲ့ . .

လိမ်မာကျွမ်းကျင်သူ. . ထက်မြက်သူ. . တဲ့ -

သူရသတ္တိနဲ့ပြည့်စုံသူ. . တဲ့ -

သူရသတ္တိ. . . သူရသတ္တိဆိုတာ ဘာလဲ။

ဆင်မြင်း၊ ဓား၊ ဓားလှံ၊ လေးမြား၊ အဲမောင်း၊ ပုဆိန်. . ။

စစ်ထိုး၊ စစ်ခံ၊ စစ်ဆုတ်၊ စစ်မြူ၊ စစ်ကပ်၊ စစ်ခွာ၊ သေနင်္ဂရဲသွေးစွေးစွေးနီ. . . ။ အရှင့်သခင့် အမိန့်ကို ဦးလည်မသုန်နာခံ၊ အသက်သွေးအပ်နှင်းလို့ အမှုကုန်ထမ်းရွက်. . . ။

လက်ရုံးစွမ်း၊ နှလုံးစွမ်း၊ သစ္စာစောင့်သိခြင်း။ သုသျှင်၊ တပ်မင်းကြီးသမိန်ဗြဓ္မ၊ အမတ်ဒိန်၊ မင်းကန်စီ၊ လဂွန်းအိန်၊ သမိန်ဗရမ်း ပြီးတော့ကျုပ် အဲမွန်ဒယာ. . ။

ကဗ္ဗည်းရာဇဝင်အက္ခရာတင်ကျန် ရစ်ကြမှာ တဲ့လား၊ မော်ကွန်းထိုးရမယ့်. . သူရဲကောင်းတွေတဲ့ လား။ ဟုတ်ပါလိမ့်မယ်။

သို့ပေမယ့်. . ကျုပ်ပြောလိုက်ချင်ပါရဲ့။ ပြော လိုက်ပါပေရဲ့။

အင်းဝတပ်ကို ပရိယာယ်နဲ့ အလောင်းကောင် ဟန်ဆောင်ဖောက်ထွက်ခဲ့တဲ့အရေးမှာ. .

ငှက်ပျောဖောင်၊ ဝါးကပ်နောက်ကနေ လိုက်ပါ ခဲ့တဲ့ အမည်မသိ ဟို-မိန်းမသူလေးတစ်ယောက်ကော။ သူ့ဆံပင်အဆုံးခံလို့. . . ။ မိန်းမသူတန်မဲ့ ဦးပြည်းကတုံး ရိတ်၊ ရန်သူတွေအကြား မရှုံ့မရှားဝင်။ သူနဲ့ဘာမှ မဆိုင်လေတဲ့ အဲမွန်ဒယာကို သူ့လင်အမှတ်ပြု။ ရှိုက်ကြီး တငင်၊ ငိုကြီးချက်မ တကယ့်သရုပ်ပါအောင် အော်ဟစ် မြည်တမ်းခဲ့တဲ့ မိန်းမသူတစ်ယောက်။

သူ. . ဘယ်သူလဲ။ သူ့နာမည်ဘာလဲ။

ဝါးကပ်ပေါ်က အလောင်းကို မသင်္ကာလို့ အင်းဝရဲမက်တွေက ထိုးလှန်စစ်ဆေးခဲ့ရင် ကျုပ်က ဓားနှစ်စင်းဆွဲပြီး၊ ဝုန်းခနဲ ခုန်ထ၊ သူသေကိုယ်ကြေ အတင်းထိုးဖောက်နိုင်တယ်ထား။

ဟို. . မိန်းမသူခမြာ. . . အင်းဝဓားလှံချက် တွေ အောက်မှ မရှုမလှပျက်စီးရမှာ မုချ။

သူရဲကောင်း အဲမွန်ဒယာရဲ့ စွန့်စားခန်းကို သုသျှင်ရာဇဓိရာဇ်ကရော၊ အင်းဝမင်းရဲကျော်စွာကပါ ချီးမွမ်းထောပနာပြုကြရဲ့။ ချပ်မိန်မဝတ်၊ ဓားမစွဲ၊ လှံ မကိုင်လေပဲ။ ဆံပင်အဆုံးခံ၊ ဦးပြည်းရိတ်ပြီး ရန်သူ စစ်သည်တွေအကြား သဏ္ဍာန်လုပ်သရုပ်တူစွာနဲ့ အော်ဟစ်ငိုယိုပေးခဲ့ရင်း ဝါးကပ်နောက်ကလိုက်ပါပေးခဲ့ တဲ့. . . အဲဒီ. . အမည်မသိ မိန်းမသူကလေး ကော. . ။

လဆန်းသုံးရက်၊ သောကြာနေ့. . ကျုပ်တို့ စစ်မကြီးချီလို့၊ ဟံသာဝတီကို ဝိုင်းရံထားတဲ့ မင်းရဲ ကျော်စွာတပ်ကို တိုက်ပြီးရင်တော့ ဟံသာဝတီမြို့တစ် နေရာ. . က။ ဦးပြည်းကတုံးနဲ့ မိန်းကလေးတစ်ယောက် ကို ကျုပ်မတွေ့တွေ့အောင် ရှာရလိမ့်မယ်။

ဟင့်အင်း. . . မဟုတ်ရပါ။ သူ့ကို ဇနီးမယား အဖြစ် သိမ်းပိုက်ဖို့ မဟုတ်ရပါ။ သူ့ကို တွေ့ရင် သူ့ကို အနူးအညွတ်စကားပြောဖို့ပါ။ ပြီးတော့. . . သူ့ရှင် ရာဇဓိရာဇ်ရှေ့မှောက်အရောက် သူကလေးကို အရ ခေါ်သွင်းရပါမယ်. . . ပြီးတော့။

သူ့ကို ကျေကျေနပ်နပ်ကြီးနဲ့ တလေးတစား နဲ့ ကျုပ်ဂုဏ်ပြုစကားပြောရပါမယ်။

"မိန်းကလေးရယ်. . . အညတရ ပြည်သားလူထုထဲ ကနေပြီး ဘာဆုလာဘ် ဘာပဏ္ဍာမှ မမျှော်ကိုး. . . ကိုယ့်အသိနဲ့ကိုယ် ရှုပ်ရှုပ်ချွံချွံအမှုထမ်းခဲ့လေတဲ့ မင်းတို့တွေရဲ့ သူရသတ္တိကို ငါ. . သူရဲကောင်းကြီး အဲမွန်ဒယာက ဟံသာဝတီသူရဲကောင်းစစ်သည်ကြီး များအားလုံးကိုယ်စား ဦးညွှတ်ပါတယ်"လို့. . . ။

ချမိုးဦး

ရာဇဓိရာဇ်အရေးတော်ပုံကျမ်း-နိုင်ပန်းလှ
[စာ-၃၄၃-မှ -၃၅၃-အထိ ကိုးကားပါသည်]





# မွန်အမျိုးသားနေ့ နှင့် မွန်ဘိုးချို

ဒေါက်တာ မင်းနွယ်စိုး

# မွန်အမျိုးသားနေ့ နှင့် မွန်ဘိုးချို

ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်နေ့သည် မွန်အမျိုးသားနေ့ ဖြစ်ပါသည်။ ထူးထူးခြားခြား မွန်အမျိုးသားနေ့ သတ်မှတ်ခဲ့သည့် နှစ် (၅၀)ပြည့်သော နှစ်လည်းဖြစ်ပါသည်။ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် နှစ်(၅၀)ပြည့် အခမ်းအနားကို ကျင်းပနိုင်ရန် ပြင်ဆင်နေကြပြီလည်း ဖြစ်ပါသည်။ အချို့ နှစ်(၅၀)ပြည့်အခမ်းအနားကို မွန်ဘာသာအားဖြင့် "သဘင်ရတုထဝ်"၊ အချို့က "သဘင်ရတ်ထဝ်" စသည်ဖြင့် ခေါ်ဝေါ်ကင်ပွန်းတပ်ကြပါသည်။ မွန်အမျိုးသား လှုပ်ရှားမှုအနက် နှစ်(၅၀)ပြည်ခဲ့ပြီးသော သတ်သတ်မှတ်မှတ်ပြဋ္ဌာန်းခဲ့သော အခမ်းအနား၊ လွန်ခဲ့သောကာလနှစ်များတွင် မရှိခဲ့သဖြင့် ယခုကြုံတွေ့ရသော နှစ်(၅၀)ပြည့် မွန်အမျိုးသားနေ့ ရွှေရတုသဘင်သည် ထူးခြားသော သမိုင်းမှတ်တိုင်နှစ်ဟု ဆိုရမည် ဖြစ်ပါသည်။

၁၈၂၅ ခုနှစ်တွင်ဖြစ်ပွားခဲ့သော အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး ၁၈၂၆ ခုနှစ် မြင်းခြံခရိုင်၊ ရန္တပိုကျေးရွာတွင် ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ်အရ မွန်တို့၏ဒေသ တနင်္သာရီသည် ရခိုင်ပြည်နယ်နှင့်အတူ ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက်ခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး ဗြိတိသျှတို့၏လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်သွားခဲ့ပါသည်။

နယ်ချဲ့စနစ်လက်အောက်သို့ ကျရောက်ခဲ့သော မွန်အမျိုးသားများသည် အခြားတိုင်းရင်းသားများနည်းတူ နယ်ချဲ့များကို ဆန့်ကျင်ခဲ့ရာတွင် မွန်အမျိုးသား ဦးချစ်လှိုင်သည် ထင်ရှားခဲ့သူတစ်ဦးဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ မွန်အမျိုးသားတို့သည်လည်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာခဲ့ပါသည်။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် "ရာမညတိုင်းလုံးဆိုင်ရာမွန်အဖွဲ့ချုပ်" ကို မွန်အမျိုးသားတို့၏ ပထမဆုံးသော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းပြီး အမျိုးသားရေးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ပထမဆုံးသော ဥက္ကဋ္ဌသည် နိုင်ကျန် (ပဲခူး) ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် သစ်တောပညာဌာနပါမောက္ခဟောင်း၊ တက္ကသိုလ်မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ နာယကဖြစ်ခဲ့သူ နိုင်ထွန်းကျော်၏ဖခင်ဖြစ်ပါသည်။ မွန်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာဖြင့် ဘုလက်တင်ထုတ်ဝေခြင်း၊ မွန်အမျိုးသားတို့၏ အမည်နာမရှေ့တွင် မွန်တပ်၍မှည့်ခေါ်ရန် လှုံ့ဆော်စည်းရုံးခြင်း၊ မွန်ပရိယတ္တိသာသနာကို အားပေးခြင်း၊ မွန်လူငယ်များကို စုစည်း၍ မွန်စာပေသင်ကြားခြင်း၊ ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးလက်ထက် "တလိုင်း" အစား "မွန်" ကို သုံးစွဲရန် ပြန်တမ်းဆာကြူလာအမှတ် ၅၄၇/ဒီည ထုတ်ပြန်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူလတန်းတွင် မွန်စာပေကို အပိုဘာသာအဖြစ် သင်ကြားခွင့်ရရှိရန် ဆောင်ရွက်ခြင်း၊ မွန်ပညာအုပ်ခန့်ထားခြင်း၊ မွန်ဖတ်စာများ ရိုက်နှိပ်ခြင်း၊ ပါဠိပထမပြန်စာမေးပွဲတွင် မွန်ဘာသာဖြင့် ဖြေဆိုခွင့်ရရှိရန် ကြိုးပမ်းခြင်း၊ ဝန်ကြီးချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် မွန်ရေးရာအဖွဲ့ ဖွဲ့စည်းရန် ကြိုးပမ်းခြင်း၊ မွန်ဘာသာကို မော်လမြိုင်ကောလိပ်တွင် သင်ကြားခွင့်ရရန် ကြိုးပမ်းဆောင်ရွက်ခြင်းတို့သည် ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများပင်ဖြစ်ပါသည်။ ထိုသို့ ပထမဦးဆုံး ဖွဲ့စည်းခဲ့သော မွန်အမျိုးသားတို့၏ ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်တွင် မွန်ဘိုးချိုသည် အမှုဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် မွန်တိုင်းရင်းသားအစည်းအရုံး၊ မွန်လူမျိုးရေးရာအဖွဲ့ချုပ်၊ သန့်ရှင်းမွန်အမျိုးသားအဖွဲ့ချုပ်၊ ဟိတဂဝေသီမွန်သံဃာအဖွဲ့ချုပ်၊ မွန်အမျိုးသား[illegible] ပေါင်းစု၊ မွန်ပြည်သူ့တပ်ဦး စသည့်အဖွဲ့များသည် မွန်အမျိုးသားရေးရာလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသော အစည်းအရုံးအဖွဲ့အစည်းများ ဖြစ်ကြပါသည်။

ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်အမှူဆောင်တစ်ဦးဖြစ်ခဲ့သော မွန်ဘိုးချိုသည် ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် မွန်တိုင်းရင်းသား အစည်းအရုံးကို ဗဟန်း၊ ရေတာရှည်မွန်ကျောင်း၌ ဖွဲ့စည်းတည်ထောင်ကြသည်။ မွန်ဘိုးချိုသည် ပထမဦးဆုံးသော ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မွန်တိုင်းရင်းသား အစည်းအရုံးသည် ဖဆပလအဖွဲ့ချုပ်နှင့်ဆက်သွယ်ပြီး ဥက္ကဋ္ဌ မွန်ဘိုးချိုနှင့် အတွင်းရေးမှူး မွန်သန်းတို့သည် ဖဆပလအဖွဲ့ချုပ်တွင် အမှုဆောင်များဖြစ်လာကြပါသည်။ မွန်တိုင်းရင်းသားအစည်းအရုံးသည် ဖဆပလအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်နေသကဲ့သို့ ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်တွင်လည်း ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ မတ်လ သွေးဆေးကန်မွန်ကျောင်းတွင်ကျင်းပသော ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်၏ ညီလာခံတွင် ပညာမင်းကြီးအနေဖြင့် မည်သူမျှ နိုင်ငံရေးမလုပ်ရ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံရေးလုပ်သူများအဖွဲ့ချုပ်တွင် မပါဝင်သင့်ဟူသော ဆုံးဖြတ်ချက်အရ မွန်ဘိုးချို၊ မွန်သန်း၊ မွန်ထွန်းရင်တို့သည် ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်မှ နှုတ်ထွက်ခဲ့ကြသည်။

၁၉၄၆ ခုနှစ် ကုန်ခါနီးတွင် မွန်တိုင်းရင်းသားအစည်းအရုံး ညီလာခံကို ကျိုက္ကမီခရိုင်၊ ပင်ကျေးရွာဘလောက်ကျောင်းဝင်းတွင် ကျင်းပပြီး ညီလာခံမှ ချမှတ်ခဲ့သောဆုံးဖြတ်ချက်များအနက် အဓိကဆုံးဖြတ်ချက်တစ်ရပ်ကို အဆိုတင်သွင်းဆုံးဖြတ် လက်ခံအတည်ပြုခဲ့သည်။ ၎င်းအဆိုမှာ -

"သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ဟံသာဝတီ ပဲခူးနေပြည်တော်ကို သာမလ၊ ဝိမလ ညီနောင်နှစ်ပါးတို့ တည်ထောင်သည်။ မွန်အမျိုးသားများသည် ထီးနန်းစိုးစံတိုင်းပြည်အုပ်ချုပ်သော လူမျိုးများဖြစ်သည်ကို ပြန်လည်သတိရစေရန် ၎င်းနေ့ကို မွန်အမျိုးသားနေ့ဟု သတ်မှတ်သည်" ဖြစ်သည်။

၁၉၄၈ ခုနှစ်မှစတင်၍ မွန်အမျိုးသားနေ့ကို မွန်တိုင်းရင်းသားအစည်းအရုံးနှင့် ၎င်းဩဇာလက်အောက်ရှိ နယ်ပယ်ဒေသများတွင် စတင်ကျင်းပလာခဲ့ကြသည်။ သို့ရာတွင် ပဒေသရာဇ်ခေတ်ကို လွမ်းဆွတ်အောက်မေ့စေသည့်အတွက် သမိုင်းဘီးကို နောက်ပြန်လှည့်စေသည်ဟု စောဒကတက်ကြပြီး အခြားသော မွန်အဖွဲ့အစည်းများနှင့် မွန်တိုင်းရင်းသားအစည်းအရုံးဝင်မဟုတ်သော မွန်အမျိုးသားများမှ တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် မွန်အမျိုးသားနေ့ကို ကျင်းပပြုလုပ်ခြင်းမပြုခဲ့ကြပေ။ ၁၉၅၁ ခုနှစ် မွန်ပြည်သူ့တပ်ဦးကို ဖွဲ့စည်းသောအခါ မွန်တိုင်းရင်းသားအစည်းအရုံးမှ အသိအမှတ်ပြုထားသော မွန်အမျိုးသားနေ့ကို ယာယီအားဖြင့် အသိအမှတ်ပြုခဲ့သည်။ ၁၉၆၁ ခုနှစ် ရန်ကုန်မြို့တွင်ဖွဲ့စည်းသော မွန်ပြည်နယ်ဖော်ထုတ်ရေး၊ အလုပ်ညီညွတ်ရေးကော်မတီဗဟိုက စုစည်းသော ညီလာခံတွင် မွန်အမျိုးသားနေ့ကိုဦးစီးကျင်းပခဲ့ပါသည်။ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင် သထုံနှင့် မွန်ဒေသအချို့တို့တွင် ၁၉၆၁ ခုနှစ် (၁၄)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ကြသည်။

သမိုင်းကြောင်းအရ မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန် မိမိတို့အမျိုးသားတို့၏ ဂုဏ်အင်ကို ဖော်ထုတ်ရန် ထိုနေ့သည် အကောင်းဆုံးနေ့ဖြစ်သည်။ မွန်အမျိုးသားတို့၏ မိမိကြမ္ပာ မိမိဖန်တီးခွင့်နှင့် အမျိုးသားအချုပ်အချာ

အာဏာသည် ပဒေသရာဇ်ခေတ်တွင်သာ ပေါ်လွင်ထင်ရှား ပြည့်ဝခဲ့သည်။ မိမိကြမ္မာ မိမိဖန်တီးခွင့်နှင့် အမျိုးသားအချုပ်အခြာအာဏာကို ပြန်လည်ဖော်ပြပါက ပဒေသရာဇ်ခေတ်ကိုသာ ညွှန်ရပေမည်။ ပဒေသရာဇ်ခေတ် မွန်အမျိုးသား လှုပ်ရှားမှုကို ဖော်ထုတ်ခြင်း၊ အစည်းအဝေးဆောင်ရွက်ခြင်းသည် မွန်အမျိုးသားများ၏ရင်ဝယ် ထာဝစဉ်ကိန်းအောင်းနေသော မွန်အမျိုးသားနေ့အဖြစ် လက်ခံကြခြင်း၊ ကျင်းပကြခြင်း ဖြစ်ပါသည်။

မွန်အမျိုးသားတို့၏ရင်ဝယ် ထာဝစဉ်ကိန်းအောင်းနေသော မွန်အမျိုးသားနေ့သည် စတင်သတ်မှတ်ခဲ့သည်မှ ယနေ့ နှစ် (၅၀)တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ မဝေးသေးသော အတိတ်မှဖြစ်ရပ်ဆိုသော်လည်း ခေတ်လူငယ်များ သိရှိခြင်းမရှိတော့သကဲ့သို့ ထိုခေတ်ကို လှုပ်ရှားဖြတ်သန်းခဲ့သူများပင်လျှင် အချို့သည် ဝိုးတဝါးပုံရိပ်အသွင်လို ကူးပြောင်းသွားခဲ့ပြီလည်း ဖြစ်ပါသည်။

မွန်အမျိုးသားနေ့ကို သတ်မှတ်ရန် ဦးစီး ဦးဆောင်ပြုခဲ့သည့် အဖွဲ့အစည်းသည် "မွန်တိုင်းရင်းသားအစည်းအရုံး" ဖြစ်ပြီး၊ အဆိုပါကာလ အစည်းအရုံး၏ ဥက္ကဋ္ဌသည် "မွန်ဘိုးချို" ဖြစ်သည်။ တစ်နည်းအားဖြင့် "မွန်ဘိုးချို" သည် မွန်အမျိုးသားနေ့ကို သတ်မှတ်ပေးခဲ့သည့် မွန်ခေါင်းဆောင်ဟု ဆိုရမည်ဖြစ်ပါသည်။

ရာမညတိုင်းလုံးဆိုင်ရာအဖွဲ့ချုပ်တွင် စတင်ဖွဲ့စည်းစဉ်ကပင် အမှုဆောင်အဖြစ် ပါဝင်လှုပ်ရှားခဲ့သူ မွန်တိုင်းရင်းသားအစည်းအရုံးကို ကမကထပြု ဖွဲ့စည်းခဲ့ပြီး ပထမဦးဆုံးသော ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ၊ နိုင်ငံရေးမလုပ်သော ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်မှ နုတ်ထွက်ပြီး နိုင်ငံရေးလုပ်ခဲ့သူ၊ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁ ရက် ကျိုက္ခမီခရိုင်၊ လမိုင်းကျေးရွာတွင် ကျင်းပပြုလုပ်သော မွန်တိုင်းရင်းသား အစည်းအရုံး အစည်းအဝေးမှ သီးခြားမွန်ပြည်နယ် တောင်းဆိုရန်အတွက် မွန်ရဲဘော် အစည်းအရုံးဖွဲ့စည်းခဲ့သူ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့ ပါဝင်သော လွတ်လပ်သော မွန်ပြည်နယ်တစ်ခုတည်ဆောက်ရန် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်သို့ တင်သွင်းခဲ့သူ မွန်ပြည်နယ်ဖန်တီးရန် ဝန်မလေးအပ်ပါကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သူ၊ ၁၉၆၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော နိုင်ငံတော်အစိုးရ အကြံပေးအဖွဲ့သို့ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးမှုများတွင် အနစ်နာဆုံးသော ဆုံးရှုံးမှုသည် လူမျိုးတိမ်ကောပပျောက်မှု ပင်ဖြစ်ကြောင်း တင်ပြခဲ့သူ၊ မွန်ပြည်နယ်ဖော်ထုတ်ရေး အလုပ်ညီညွတ်ရေးကော်မတီတွင် ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ မွန်ဘိုးချိုသည် အဖ ဦးဘိုးလှ၊ အမိ ဒေါ်ကြေးနု တို့၏သားဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ မြောင်းမြမြို့တွင် ၁၉၀၅ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ စနေနေ့တွင်မွေးဖွားခဲ့ပြီး မွေးချင်း (၁၄)ဦး ရှိပါသည်။ ဦးပါ၊ ဒေါ်မမကြီး၊ ဦးဘိုကြီး၊ ဦးဘိုနီ၊ မွန်ဘိုးချို၊ ဦးတင်၊ ဦးသိန်း၊ ဦးသန်း၊ ဒေါ်မမလေး (ဒေါ်မြသိန်း)၊ ဦးပေါ်ဒင်၊ ဦးဝဒင်၊ ဒေါ်လှနု၊ ဦးလှဒင်နှင့် ဦးကျော်ဒင် (ဗိုလ်ကျော်ဒင်) တို့ ဖြစ်ကြပါသည်။ ဝင်ဒါမီယာတွင် နေထိုင်လျက်ရှိသူ ဒေါ်မမလေးနှင့် မင်းမနိုင်တိုက်ခန်း တွင်နေထိုင်လျက်ရှိသူ ဦးကျော်ဒင်တို့နှစ်ဦးသာ ယခုလက်ရှိ ထင်ရှားရှိတော့သည်။

မွန်ဘိုးချို၏ဖခင် ဦးဘိုးလှသည် ဒေါ်ဇိန်၏သားဖြစ်ပြီး ဒေါ်ဇိန်၏အဖေသည် ဖွားကျီးဒွေ (ဣစီဒွေ) ဖြစ်သည်။ ဖွားကျီဒွေ (ဣစီဒွေ) တွင် မြန်မာတိုင်းရင်းသားထဲမှ ပထမဦးဆုံး အနောက်တိုင်းဆေးပညာ သင်ကြားပြီး ဆရာဝန်ဖြစ်လာသူ မွန်လူမျိုး ဒေါက်တာရှောလူး၏အဖိုး ဖိုးစွတ်သီ ( ဖုာ်သတ်ဍဲ ) ခေါ်အစ်ကိုတစ်ဦးရှိပါသည်။ ဒေါက်တာ ရှောလူး၏အဖိုး ဖိုးစွတ်သီနှင့် မွန်ဘိုးချို၏ဖွားဖွား ကျီးဒွေ၏အဖေ သုမန

သည် မြဝတီ၊ ဇင်မာသွယ်ဘုရင် (King of Myawaddu and Zinmathwe) ဖြစ်ပြီး သုမနတွင် နေထိုင်သောအခါ ထိုင်းနိုင်ငံသို့ ဝင်ရောက်သွားသော ညီဖြစ်သူ အိမ်ရှေ့မင်းသား ဗညားစိန် (Crown Prince) ရှိပါသည်။ သုမနနှင့် ဗညားစိန်တို့၏ ခမည်းတော် ပရဲပတိုင်း (မြဝတီ-King of Myawaddy) သည် ပဲခူးဘုရင် ဗညားဒလ (ဗညားဒလ - King of Dala) ၏ ညီ တော်သူ ဖြစ် ပါသည်။




မွန်ဘိုးချို၏ဖခင်ဖြစ်သူ ဦးဘိုးလှသည် ဗြိတိသျှခေတ်တွင် ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးသူဖြစ်ပါသည်။ ပထမကမ္ဘာစစ်တွင် ဗြိတိသျှတို့နှင့်အတူ အိန္ဒိယနိုင်ငံသို့ အရန်တပ် (Volunteer) အဖြစ် လိုက်ပါရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် စစ်တိုက်ရခြင်းမရှိသဖြင့် ရသည့်အချိန်တွင် ဆရာဝန်သင်တန်းနှင့်အခြားလေ့လာရရှိသည်များကို လေ့လာခွင့် ရရှိခဲ့ပါသည်။ ကြိုးမိန့်လုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရွက်ရခြင်းကို ငြီးငွေ့လာပြီး ထောင်မှူးဘဝမှ အနားယူကာ အိန္ဒိယနိုင်ငံတွင် ဆရာဝန်သင်တန်းသို့ တက်ရောက်ပညာဆည်းပူးခဲ့ပါသည်။ မြောင်းမြ မြို့တွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီး မော်လမြိုင်မြို့သို့ ခရိုင်ဆရာဝန်ကြီး (Civil Surgeon) အဖြစ် မီးလောင်သွားသော သစ်သားဆေးရုံကြီးတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မော်လမြိုင် ဆေးရုံကြီးတွင် ပထမဆုံးသော တိုင်းရင်းသားခရိုင် ဆရာဝန်အဖြစ် အမှုထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါသည်။

အမှတ်(၁၅) အရေးပိုင်ကုန်းလမ်းမှာနေထိုင်ကြီးပြင်းရင်း မွန်ဘိုးချိုသည် မော်လမြိုင်မြို့၊ လှပ်သင်သာသနာပြုကျောင်းတွင် ပညာသင်ကြားခဲ့သည်။ လှပ်သင်ကျောင်းဆိုသည်မှာ အောက်လမ်းမကြီးနှင့် ထားဝယ်တံတားလမ်းဒေါင့်ရှိ ယခု ပလက(၅)ဖြစ်ပြီး ယုဒသန်သည် သူ၏ပထမဦးဆုံးသော မြန်မာဘာသာ "သမ္မာကျမ်းစာအုပ်" ကို ခရစ်နှစ် ၁၈၄၀ ပြည့် မြန်မာသက္ကရာဇ် ၁၂၀၂ ခုနှစ်တွင် ပထမဆုံးသော မြန်မာပုံနှိပ်တိုက်ဖြင့် ပြီးစီးရန် ရိုက်နှိပ်ခဲ့သော ပုံနှိပ်တိုက်ရှိမည့်ကျောင်းဖြစ်ပါသည်။ ပုံနှိပ်ပြီးစီးခြင်းအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို ယခုတိုင် ပလက(၅) အောက်ထပ် စာသင်ခန်းနံရံတွင် မြင်တွေ့နိုင်ဆဲဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီး အင်္ဂလိပ်စာဌာနတွင် နည်းပြအဖြစ် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ရာ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်တွင် ပညာသင်ကြားနေဆဲကာလဖြစ်ပါသည်။ ဥပဒေဘွဲ့ ဆက်လက်ယူပြီးနောက် ကွယ်လွန်သည့်အချိန်အထိ ရှေ့နေပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ ငယ်စဉ်က စာအလွန်ကြိုးစားခဲ့သော မွန်ဘိုးချိုသည် ကြီးပြင်းလာသည့်အခါ ဘာသာစကား (၆) ခုကို ကောင်းစွာတတ်မြောက်ခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးလှုပ်ရှားမှုတွင် ဗိုလ်ချုပ်အောင်ဆန်း၏

အက်တလီလန်ဒန်ခရီးစဉ်အတွက်လည်းကောင်း၊ ကန်တော်မင် လူထုအစည်းအဝေးတွင်လည်းကောင်း ကူညီလုပ်ကိုင် ဆောင်ရွက်ပေးခဲ့သည်။

ဝန်ထမ်းအဖြစ် ခေတ္တတာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဒေါက်တာ ဒေါ်မြသွင်နှင့် အကြောင်းပါခဲ့သော်လည်း သားသမီးရတနာ ထွန်းကားခြင်းမရှိခဲ့ချေ။

ညီဖြစ်သူ ဗိုလ်ကျော်ဒင်သည် ဦးသွင်နှင့်အတူ မွန်ပြည်နယ်ဖော်ထုတ်ရေးကို ဆန့်ကျင်ခဲ့သော်လည်း မွန်ဘိုးချို့သည် မွန်ပြည်နယ်ဖော်ထုတ်ရေးကိုအားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ၁၉၆၁ ခုနှစ် ဧပြီလ (၁၈)ရက်နေ့ မော်လမြိုင်မြို့၊ မွန်ပြည်သူ့တပ်ဦး အစည်းအရုံးတည်ရာဌာန၊ ယခုအောက်လမ်းမကြီးတွင် စျေးတံတားလမ်းဒေါင့်ရှိ ၇. ၀. တရုံး အဆောက်အဦးတွင် ကျင်းပခဲ့သည့် မွန်ပြည်နယ်ဖော်ထုတ်ရေး ကော်မတီအစည်းအဝေးတွင် မွန်ရေးရာဝန်ကြီးအဖြစ် နိုင်အောင်ထွန်းအား ရွေးချယ်ခဲ့ရာတွင် မွန်ဘိုးချို့သည် နေရာယူခြင်းမရှိသော စွန့်လွှတ်သူဖြစ်ပါသည်။ ထိုသို့ စွန့်လွှတ်မှုနှင့်တစ်ဆက်တည်း မွန်ဘိုးချို့၏ညီဖြစ်သူ ဗိုလ်ကျော်ဒင်အား ပထစအစိုးရက ပါလီမန်အတွင်းဝန်အဖြစ် နေရာပေးခဲ့သည်။

မွန်ဘိုးချို့အား နိုင်ငံတော်မှ နိုင်ငံဂုဏ်ရည် ပထမအဆင့်မြင့် ဂုဏ်ပြု ချီးမြှောက်ခဲ့သည်။

မွန်ဘိုးချို့၏နေအိမ်တွင် မွန်စကားကိုသာ ပြောဆိုပြီး မွန်စကား ရေရေလည်လည်မပြောတတ်သည့် ဆွေမျိုးသားချင်းများ အိမ်သို့လာရောက်လည် ပတ်လျှင် ပြောဆိုနိုင်ရန် အိမ်သုံးမွန်သာသာစကားကို နံရံမှာ အပြည့်ရေးပြီး ပြောစေသော သံမဏိစည်းမျဉ်းကို ကျင့်သုံးခဲ့သူလည်းဖြစ်ပါသည်။ မွန်အမျိုးသားရေးကို တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့သူ မွန်ဘိုးချို့သည် ၁၉၈၄ ခုနှစ် မေလ (၁၁)ရက်၊ သောကြာနေ့တွင် အမှတ်(၁) ဒေါ်နုလမ်း၊ အင်းစိန်နေအိမ်၌ ခရစ်တော်၏ [illegible]ယူတော်မူခြင်းကို ခံခဲ့ရပြီး မေလ (၁၃)ရက်၊ စော်ဘွားကြီးကုန်းသုသာန်တွင် ထာဝရ အိပ်စက်အနားယူသွားခဲ့ပါသည်။

မွန်ဘိုးချို့ ထာဝရအနားယူ အိပ်စက်သွားခဲ့သော်လည်း မွန်ဘိုးချို့ ကြိုးပမ်းသတ်မှတ်ခဲ့သည့် မွန်အမျိုးသားနေ့သည် (၂၃. ၂. ၉၇) ရက်နေ့ သူကွယ်လွန်ပြီး (၁၃)နှစ်အကြာတွင် နှစ်(၅၀)တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ မွန်အမျိုးသားထုများ၊ မွန်အမျိုးသားနေ့ကို ဒေသတိုင်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြမည်ဖြစ်ပါသည်။ မွန်အမျိုးသားနေ့ ပေါ်ပေါက်ရန် ဦးဆောင်ဦးရွက်ပြုခဲ့သူ မွန်ဘိုးချို့သည် ငြိမ်းချမ်းသော ကောင်းကင်ဘုံမှ ကောင်းချီးပြုနေမည်ဖြစ်ပါသည်။

ဒေါက်တာ မင်းနွယ်စိုး


ကျမ်းကိုး

၁။ ၁၉၅၈-၁၉၆၂ မြန်မာနိုင်ငံ၊ တတိယတွဲ (၁၉၉၁)

၂။ တက္ကသိုလ်မွန်မဂ္ဂဇင်း (၁၉၇၂)

၃။ ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ်နှင့် မွန်ယဉ်ကျေးမှု(နိုင်ငွေသိမ်း၏လက်နှိပ်စက်စာမူ) (၁၉၈၁)

၄။ မွန်အမျိုးသားနေ့ ပေါ်ပေါက်လာပုံနှင့် ၎င်း၏သမိုင်းအစဉ်အလာ ((နိုင်ငွေသိမ်း၏လက်နှိပ်စက်စာမူ) (၁၉၇၈)

၅။ (မွန်ဘာသာမဂ္ဂဇင်း) (၁၉၉၆)

၆။ ဦးလှသိန်း (မွန်ဘိုးချို့၏တူ) ၏ ပြောပြချက်များ



# ဝဟုသုတရေးရာ မွန်အမည်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသား လူမျိုးများအနက် အလွန်ရှေးကျသောလူမျိုးစုတို့တွင် မွန်လူမျိုးတို့သည် အလွန်ရှေးကျသည့်အပြင်၊ ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် နေလာခဲ့သော လူမျိုးဖြစ်၏။ စာပေ၊ ယဉ်ကျေးမှု အလွန်ထွန်းကား၏။ အဆင့်မြင့်၏။ ဗုဒ္ဓဘုရားနှင့် ဗုဒ္ဓဘာသာတရားကို အလွန်ကြည်ညိုလေးစား၏။ ထို့ကြောင့် ရှေးမွန်ဘုရင်များ၊ အကြီးအကဲများ စီမံအုပ်ချုပ်ခဲ့သော နေရာဒေသတို့တွင် ဘုရားစေတီ၊ ကျောင်း၊ ကန်၊ ဇရပ်များ တည်ဆောက်ခဲ့ကြ၏။ ထိုအမွေကောင်းတို့ကို ယနေ့ရှိကြသော တိုင်းရင်းသားများ ခံစားကြရ၏။

## ကျိုက်

မြန်မာဘာသာဖြင့် **ဘုရား** ကို မွန်ဘာသာဖြင့် **ကျိုက်** ဟုခေါ်၏။ ဘုရား၊ တရား၊ သံဃာကို မွန်စာဖြင့် ( ကျာ် - ဓဝ် - သင် ) ဟုရေး၍ မြန်မာအသံထွက်ဖြင့် ( ကျိုက် - ခေါ် - စန်း ) နှင့် နီးကပ်၏။ ဗုဒ္ဓမြတ်စွာဘုရားကို (ရ) သံဖြင့် - ကျိုက်တရွဲ ဟု မွန်လိုအသံထွက်၏။ မြင့်မြတ်သော ဘုရားဟု အဓိပ္ပါယ်ရသည်။

## ကျိုက်မော်ဝန်း

ကျောက်တန်းရေလယ်ဘုရားတွင်ရှိသော ကျိုက်မော်ဝန်းဘုရားသည် မွန်ဘာသာဖြင့် ကျိုက် တမော့ဝမ်း ဟု အသံထွက်သည်။ မွန်စာဖြင့်ရေးလျှင် (ကျာ်တွ အ်ဝါန်) ဖြစ်၏။ ဂဝံကျောက်ဘုရား ဟု အဓိပ္ပါယ်ရ၏။ (ကျာ်) ကို ဘုရားဟုအဓိပ္ပါယ်ရှိပြီး (တွ အ်) မှာ ကျောက်ဖြစ်၍ (ဝါန်)မှာ ဂဝံဖြစ်ပါသည်။

## ကျိုက္ကဆံ

သင်္ဃန်းကျွန်းမြို့နယ်တွင်ရှိသော ကျိုက္ကဆံဘုရားသည် မွန်ဘာသာဖြင့် (ကျာ်ဒစ) ဟုရေးသား၍ မြန်မာအသံထွက်မှာ ကျိုက်ဒေ့စမ်-နှင့် နီးစပ်၏။ (ကျာ်) မှာ ဘုရားဖြစ်၍ (ဒ်စာံ)မှာ ရှစ်ခု၊ ရှစ်ပါးဟုအဓိပ္ပါယ်ရ၏။ ဆံတော်ရှစ်ဆူရှိသော ဘုရားဟုအဓိပ္ပါယ်ရ၏။

## ကျိုက်ကလွန်မွန်

ပဲခူးတွင်ရှိသော ကျိုက်ကလွန်ပန်မှာ မွန်စာဖြင့် (ကျာ်ကုံဗန်) ဟုရေး၏။ (ကုံ) မှာ ၁၀၀ ကိုခေါ်၍ (ဗန်) မှာ ၄ တောင် ၁ လံ ကိုခေါ်၏။ လူတစ်ယောက် ဖက်ထားသော လူတစ်ဖက်ရှိသော အရှည်ဟူ၍လည်း အဓိပ္ပါယ်ရ၍ ကျိုက်ကလွန်ပွန်၏အဓိပ္ပါယ်မှာ အလံ တစ်ရာဘုရားဟူ၍ဖြစ်သည်။

ထိုနည်းတူစွာ မွန်ဘာသာဖြင့် ခေါ်ဝေါ်လျှက် ရှိကြသော မြို့အမည်များလည်းရှိ၏။

## ကျိုက်လတ်

ကျိုက်လတ်ကို မွန်စာဖြင့် (ကျာ်လာ်) ဟု ရေးသား၍ အသံထွက်မှာ ကျိုက်လာက်ပင်ဖြစ်၏။ (လာ်)၏ မြန်မာအဓိပ္ပါယ်မှာ ပြိုခြင်းဖြစ်၍ (ကျာ်လာ်) ကျိုက်လတ်မြို့ကို ဘုရားပြိုမြို့ဟု အဓိပ္ပါယ်ရ၏။

### ကျိုက်ထော်

ကျိုက်ထော်ကို စာဖြင့် (ကျာ်ထဝ်)ဟုရေး၏။ (ထဝ်)မှာ ရွှေကိုခေါ်သောကြောင့် ကျိုက်ထော်သည် ရွှေဘုရားမြို့ဟု အဓိပ္ပါယ်ရ၏။

### ဖျာပုံ

ဖျာပုံမွန်စာဖြင့် (ဖျာပုင်)ဟု ရေးသား၏။ အသံထွက်မှာ ဖျာပုံပင်ဖြစ်၏။ (ဖျာ)၏ အဓိပ္ပါယ်မှာ ဈေး (သို့) ဆိုင်ဖြစ်၍ (ပုင်) မှာ ထမင်းဖြစ်၏၊ ထို့ကြောင့် (ဖျာပုင်) ဖျာပုံမြို့ကို မြန်မာအဓိပ္ပါယ်ဖြင့် ထမင်းဈေး၊ ထမင်းဆိုင်များဟုခေါ်ကြသည်။

### မြည်မြို့

ပြည် ဟူသောအက္ခရာကို မြန်မာလို ပြိဟု အသံထွက်သော်လည်း မွန်လို (ရ)သံဖြင့် ပရွန် (ပြန်) ဟု အသံထွက်၏။ ထိုအသံထွက်ကို မွန်ထံမှ ကြားရသောအခါ အင်္ဂလိပ်တို့က ပရွန်း (PROM) ဟုရေးကြ၏။

သမိုင်းကြောင်း၏ ပြောင်းလဲမှုဖြစ်စဉ်အရ မွန်လူမျိုးတို့မှ ဆင်းသက်လာကြသော မွန်အနွယ်ဝင်များစုသည် မွန်စကားကို မတတ်ကြတော့ဘဲ မြန်မာစကားကိုသာတတ်ကြ၏။ အချို့သည် မိမိတို့၏ မျိုးရိုးစဉ်ဆက်မည်သို့ ဆင်းသက်လာကြောင်းကိုပင် မစဉ်းစားမိတော့ပေ။ ခေတ်ရေစီးကြောင်းအရ တရွေ့ရွေ့ပြောင်းလဲတတ်သောကြောင့်ဖြစ်သည်ဟု ဆိုနိုင်၏။

သို့သော် ရှေးဟောင်းအမည် အခေါ်အဝေါ်များကျန်ရှိနေသေးသောကြောင့် သမိုင်းအမွေအနှစ်အမှန်ကို ကျွန်ုပ်တို့မြင်နိုင်ကြပေ၏။ ဂုဏ်ယူဖွယ်ကျေးဇူး တင်ဖွယ်ကောင်းပေသည်။

သရေခေတ္တရာခေတ်ဟုခေါ်သော ပျူခေတ်ပျူလူမျိုးများရှိခဲ့ကြောင်း၊ ပုဂံမြစေတီကျောက်စာ၌ အခိုင်အမာတွေ့ရသော်လည်း ယခုအခါ ပျူစကားနှင့် ပျူစာတတ်သူ မတွေ့ရသောကြောင့် ပျူလူမျိုးတို့မှ ဆင်းသက်လာကြသော ပျူနွယ် မြန်မာများအဆို ပျ-ဟူသော လူမျိုးကို သမိုင်းစာမျက်နှာတွင်သာ ဖတ်ရှုရပါတော့သည်။

ယနေ့အများစုသော နေရာတို့၌ နေထိုင်ကြသည့် မွန်အဆက်အနွယ်များက မွန်စကားမတတ်ကြတော့ဘဲ မြန်မာစကားကိုသာ ပြောတတ်သဖြင့် မြန်မာအဖြစ် ခံယူလျှက်ရှိကြပေသည်။ သို့သော်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးမြို့ ရပ်ကွက်အချို့တွင် အချို့သော ပုဂ္ဂိုလ်တို့က မွန်စကားသာမက မွန်စာပါ တတ်မြောက်ကြသေးသဖြင့် ဖြေသိမ့်စရာရှိသေးသည်ဟု ပြောနိုင်ပေသည်။

ထိန်းသိမ်းစောင့်ရှောက်မှုနှင့် တိုးတက်အောင်ဆောင်ရွက်မှုမရှိကြလျှင် သမိုင်းဖြစ်စဉ်နှင့် အတူ တဖြည်းဖြည်း လျော့နည်းပပျောက်သွားနိုင်ကြောင်းကိုလည်း သတိပြုရပေသည်။

မွန်စကား၊ မွန်စာ တိုးတက်ထွန်းကားရန်နှင့် မပျောက်ပျက်အောင် ထိန်းသိမ်းပြုစုရန်မှာ မွန်အမျိုးသားအားလုံးတို့၏ တာဝန်ပင်မဟုတ်ပါလော။

*(နိုင်ကွန်မွန်)*

<u>ကျမ်းကိုး</u>

ဦးရွှေရောင် - မွန်ကျောက်စာဘုရားသမိုင်းပေါင်းချုပ်

ငြိမ်းမောင် - ရှေးဟောင်း မြန်မာကျောက်စာများ ဒုတိယတွဲ၊ တတိယတွဲ



# နှိုင်နှိုင် ပညာရှာစရာ

## သမိုင်းစာမျက်နှာ

ရာဇာဓိရာဇ် လက်ထက်က အကြောင်းအရာတွေဟာ ဖတ်လို့မဝနိုင်၊ သုံးသပ်လို့မကုန်နိုင်အောင်၊ ရာဇာဓိရာဇ် အရေးတော်ပုံ ဆိုတဲ့ စာအုပ်ကြီးမှာ ရေးသားထားခဲ့ပါတယ်။ မွန်ဘာသာနဲ့ ရေးသားတဲ့ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းရှိ သလို၊ ယခုလက်ရှိဆရာနိုင်ပန်းလှရဲ့ ရာဇာဓိရာဇ်၏ အရေးတော်ပုံလည်းရှိပါတယ်၊ ဒီကျမ်းကို ရေးသားပြုစုနိုင်ခဲ့ခြင်းကို ဂုဏ်ယူမိပါတယ်၊ ဖတ်ရှုမှတ်သားရလို့လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်၊ မွန်ဘာသာနဲ့ ရေးသားခဲ့တဲ့ ရာဇာဓိရာဇ် အရေးတော်ပုံ ကျမ်းကို သက္ကရာဇ် ၉၁၅-ခုနှစ်၊ ဟံသာဝတီမှာ နန်းတက်တဲ့ ဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက်၊ မွန်ဝန်ကြီး ဗညားဒလဟာ ရှေးဟောင်း မွန်ဘာသာကနေ မြန်မာဘာသာနဲ့ ပြန်ဆိုရေးသားခဲ့ခြင်းပဲဖြစ်ပါတယ်။

အဲဒီစကားပြေ အရေးအသားဟာ မြန်မာစကားပြေရဲ့ နိဒါန်းကာလလို့ သုတေသီများက ဆုံးဖြတ်ရတဲ့အထိပါဘဲ၊ ပြောချင်တာက အဲဒီစကားပြေကိစ္စမဟုတ်ပါဘူး၊ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းထဲက မေ့ပျောက်မရနိုင်တဲ့ သမိုင်းဝင်အဖြစ်အပျက် တွေထဲက၊ အတွေးအခေါ်၊ အယူအဆတွေ ရေးပြချင်ပါတယ်၊ ဒါကလည်းပဲ ယခုထွက်နေတဲ့ ပေါ်ပြူလာဂျာနယ်ထဲက ဆရာချစ်ဦးညိုရဲ့ "သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့စကားများ" ဆိုတဲ့ ဆောင်းပါးတွေဖတ်ပြီး၊ ခံစားရလွန်းလို့ ရင်ထဲမှာ စွဲမိလွန်းလို့၊ ဒီစာကို ရေး တာပါ၊ ဆရာချစ်ဦးညိုလည်း ယခု ကျွန်တော်ရေးမယ့် အကြောင်းကို ပေါ်ပြူလာဂျာနယ်မှာ ဖော်ပြပြီးသားပါ၊ ဒါကိုဘဲ ကျွန်တော် အကျယ်ရေးပြချင်တာပါ၊ ရာဇာဓိရာဇ်ဘုရင်၊ အင်းဝကို တက်ပြီး တိုက်တဲ့အကြောင်းပါ၊ အဲဒီမှာ စိတ်ဝင်စားစရာ၊ တွေးခေါ်စရာတွေအများကြီး တွေ့ရမှာပါ၊ ပညာရှာ စရာသမိုင်း စာမျက်နှာကို ဖွင့်ပြချင်လို့ ဆိုကြပါစို့ရဲ့။

အချိန်က သက္ကရာဇ် ၇၆၆ - ခုနှစ်၊ နတ်တော်လဆန်း (၁၅) ရက်၊ အင်္ဂလိပ်ကြီး သက္ကရာဇ် ၇၄၅ ခုနှစ်မှာ ရာဇာဓိရာဇ်ဆိုပြီး နန်းတက်တာဆိုတော့ နန်းသက် (၂၁) နှစ်ရှိပါပြီ၊ သက်တော်အားဖြင့် (၃၇)၊ အတော်အတန် ရင့်ကျက်တည်ကြည်နေမည့် အသက်အရွယ်လို့ ပြောလို့ရပါတယ်၊ အဲဒီအချိန်မှာ အင်းဝကို စစ်ချီခဲ့တာပါ၊ အင်းဝမှာက ဘုရင်မင်းကြီး စွာစော်ကဲ နတ်ရွာစံပြီး၊ သားတော် မင်းဆွေ နန်းတက်တဲ့အချိန်၊ နန်းသက် (၃) နှစ်သာရှိသေးတဲ့အချိန်၊ ရာဇာဓိရာဇ်ဆိုတာက၊ မင်းဆွေရဲ့အဖေ၊ မင်းကြီးစွာစော်ကဲနဲ့ စစ်ပွဲကြီးများစွာ ဆင်နွှဲလာတဲ့ဘုရင်၊ အတွေ့အကြုံအရ၊ သဘာအရ၊ အဖေအရွယ်၊ မင်းဆွေကြောက်လောက်တယ်ပေါ့၊ မင်းဆွေလည်း တကယ် ထိတ်လန့်ပါတယ်၊ ရာဇာဓိရာဇ် အင်းဝကို ရောက်တဲ့အချိန် မင်းဆွေလို့ခေါ်တဲ့ ဘုရင်မင်းခေါင်ဟာ မြို့တံခါးပိတ်ပြီးတော့သာ နေရပါတယ်၊ ရာဇာဓိရာဇ်လည်း စစ်ကိုင်းကိုသိမ်းပြီး အခိုင်အမာတပ်ချထားပါပြီ။

အဲဒီလို ရာဇာဓိရာဇ် စစ်ကိုင်းမှာ အခိုင်အမာနေတဲ့အချိန်မှာ အင်းဝမြို့ပြင်ကို လူတစ်ဦးတလေမှတောင် မထွက်ရဲတဲ့အထိပါဘဲ၊ အဲဒီအချိန်မှာ ပင်းယစကြို့သူမြတ်ဆိုတဲ့ ရဟန်းနဲ့ ရာဇာဓိရာဇ် တွေ့ဆုံခဲ့တာပါဘဲ၊ ပင်းယ စကြို့သူမြတ်ဆိုတာက ပင်းယမှာ သတင်းသုံးတဲ့ ပိဋကတ်ဗေဒင်တွေတတ်တဲ့ရဟန်းပါ၊ သက်တော် (၃၁) ဝါတော် (၁၁) ဝါသာရှိသေးတဲ့ စကြို့သူမြတ်ပါ။ ပင်းယမှာ သတင်းသုံးလို့ ပင်းယစကြို့သူမြတ်လို့ ခေါ်တာပါ။

ပင်းယစကြို့သူမြတ်နဲ့ မွန်ဘုရင်၊ ရာဇာဓိရာဇ် တွေ့ကြပုံလေး ကြည့်ရအောင်၊ အင်းဝဘုရင်မင်းခေါင်၊ အထိတ်တလန့်ဖြစ်နေတဲ့အချိန် အင်းဝမှာရှိနေတဲ့ ရဟန်း ပုဏ္ဏား၊ ဂိုဏ်းဆရာတွေ ဘုန်းတော်ကြီးတွေ၊ မှူးမတ်သေနာပတိတွေနဲ့၊ ဘုရင်မင်းခေါင် တိုင်ပင်ရမှာပေါ့၊ ဘယ်လိုလုပ်ကြမလဲ၊ ရာဇာဓိရာဇ်ကို စစ်ပြေငြိမ်းပေးဘို့၊ မတိုက်မခိုက်ရဘဲ၊ ရာဇာဓိရာဇ် ပြန်အောင် ဘယ်လိုလုပ်ကြရပါ့မလဲ၊ ဒီအချိန်မှာ မင်းခေါင်က မတိုက်ချင်ဘူးလေ၊ တိုက်နိုက်ယင်လည်းဘဲ၊ သေကျေပျက်စီးပြီး၊ ရာဇာဓိရာဇ်ကို ရှုံးမယ်ဆိုတာ တွက်ပြီးသား၊ ဒီတော့ ရာဇာဓိရာဇ်ကို ချော့မော့ပြီး ဟံသာဝတီကို ပြန်နိုင်းဘို့အရေးကြီးတယ်၊ နောင်ခါလာ နောင်ခါချေပေါ့၊ ဘယ်သူက ရာဇာဓိရာဇ်တို့ စစ်ရုတ်သိမ်းအောင် ပြောပေးနိုင်မလဲ၊ ပုဏ္ဏား၊ ဟူးရား၊ အမတ်၊ ရဟန်း ဂိုဏ်းချုပ်တွေ တစ်ယောက်မှ တုတ်တုတ်မလှုပ်ဘူး အဲဒီမှာ ပင်းယစကြို့သူမြတ်က ဘယ်လိုပြောသလဲ ဆိုတော့ -

> "ဟံသာဝတီ မွန်မင်းရာဇာဓိရာဇ်ကို မဆိုနှင့်ဦး၊ ဇမ္ဗူဒိပ် မြေပြင်ဝယ်ရှိသော မင်းအပေါင်းတို့က လာရောက်ဝိုင်းရံခဲ့လျှင်ပင် သူတို့ ပြန်လေအောင် နှုတ်ရေးဖြင့် ငါစွမ်း ဆောင်နိုင်သည်" ဆိုပြီးတော့ ကြုံးဝါးခဲ့ တာပါ။

ဘုရင်မင်းခေါင်အဘို့မှာတော့ အတိုင်းထက်အလွန်ပေါ့၊ တပါတည်း ပင်းယစကြို့သူမြတ်ကို အပါးတော်ခေါ်ပြီး၊ အသေးစိတ် တိုင်ပင်တော့တာပေါ့၊ အဲဒီမှာ ပင်းယစကြို့သူမြတ်က မွန်ဘုရင် ရာဇာဓိရာဇ်ဆီကို မေတ္တာ စာတစ်စောင်ရေးပြီး ပို့လိုက်ပါတယ်၊ မေတ္တာစာကတော့ တွေ့ချင်နေတာ၊ သတင်းကြားကတည်းကပေါ့၊ ဟံသာဝတီကို စုန်ပြီး ရာဇာဓိရာဇ်ကို တွေ့ချင်တာ၊ ယခုတော့ဖြင့် အင်းဝမှာတင် တွေ့ရပါပြီ၊ သာသနာ့ဒါယကာ ဘုရင်မင်းမြတ်ကို ရွှေမျက်နှာတော် ကြည့်ပြီး တရားစကားပြောချင်ပါတယ်၊ တွေ့ချင်ပါတယ် စသည်ဖြင့်ပေါ့လေ၊ ဘုရင်ရာဇာဓိရာဇ်လည်း ဘုန်းကြီးက တွေ့ချင်တယ် လျှောက်မှတော့ တွေ့ရတော့မှာပေါ့၊ ဗုဒ္ဓဘာသာမဟုတ်လား၊ ရတနာသုံးပါးကို မျက်နှာလွှဲရာ ကျလိမ့်မပေါ့၊ ဒီလို စဉ်းစားပါတယ်၊ ဒါနဲ့ဘဲ ရာဇာဓိရာဇ်က တွေ့မယ့်အကြောင်း ပြန်လျှောက်လိုက်ပါတယ်။

မွန်ဘုရင် ရာဇာဓိရာဇ်နဲ့ တွေ့ရမယ်ဆိုတာနဲ့ ချက်ချင်း ဘုရင်မင်းခေါင်ဆီ အကြောင်းကြားပါတယ်၊ လက်ဆောင်ပဏ္ဏာတွေ ပေးလိုက်ဘို့ပြောတော့၊ ဘုရင်မင်းခေါင်က လူအယောက် (၆၀) ထမ်းပိုးရတဲ့ ပစ္စည်းတွေ လက်ဆောင်ပေးဘို့ စီရင်စေပါတယ်။

အဲဒါနဲ့ ပင်းယစကြိုသူမြတ်ဟာ ဂိုဏ်းထောက် ဆရာတော်တစ်ပါးကို အဖေါ်ခေါ်ပြီး လက်ဆောင်တွေကို လှေနဲ့အပြည့်တင်ပြီး ရာဇာဓိရာဇ်ရှိရာ တပ်စခန်းကို ကူးလာခဲ့ပါတယ်။ ရာဇာဓိရာဇ်ကတော့ မှူးမတ်သေနာပတိ တွေနဲ့ ယာယီတဲနန်းမှာ ဆွေးနွေးတိုင်ပင် နေစဉ်ပေါ့၊ ဘုန်းကြီးရောက်လာတယ်ဆိုတော့ မှူးမတ်တွေကို နေရာချခိုင်းလိုက်ပြီး၊ မသိသလိုဘဲ နေတယ်လို့ ဆိုပါတယ်၊ တော်တော်ကြာတော့မှ ဘုန်းကြီးဘက် လှည့်ပြီး မေးပါတယ်၊ ဒီမှာ ဘုန်းကြီးရဲ့အဖြေမှာ ပညာတော်တော်ပါသွားပါပြီ။

ရာဇာဓိရာဇ်က "အရှင်ဘုရားတို့ ဘယ်အချိန်က ရောက်နေကြပါသနည်း" လို့ မေးပါတယ်၊ ဆရာတော်က ဘယ်လိုဖြေလိုက်သလဲဆိုတော့ "ဟံသာဝတီပြည့်ရှင်မင်းကြီး မြင်တော်မူကတည်းကပင် ငါတို့ရောက်နေကြသည်" တဲ့။

ကဲ - မြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုသလိုပါဘဲ၊ အဲဒီမှာ ဆရာတော်က ပါလာတဲ့ လက်ဆောင်တွေကို ရာဇာဓိရာဇ်ကို ပေးပေါ့လေ၊ ရာဇာဓိရာဇ်ကလည်း ပါးနပ်ပြီးသားဆိုတော့ ပြောစရာမရှိပါဘူး၊ ဘုရင်မင်းခေါင် ပစ္စည်းတွေဆိုတာသိပြီးသား၊ အဲဒီမှာ ဘုရင်ရာဇာဓိရာဇ်နဲ့ ပင်းယစကြိုသူမြတ်တို့ရဲ့ အပြန်အလှန်ပြောစကားတွေကို ရာဇာဓိရာဇ် အရေးတော်ပုံမှာ ပါတဲ့အတိုင်းဆိုရင် အခြေအတင် တော်တော်ပြောကြဆိုကြပါတယ်။

ရာဇာဓိရာဇ်က တပည့်တော်သည် ဗိုလ်ပါအင်အားများ စုရုံး၍ စစ်ချီတက်လာသည်မှာ အလိုဆန္ဒ အကြောင်းလေးပါးရှိပါသည်။ ဆိုတဲ့အကြောင်းပြောရမှာ၊ အင်းဝပြည့်ရှင်ဘုရင်မင်းကြီး စွာစော်ကဲ လက်ထက်က မဟာမိတ်လမ်းစဉ်က ပျက်ပြီး၊ ဟံသာဝတီမြို့စွန်မြို့ဖျားကို ဖျက်ဆီး တိုက်ခိုက်ခဲ့တဲ့အတွက် မင်းကြီးစွာစော်ကဲ လက်ထက်က အထင်သေးထားတာကို ပြန်လည် ချေပဘို့ဆိုတာပါ ပါတယ်။

အဲဒီမှာ ဆရာတော်အတွက် အချက်တစ်ချက် ရသွားကာ၊ အခုအချိန်မှာ မင်းကြီးစွာစော်ကဲ နတ်ရွာစံသွားပြီးဖြစ်တဲ့အတွက်၊ အတိတ်ရန်ငြိုးရန်စ ပြန်လည် ချေပမယ်ဆိုပါက အပြစ်ကြီးလှတယ်လို့ ဆိုပါတယ်။

ရာဇာဓိရာဇ်က အလျှော့မပေးပါဘူး၊ ဆရာတော်ဟာ မင်းကြီး စွာစော်ကဲ ဟံသာဝတီကို စစ်ခင်းဘို့လာတုန်းက မတားဘဲနဲ့၊ အခုရာဇာဓိရာဇ်လာမှ တားတယ်ဆိုတာ မတရားဘူး ဆိုတာ တောင်ပါသေးတယ်။ တရားပြမယ်ဆိုယင်လဲ၊ မင်းကြီး စွာစော်ကဲ ကတည်းက တားမြစ်တရား ပြပါတော့လား ဆိုတဲ့အထိပါဘဲ၊ အတော်တင်းမာတဲ့ပုံပါဘဲ၊ ဆရာတော်ကလည်း လျှော့မယ့်ပုံ မပေါက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြုံးဝါးခဲ့တဲ့ စကားက ရှိခဲ့တယ်မို့လား၊ အဲဒီမှာ အပြန်အလှန်ပြောဆိုကြတဲ့စကားတွေဟာ မှတ်သားစရာတွေကြီးပါဘဲ၊ ဆရာတော်ကလည်း သူကြုံးဝါးထားတဲ့အတိုင်း ကြိုးစားပမ်းစား ပြောရှာမှာပါ၊ ရာဇာဓိရာဇ်ကလည်း တင်းမာနေဆဲပါ၊ နောက်ဆုံး ဆရာတော် ပင်းယစကြိုသူမြတ်တောင် အလျှော့ပေးပြီး ထပြန်တော့မယ်ဆဲဆဲပါပဲ။

"ငါသည် ဘုရားသားတော်ရဟန်း တပါး
ဖြစ်ပါလျှက် မှန်ကန်သော၊ ယုတ္တိရှိသော
စကားကိုမဆို၊ ပရိယါယ်ပြုသည်၊ ဥပါယ်
ပြုသည်၊ စဉ်းလဲသည်ဟု ဒကာတော်
ယူဆ၏" လို့ စကြိုသူမြတ်ဆရာတော်
ပြောဆို ရတဲ့အထိ တင်းမာခဲ့ကြတာပါ။

ဒီလိုပြောဆို တင်းမာကြပါလျှက် နောက်ဆုံးမှာ ဘယ်လိုအကြောင်းတရားကြောင့် ဘုရင်ရာဇာဓိရာဇ်က ငြိမ်းချမ်းရေးလမ်းစဉ်ပေါ် ရောက်ခဲ့ရသလဲ ဆိုတာ ကြည့်ကြရအောင်။

ရာဇာဓိရာဇ်တို့ စစ်ကိုင်းမှာ တပ်ချထားစဉ်က၊ အင်းဝမှာ ဘယ်သူတစ်ဦးတစ်ယောက်မှ အပြင်ကို မထွက်ဝံ့ကြပါဘူး၊ အဲဒီလူတွေ ထွက်လာအောင်ဆိုပြီး ပရိယာယ် ဆင်တာပါ၊ လူတွေထွက်လာမှ ဖမ်းပြီး မြို့ထဲက သတင်းတွေကို မေးမြန်းလို့ရအောင်လေ၊ ဘယ်လို ပရိယာယ်ဆင်သလဲဆိုတော့၊ ပိတ်ဖြူတွေ၊ ထီးတံခွန်၊ ဆီမီးတွေကို ညအချိန်၊ ရွှေကြက်ယက် ဘုရားမှာ သွားထားမယ်ပေါ့၊ မနက်ကြတော့ လူတွေထွက် ကောက်ကြလိမ့်မယ်၊ အဲဒီအခါ ပုန်းကွယ် စောင့်နေတဲ့ ရဲမက်တွေက ဖမ်းခဲ့ရုံဘဲပေါ့၊ အဲဒီလို ကြံစည်ခဲ့ကြ

တာပေါ့၊ ကြံစည်တဲ့အတိုင်းလည်း အောင်မြင်ခဲ့ပါတယ်၊ တာဝန်ယူ လုပ်ရတာက သမိန်သံကြယ်၊ အဲဒီလို ကြံစည်အောင်မြင်လို့ ရလာတဲ့ သံ့ပန်း (၇) ယောက်နဲ့ ခေါင်းပြတ် (၃၀) ကို သမိန်သံကြပ်က ဘုရင်ဆီကို ဆရာတော်နဲ့ ဆွေးနွေးပြောဆိုနေကြတဲ့အချိန်မှာ ယူချလာတာကိုး၊ ဒါကို စကြိုသူမြတ်လည်း မြင်တာပေါ့၊

အဲဒီမှာတင်၊ ဆရာတော် စကြိုသူမြတ်ဟာ

"အရှင်မင်းကြီးသည်၊ ဘုရားဓါတ်တော်၊ စေတီပေါ်များသော အင်းဝသို့ တက်လာသည်မှာ၊ ဘုရားဖူးရန်၊ ကျောင်းကန်များကို ပြုပြင်ရန်၊ ပူဇော်သက္ကာရ ပြုရန်အလို့ငှာ ဖြစ်သည်ဟုဆိုသဖြင့် ကုသိုလ်ရေးအတွက် ဖြစ်သောကြောင့် ငါဝမ်းမြောက် ဝမ်းသာလွန်းသည်။ ယခုတော့ ဘုရားဝေယျာဝစ္စ၊ ဘုရားအမှုတို့ကိုပြုသည့် အပြစ်မဲ့သည့် လူမျိုးတို့ အန္တရာယ်ပြုရန် သတ်ဖြတ်စေခဲ့သည်ကို ငါတို့ မကြည့်လို မမြင်လိုပဲ မြင်တွေ့နေရပြီ၊ အပြစ်မဲ့သော ဘုရားအမှုလုပ်တို့ကို သတ်ဖြတ်သော သူရဲသူခက်တို့သည် အလွန်စွာ အပြစ်ကြီးမည်၊ ရတနာသုံးပါးကို ပြစ်မှားသကဲ့သို့ဖြစ်သည်၊ အမိုက်ကံတရား ကြီးမားသဖြင့် ပဉ္စာနန္တရိယငရဲတွင် ကြာမြင့်စွာခံရမည်။ သည်ကဲ့သို့ အကုသလစိတ်နှင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိ၍ ပြုမူခဲ့သည်ကို မြင်ရ၍ ငါသည် တရားသံဝေဂ ဖြစ်လှသည်။ သို့ဖြစ်၍ ငါတို့အား ပြန်ခွင့်ပြုပါလော့" ဆိုပြီး ထပြန်တော့မယ့်ဆဲဆဲပါဘဲ။

အဲဒီမှာ ဆရာတော်က ရာဇာဓိရာဇ်ရဲ့ သူရဲသူခက် တွေဟာ၊ ရတနာသုံးပါးရဲ့ ဂုဏ်ကို မသိတဲ့လူတွေလို့ ပြောကာကို၊ ဘုရင်ရာဇာဓိရာဇ်ဟာ တော်တော်ခံစားရတဲ့ပုံပါဘဲ၊ ဘုရားကျွန်တွေ၊ ရှေးမင်းဧကရာဇ်များက ရေစက်ချလှူဒါန်းထားတဲ့ ဘုရားကျွန်တွေကို သတ်ဖြတ်တဲ့အတွက် အပြစ်ကြီးတယ်၊ အပါယ်လားမယ်လို့ ဆိုတာကိုး၊ ဒီမှာတင်၊ ရာဇာဓိရာဇ်ဟာ အတော့ကို ပျော့ပြောင်းသွားပါပြီ။

ဒါနဲ့ပဲ ရာဇာဓိရာဇ်ဟာ၊ စကြိုသူမြတ်ထံမှာ သီလခံယူပြီးတော့၊ ဖမ်းလာတဲ့သူရဲ့ သံ့ပန်းတွေကို ပြန်လှူပါတယ်၊ ရေစက်ချပါတယ်၊ စစ်ကိုရုပ်သိမ်းပြီး ဟံသာဝတီကို စုန်ဆင်းတော့မယ်ပေါ့၊ မစုန်ဆင်းခင် အင်းဝသို့ ရောက်ခဲ့တဲ့ အထိမ်းအမှတ် အနေနဲ့၊ ဘုရားကျောင်းတစ်ဆောင် လှူဒါန်းလိုတဲ့အကြောင်း၊ စကြိုသူမြတ်ကို လျှောက်တော့ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာပါဘဲ။

ရွှေကြက်ယက်ဘုရားမှာဘဲ ကျောင်းဆောင်တစ်ဆောင် ဆောက်ပါတယ်၊ ရာဇာဓိရာဇ်ရဲ့ သဒ္ဓါဘယ်လောက်ကြီးသလဲဆိုတော့၊ သူစီးလာတဲ့ ရွှေဖေါင်ကြီးကို ဖျက်ပြီးတော့ကို ဆောက်တာပါ၊ ဖေါင်ပေါ်မှာပါတဲ့ သစ်သားရုပ်လုံး ပန်းပုအားလုံးကို ကျောင်းဆောင်မှာ မွမ်းမံချယ်သစေတာပါ၊ ကျောင်းဆောက်ပြီးတော့ ရေစက်ချ လှူဒါန်းတော်မူခဲ့ပါတယ်၊ ဘယ်လောက်သဒ္ဓါထက်သန်သလဲဆိုတာ စဉ်းစားသာကြည့်ပေတော့၊ အဲဒါနဲ့ စစ်ကို ရုပ်သိမ်း၊ ဟံသာဝတီ စုန်ဆင်းမယ်ပေါ့၊ စိတ်လတ် ကြည်လင် ဝမ်းမြောက်ဝမ်းသာပေါ့၊ တပ်ရုပ်ပြန်တယ်ဆိုပါတော့။

ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းမှာ ဘယ်လိုဆိုထားသလဲဆိုတော့ - "ရေတပ်၊ ကြည်းတပ်များကို နှုတ်ကာ၊ အင်းဝမှ ခွာ၍ ရာဇာဓိရာဇ်စုန်သည်မှာ အသူရာ စစ်တပ်နှင့် တူလှပေသည်"။ လို့ ဖော်ပြပါတယ်။ သိကြာမင်းကိုတောင် စစ်ခင်းနိုင်တဲ့အင်အားပါ၊ ဘုရင်မင်းခေါင် ထိတ်လန့်မယ်ဆိုလဲ ဆိုလောက်စရာပါဘဲ၊ ရေတပ်မှာတင်၊ ဗိုလ်ပါ ခုနှစ်သောင်းလို့ဆိုပါတယ်၊ ကြည်းတပ်မှာ ဗိုလ်ပါ သုံးသောင်း၊ စုစုပေါင်း တစ်သိန်းအင်အားရှိပါတယ်၊ ဒီလောက်အင်အားနဲ့ အင်းဝကို ချီခဲ့တယ်ဆိုတာ ထိတ်လန့်လောက်စရာပါဘဲ။

ရာဇာဓိရာဇ်တို့ စုန်ဆင်းပြီဆိုတာကို သိတာနဲ့ ရွှေကြက်ယက်ဘုရားမှာ၊ ရာဇာဓိရာဇ် ဆောက်လုပ်လှူဒါန်းထားတဲ့ ဘုရားကျောင်းကို၊ ဘုရင်မင်းခေါင်က မီးတင်တိုက်စေပါတယ်၊ ရာဇာဓိရာဇ်ကလည်း ရွှေကြက်ယက်ဘုရားတန်တိုင်းက မီးခိုးလုံးကြီး တက်လာတာကို

မြင်တာပေါ့၊ မြင်တာနဲ့ ဘယ်လိုဖြစ်မယ်ထင်သလဲ။ ဘုရင်နော် စစ်သည်အင်အား တစ်သိန်းကို ပိုင်ဆိုင်ထားတဲ့ဘုရင်၊ ကိုယ်လုပ်ခဲ့တဲ့ကုသိုလ်ကောင်းမှုကို ဖျက်ဆီးပစ်တာ၊ ဒေါသထွက်တာပေါ့၊ စိတ်ဆိုးတာပေါ့၊ ဒါနဲ့-

"ငါဆောက်လုပ်လှူဒါန်းထားသည့် ဘုရားကျောင်းဆောင်ကို မီးရှို့ဖျက်ဆီးပစ်ပြီ တပ်ကိုရပ်ကြ၊ အင်းဝကို ငါရအောင်ပြန်တိုက်မည်" ဆိုပြီးတော့ ဒေါသနဲ့ မိန့်တော်မူတာပေါ့၊ လေ့တွေအားလုံးရပ်၊ အမတ်ဒိန်တောင် အလွန်ကြောက်ရွံ့မိတယ်လို့ ဆိုပါတယ်၊ နည်းတဲ့ဒေါသလား၊ အမတ်ဒိန်ဆိုတာတခြားလူဟုတ်ရိုးလား၊ ရာဇာဓိရာဇ် အဖေလက်ထက်ကတည်းက အမှုတော်ထမ်းခဲ့တဲ့လူ ရာဇာဓိရာဇ်ဘုရင်မဖြစ်ခင်၊ ဗညားနွဲ့လက်ထက်ကတည်းက မြို့တံခါးကို တချပ်တည်းဖွင့်ပေးခဲ့လို့၊ ရာဇာဓိရာဇ်ရယ်လို့ ဘုရင်ဖြစ်လာတဲ့အချိန်မှာ "ငါ၏ စကျွန့်နှစ်ဖက်၊ မျက်စိ နှစ်လုံးတွင် ပြောင့်စူးဝင်ခဲ့သည်မှာ တဖက်ကထွက်သွားပြီး၊ ကျန်တဖက်တွင် မထွက်သေး" လို့ ရာဇဝင် တွင်ခဲ့တဲ့သူပါ၊ ငယ်မွေးခြံပေါက်၊ ဆိုကြပါစို့၊ သူတောင် ရာဇာဓိရာဇ်ရဲ့ အမျက်ဒေါသကို ကြောက်ရွံ့ရတဲ့အထိပါဘဲ။

ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းမှာ ဘယ်လိုဆိုထားသလဲဆိုတော့ -

"ပဝေသဏီအစဉ်အလာအရ၊ မဟုတ်သော တိုက်စစ်နည်းဖြစ်မည်စိုးသဖြင့်၊ ကြောက်လျှက်ပင်၊ အတင်းဦးခိုက်၍ ရာဇာဓိရာဇ်အား လျှောက်ထားလေ၏" ဆိုပြီး၊ အမတ်ဒိန်က လျှောက်ပါတယ်။

ဒီလောက်အမျက်ဒေါသထွက်နေတဲ့၊ ဘုရင်ရာဇာဓိရာဇ်ကို ဒေါသပြေသွားအောင် လှေဦးပြန်မလှည့်ဖြစ်အောင်၊ အင်းဝကို ပြန်မတိုက်တော့ဘဲ၊ ဟံသာဝတီပြန်ပြီး စုန်ဆင်းသွားအောင် အမတ်ဒိန်က ဘယ်လိုများ ပြောခဲ့လေသလဲဆိုတော့ ပညာရှာစရာ သမိုင်းစာမျက်နှာအဖြစ် ဖွင့်ပြလိုက်ရပါတော့တယ်။

"အရှင်မင်းကြီး၏ ကုသိုလ်ကောင်းမှုကို သင်းတို့ဖျက်ဆီးပစ်သည်မှာ အရှင်မင်းကြီးအတွက် ကောင်းဖို့ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်၊ အကြင် ပုဂ္ဂိုလ်သည် ကြီးပွားလိုပါက၊ ကုသိုလ်ကောင်းမှုပြုရပါမည်။ သာသနာ့အထောက်အပံ့ဖြစ်စေရန် ဆောက်လုပ်လှူဒါန်းထားသော အရှင်မင်းကြီး၏ ကုသိုလ်ကောင်းမှုကို ယင်းသို့ ဘုရင်မင်းခေါင်က မီးတိုက်ဖျက်ဆီးသည်မှာ အရှင်မင်းခေါင်သည် သူ၏တန်ခိုးအာနုဘော် ပျော့ညံ့သွားအောင် သူပြုသည်နှင့်မတူသလော။ ယင်းသို့ တန်ခိုးအာနုဘော်မရှိလျှင် ဘုရင်မင်းခေါင်သည် အရှင်မင်းကြီးနှင့် စစ်ပြိုင်တိုက်ခိုက်၍ အောင်မြင်ရန် လမ်းမရှိတော့ပါ၊ ဘုရင်မင်းခေါင်သည် ရတနာသုံးပါးနှင့် သာသနာတော်ကို ဖျက်ဆီးသူဖြစ်တော့သည်။ မီးခဲကို ကိုင်သောသူ၏လက်ကိုသာ မီးလောင်သကဲ့သို့ အရှင်မင်းကြီး၏ ကုသိုလ်ကို ဖျက်ဆီးသော ဘုရင်မင်းခေါင်၌သာ အပြစ်တွေ ကျရောက်မည်၊ အရှင်မင်းကြီး၏ ကုသိုလ်မှာ ရေစက်ချလှူဒါန်းထားပြီးဖြစ်၍ ထိုအလှူဒါနသည် အထမြောက်ခဲ့ပြီ သဒ္ဒါတရားဖြင့် သာသနာကို ဆောင်ထားသည့် ကောင်းမှုကား အဟောသိကံမဖြစ်၊ ပျက်မသွားပါ၊ ကုသိုလ်ကောင်းမှု တရားဘာဝနာကို ပွားများသူသည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မည်။ မြတ်စွာဘုရား ဟောကြားထားသော တရားတော်တွင် အကြင်သူသည် စစ်သေနင်္ဂဗျူဟာခင်း၍ အကြိမ်တစ်ရာ၊ အကြိမ် တစ်ထောင်ပင် အောင်မြင်သော်လည်း ခန္ဓီဟုဆိုအပ်သော သည်းခံခြင်းစစ်ကို တစ်ကြိမ်အောင်မြင်သည်နှင့် မညီသေး။ ခန္တီတရားကို ဆောင်ရသော ကုသလအကျိုး အာနိသင်သည် အခြားကုသိုလ်များ

ထက် အဆများစွာ သာလွန်ပါသည်။ အခြားတစ်ဖက်တွင်လည်း ထွက်ပြီးသော ဆင်စွယ်တို့မည်သည် ပြန်ဝင်သည်ဟူ၍ မရှိသကဲ့ သို့ မင်းဧကရာဇ်မည်သည် ပေးပြီးသောအမိန့်ကို ပြန် လည် ရုပ်သိမ်းသည်ဟူ၍ မရှိပါ။ အရှင်မင်းကြီးသည် ဟံသာဝတီသို့ စုန်ပါတော့မည်ဟု ပင်းယစကြိုသူမြတ်အား ဝန်ခံကတိပြုခဲ့ပြီးပြီ။ ယခုမူ အတိတ် အနာဂတ်အရေးကို မသိသော ရတနာသုံးပါးနှင့် သာသနာကို ဖျက်ဆီးသောသူအား မျက်သဖြင့် ဟံသာဝတီသို့ မစုန်တော့ပဲ အင်းဝသို့ ပြန်၍ တိုက်ခိုက်တော့ မည်ဟု အရှင်မင်းကြီးမိန့်ပြန်သည်မှာ မသင့်လျော်၊ တရားနည်းလမ်းမကျဟု ကျွန်ုပ်မြင်သဖြင့် ရွှေဖဝါး တော် အောက်ကို ရှိခိုး လျှောက်ထားခဲ့ကြောင်း

-------------၊ ။

(နိုင်ဇိန်)

<u>ကျမ်းကိုး</u>

၁။ မွန်ဝန်ကြီးဗညားဒလ - ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း။

၂။ ဒေါက်တာနိုင်ပန်းလှ - ဟံသာဝတီခေတ်ဘုရင်များ (ဟံသာဝတီခေတ်မော်ကွန်းဝင်စာတန်းမှ)

---

# "THE CLOUDS"

When the clouds fill the sky,
The sun cannot shine through.
However,if the sun stays high,
Soon it will find cleavages
and shines through
Touches all the beautiful threes.
Soon the clouds
Also gather together
And the rain fall quietly
Also touches the grass and trees.
After the rain now rainbow's there
Such is the orchestration of nature
That lands beauty to mother earth
and to all living things.

Napamas Dhiravegin
August,4 -1988.

ထိုင်းကဗျာဆရာမNopamas Dhiravegin ၏ Peace and Unity ကဗျာစာအုပ်မှ The clouds ကဗျာကိုပြန်ဆိုပါသည်။)

## "တိမ်တိုက်များ"

ဘယ်လောက်ပဲ
နေမင်းကြီးအမြင့်မှာရောက်နေနေ
ကောင်းကင်မှာတိမ်တိုက်တွေနဲ့ပြည့်နေရင်
တောက်ပတဲ့နေရောင်ဟာမထိုးဖေါက်နိုင်ဘူး။
မကြာမီ
အက်ကြောင်းရာကိုတွေ့ရပြီး
လှပတဲ့သစ်ပင်တိုင်းကိုပွေ့ဖက်ဖို့
အလင်းရောင်ထိုးဖေါက်လာလိမ့်မယ်။
မကြာမီ
တိမ်တိုက်တွေဟာ
တစ်စုတစ်ဝေးတည်းဖြစ်ပြီး
မိုးအဖြစ်ညင်သာစွာရွာချ
မြက်နဲ့သစ်ပင်တွေကိုပွေ့ဖက်ကြလိမ့်မယ်။
မိုးရွာပြီးတဲ့အခါ
ဟော --- ဟိုမှာ --- သက်တံ။
ဒီလိုနဲ့
သဘာဝရဲ့သံစုံတီးခတ်မှုတွေက
အမိမြေလွှာနဲ့
သက်ရှိအရာအားလုံးကို
လှပထွန်းသစ်စေပေါ့။ ။

(မေဖွန်အေး)



# ဟံသာဝတီခေတ် မွန်သူရဲကောင်း
# သမိန်ဗြုတ်ဇ

**အောင်ခင်စိုး**

ဟံသာဝတီခေတ် သူရဲကောင်းများတွင် ရာဇာဓိရာဇ် (အေဒီ ၁၃၈၅-၁၄၂၃)၏ သူရဲကောင်းများတွင် ဗိုလ်မင်းဗြုတ်ဇသည် အလွန်ထင်ရှားပေသည်။

ရာဇာဓိရာဇ်သည် ဟံသာဝတီထီးနန်းရရှိရေးအတွက် စစ်အင်ခင်းကျင်း၍ တိုက်ခိုက်ခဲ့ရ၏။ အင်းဝမှ ဘုရင်မင်းခေါင်နှင့်လည်း အနှစ်လေးဆယ်ကြာမျှ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရ၏။ ထိုသို့ တိုက်ခိုက်ခဲ့ရာတွင် ကိုယ်တိုင် စစ်ခေါင်းဆောင်အဖြစ် တိုက်ခိုက်ခဲ့ရသလို အားထားရသော သူရဲကောင်း ဗိုလ်မင်းဗြုတ်ဇကို ဦးဆောင်တိုက်ခိုက်စေသည်လည်းရှိခဲ့သည်။ ရာဇာဓိရာဇ် အားထားလေးစားရသော သူရဲကောင်း ဗိုလ်မင်းဗြုတ်ဇ (သို့မဟုတ်) သမိန်ဗြုတ်ဇသည် သူရသတ္တိနှင့် ပြည့်စုံ၍ အတိုက်အခိုက် ထူးချွန်သူဖြစ်သည်သာမက အမြော်အမြင်ကြီးမားသူလည်းဖြစ်ပါသည်။

သမိန်ဗြုတ်ဇ၏ အမည်ရင်းမှာ "သန်ဗြန်" ဖြစ်၏။ ရာဇာဓိရာဇ်သဘောကျသဖြင့် "ဗြုတ်ဇ" ဟူသော ဘွဲ့အမည်ပေးခဲ့ခြင်းဖြစ်၏။

မွန်သူရဲကောင်း ဗိုလ်မင်းဗြုတ်ဇသည် အင်းဝစစ်သည်များကို ဆင်ဖြင့်တိုက်ရာတွင် ဆင်ပေါ်မှ ဆင်းပါက အချိန်ဖင့်နွဲ့၍ တိုက်အားလျော့နည်းမည်စိုးသဖြင့် ဆင်ပေါ်မှာပင် အပေါ့စွန့်ရန် ထွေးခံတင်၍ တိုက်ခဲ့ပြန်သည်အထိ ဇွဲနဘဲဖြင့်အောင်ပွဲရအောင် တိုက်ခိုက်ခဲ့သော သူရဲကောင်းဖြစ်သည်။ ထိုသူရဲကောင်း ဗိုလ်မင်းဗြုတ်ဇသည် ဉာဏ်အမြော်အမြင်နှင့်လည်း ပြည့်စုံသူဖြစ်သောကြောင့် ရာဇာဓိရာဇ်ကအမြဲတစေ တိုင်ပင်ခဲ့ရလေသည်။

တစ်ခါသော် ရာဇာဓိရာဇ်သည် ဗိုလ်မင်းဗြုတ်ဇနှင့် အမတ်ဒိန်တို့၏ စကားကို မနာယူဘဲအခြားမင်းပြောင်တို့၏ စကားကိုနာယူမိသဖြင့် စစ်ရေးနိမ့်ခဲ့ရသည်ကို ရာဇာဓိရာဇ်က -

"ငါသည် ဗိုလ်မင်းဗြုတ်ဇနှင့် အမတ်ဒိန်တို့စကားကို မနာဘဲ ခွေးကဲ့သို့ လူများ စကားကိုယုံမိချေသောကြောင့် သို့စဉ်အတွက် အရှက်ရချေသည်" ဟူ၍ ဆိုခဲ့ဘူးလေသည်။

စစ်ရေးအရ ကြိုတင်တွေးဆထားသော ဗိုလ်မင်းဗြုတ်ဇ၏ ယူဆချက်အတိုင်း မြန်မာတို့၏ အင်းဝဘုရင်မင်းခေါင်းက စစ်ရေးငင်လာသဖြင့် ရာဇာဓိရာဇ်က "သည်အမတ်မင်းကြီး မြင်သည့်အမြင်သည် ဒိဗ္ဗစက္ခုဉာဏ်ရသည်နှင့်အတူ ဖြစ်သည်၊ အမတ်ကြီးအရာမြောက်ထိုက်လှပေသည်။" ချီးကျူးစကားဆိုခဲ့ဘူးလေသည်။

ဤသို့သော စစ်ရေးအမြင်မျိုးရှိသော သူရဲကောင်း ဗိုလ်မင်းဖြတ်ဇသည် ကတိသစ္စာလည်း တည်သူတစ်ဦးဖြစ်ကြောင်းသိရ၏။ ရာဇမိရာဇ်သည် ပုသိမ်မြို့ကို တိုက်ခိုက်သိမ်းယူရာတွင် ပုသိမ်စားလောက်ရှိန်သည် အညှံ့မခံ၊ လူသူအချို့ကို စုရုံးခေါ်ငင်ကာ သံတွဲမြို့သို့ထွက်ပြေးဝင်ရောက်နေထိုင်လေသည်။ ထိုအခါ ရာဇမိရာဇ်၏ စေလွှတ်ချက်အရ ဗိုလ်မင်းဖြတ်ဇဦးဆောင်သော တပ်များသည် သံတွဲမြို့ကို ဝန်းရံလုပ်ကြံသည်။ သံတွဲမြို့သားတို့ ကြံ့ကြံ့ခံကြသဖြင့် ရုတ်ချည်းမအောင်မြင်။ သို့ရာတွင် သံတွဲမြို့သားတို့မှာ စားရေးရိက္ခာ အခက်အခဲရှိလာသဖြင့် ဗိုလ်မင်းဖြတ်ဇတို့အား-

"ယခုလာသည်မှာ သံတွဲမြို့ကို တိုက်ခိုက်သိမ်းယူရန်လာပါသလော၊ သို့တည်းမဟုတ် ရန်သူလောက်ရှိန်ကို အလိုရှိ၍လာပါသလော"

ဗိုလ်မင်းဖြတ်ဇတို့က -

"ငါတို့လာသည်၊ မင်းတို့ကို တိုက်မည်မလာ၊ ငါတို့ရန်သူပြေး လေသည်ကိုလို၍သာလာသည်။ တို့ရန်သူကိုပေးကပြန်မည်" ဟုဆိုလေသည်။ ထိုအခါ သံတွဲသားတို့သည် ဗိုလ်မင်းဖြတ်ဇတို့အား သစ္စာပြုစေပြီးနောက် လောက်ရှိန်ကို ထုတ်ပေးခဲ့၏။ ဗိုလ်မင်းဖြတ်ဇတို့အဖို့ မိမိတို့လက်တွင်းသို့ လောက်ရှိန်ရောက်ပြီးမှ စားရေးရိက္ခာ ရှားပါးစပြု၍ အားနည်းနေသော သံတွဲသားတို့ အခြေအနေကို သိကြရ၏။ နောက်လေးငါးရက်ခန့် ဆက်၍ ဝန်းရံထားပါက သံတွဲမြို့ကို အလွယ်တကူ သိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း သိရှိကြသည်တွင် ဗိုလ်မင်းဖြတ်ဇ၏အဖော်တို့က ကတိသစ္စာထားခဲ့သည်ကို ဖျက်၍ သံတွဲမြို့ကိုပါ သိမ်းယူရန် တိုက်တွန်းကြသည်။

သို့သော် ဗိုလ်မင်းဖြတ်ဇက လုံးဝလက်မခံပေ။ ကတိသစ္စာထားခဲ့သည်နှင့်အညီ သံတွဲကိုမတိုက်တော့ဘဲ လောက်ရှိန်ကိုသာခေါ်၍ ဟံသာဝတီသို့ ပြန်ခဲ့၏။ ယင်းအချက်ကို မကျေနပ်ကြသော လက်အောက်ခံ စစ်ရေးခေါင်းဆောင်ငယ်တို့က ရာဇာမိရာဇ်ကို တိုင်တန်း လျှောက်ထားကြလေသည်။ ဤတွင် ဗိုလ်မင်းဖြတ်ဇက ရာဇာမိရာဇ်အား စစ်ရေးတွင်လည်းကောင်း၊ လူ့လောကအရေးတွင်လည်းကောင်း ကတိသစ္စာ၏ အရေးကြီးပုံကို ရှင်းလင်းတင်ပြ လျှောက်ထားသည်ကို ရာဇာမိရာဇ်သည် လက်ခံရုံမျှမက ချီးကျူးခြင်းပင် ပြုခဲ့လေသည်။

"စစ်ရေးကား နှစ်ပါးရှိသည်။ နှုတ်ရေးမြင့်ပြီးသည့် စစ်ရေးလည်းတစ်ပါး၊ လက်ရေးဖြင့်ပြီးသည့် စစ်ရေးလည်းတစ်ပါး၊ သည်အရေးကား အရေးဆို၍ သစ္စာပြုကြမှ ရန်သူကိုပို့လာသည်။ နောက်မှ သစ္စာဖောက်၍ သူ့ကို ဖျက်စီးပြန်သော် ရှေ့သို့ကို သံတွဲမြို့သားတို့အား ပုံပြ၍ နှုတ်ရေးနှင့်ပြီးမည့်အရေးမရှိချေပြီ။ လက်ရေးနှင့်အသက်ကိုစွန့်မှသာ ရချေတော့မည်။ အကြင်သူသည် သစ္စာပြု၍ သူ့သစ္စာကို ခံပြီးမှ သစ္စာကို ဖောက်ဖျက်သဖြင့် ဖောက်ပြန်ချေသော် သစ္စာရောက်၍ အသက်သော်လည်း သေမည်။ မသေသော်လည်း ချမ်းသာမရရှိမည်"

ဗိုလ်မင်းဖြတ်ဇသည် လေးစားမြတ်နိုးဖွယ် ကောင်းသော သူရဲကောင်းတစ်ဦးဖြစ်လေသည်။ ရာဇ မိရာဇ်သည် သက်ဦးဆံပိုင်ဘုရင်ဖြစ်လင့်ကစား ရာဇ မိရာဇ်၌ ပျော့ကွက်၊ ညံ့ကွက်တို့ရှိလာပါက မကြောက် မရွံ့ စေတနာအမှန်ဖြင့် ဝေဖန်ထောက်ပြခဲ့သူလည်း ဖြစ်ပါသည်။

ရာဇာမိရာဇ်နှင့် မင်းခေါင်တို့ သူနိုင် ငါနိုင် အကျိတ်အနယ် စစ်ပြိုင်နေစဉ်အတွင်း တစ်ခါသော် ရာဇာမိရာဇ်၏ မိဖုရား သုတမာယာသည် မင်းခေါင် လက်တွင် သုံ့ပန်းဖြစ်နေသော သူမ၏ ဖခင်အမတ်ကြီး ဇိပ်ပြလွတ်မြောက်ရေးအတွက် စစ်ရေးတွင် ဝင်ရောက် စွက်ဖက်ပူဆာလာသည်။ ထိုအခါ ရာဇာမိရာဇ်က မိဖုရားသဘောကို လိုက်လျောလိုသဖြင့် ဗိုလ်မင်းမြတ်ဇ အား မည်သို့သဘောရပါသနည်းဟု မေးတော်မူ၏။ ဤတွင် ဗိုလ်မင်းမြတ်ဇက -

"စစ်မှုတွင်သာရှုံးမည်၊ နိုင်မည် အရေး ကို ကျွန်ုပ်သိပါသည်။ ကျွန်ုပ်တို့သခင် မိန်းမရှုံးသည့်အရေးကို မသိပါ" ဟူ၍ မထောက်မညှာ ဝေဖန်ပြောဆိုခဲ့ခြင်း ဖြင့် ရာဇာမိရာဇ်အား အမှန်ကို သိမြင် ခဲ့စေသည်။

ဤသို့လျှင် ဘုရင်ရာဇာမိရာဇ်၏ သူရဲကောင်း များအနက် သူရသတ္တိအရာတွင်လည်းကောင်း၊ တိုက် ရေး၊ ခိုက်ရေးတွင်လည်းကောင်း၊ စိတ်ဓါတ်ရေးအရာ တွင်လည်းကောင်း၊ ထူးခြားသည့် ဗိုလ်မင်းမြတ်ဇကို ရာဇာမိရာဇ်သည် လွန်စွာ ချစ်ခင်မြတ်နိုးခြင်းရှိခဲ့ လေသည်။



ဗိုလ်မင်းဖြတ်ဇ ဖျားနာ၍ အနိစ္စရောက်သော အခါ ရာဇာမိရာဇ်သည် မင်းဇေတ္တရာဇ် ရင့်မကြီးဖြစ်ပါ လျက်က -

"ဗိုလ်မင်း ငါ့ကိုပစ်၍ သွားသည်။ ဘယ် သူနှင့် ငါကြံဖော်ပြုရမည်နည်း" ဟု ဆိုကာ သည်းထန်စွာ ငိုကြွေးခဲ့လေ သည်။

ဤသည်မှာ မွန်မင်း ရာဇာမိရာဇ်၏ ထင်ရှား ထက်မြက်သော မွန်သူရဲကောင်းပင်ဖြစ်လေသည်။ ။

*(အောင်ခင်စိုး)*


ကျမ်းကိုး

၁။ မွန်ဝန်ကြီး ဗညားဒလ - ရာဇာမိရာဇ် အရေးတော်ပုံကျမ်း

၂။ ဦးဝင်းမောင် (မင်းယုဝေ) - ဟံသာဝတီခေတ် မော်ကွန်းဝင်စာတန်းများ။

# ပြည်သူချစ်သော

## မွန်အနုပညာရှင် ဝင
# တကလေးစိန်



ဒီဇိုင်း မောင်ညီညီ

# ပြည့်သူချစ်သော မွန်အနုပညာရှင်
## စာကလေးစိန်

ကောဇာသက္ကရာဇ် ၁၂၈၅-ခုနှစ်၊ ပြာသိုလဆန်း (၁၁) ရက်၊ တနင်္ဂနွေနေ့မှာ သူ့ကို မွေးပါတယ်၊ သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာမှာပါ။ နက္ခတ်ဗေဒင်ကိန်းခန်းအလိုအရ သူ့မိဘများက သူ့ကို "အလ" လို့ အမည်ပေးခဲ့ကြပါတယ်။ သူ့မိဘများဖြစ်ကြတဲ့ "နိုင်ကျဲ" နှင့် "မိညွန့်" တို့မှာ သူ့အပြင် မွေးချင်း ခြောက်ယောက်ရှိပါတယ်။ သူ့အထက်က လေးယောက်၊ အစ်မတွေပါ။ သူ့အောက်မှာတော့ ယောက်ကျားလေး တစ်ယောက်နဲ့ မိန်းကလေး တစ်ယောက်ပါ။

သူ့ရဲ့ လက်ဦးဆရာကတော့ ပင်ကျေးရွာက ဘလောက်ကျောင်းဆရာတော်ပါ။ မွန်စာပေနဲ့ ပရိယတ္တိစာပေတွေကို ဆရာတော်ဆီက သူအတော်အတန် ခရီးပေါက်အောင် သင်ယူခဲ့ပါတယ်။ ရွာမှာက အလှူရှိရင် ဆိုင်းကတော့ပါစမြဲပါ။ မင်းသား မင်းသမီးတွေ ဘယ်လိုဘဲပါလာပါလာ ရွာခံလူတွေ ဝင်ဝင်ပြီး ကတာက အစဉ်အလာတစ်ခုပါဘဲ၊ ဒီလိုဝင်ဝင်ကတဲ့လူတွေထဲမှာ "အလ" က အမြဲတန်းပါတဲ့လူပေါ့။ အသက် (၁၂) အရွယ်မှာ သာမဏေအဖြစ် တစ်ခါ၊ အသက် (၂၀) အရွယ်မှာ ရဟန်းဘောင်မှာတစ်ခါ၊ အလ သက်န်းစည်းခဲ့ပါတယ်။ သက်န်းစည်းတာဟာ သာမဏေအဖြစ်နဲ့ အမေ့ကျေးဇူးဆပ်ဖို့ ရဟန်းအဖြစ်နဲ့၊ အဖေ့ကျေးဇူးဆပ်ဖို့၊ ဒါကမွန်လူမျိုးတို့ရဲ့ အယူအဆနဲ့ ယုံကြည်ချက်ပါ။ "အလ" တို့မိသားစုက ဒီအယူအဆ ဒီယုံကြည်ချက်ကို လိုက်နာကျင့်သုံးတဲ့ မိသားစုပါ။

ပုခက်လွှဲရင်းသီချင်းဆို၊ လယ်လုပ်ရင်း သီချင်းဆို၊ ဒါက ရွာမှာရှိတဲ့ဓလေ့ပါ။ မွန်တွေဆိုဆိုနေကြတဲ့ သားချော့သီချင်း သုံးပုဒ်ရှိပါတယ်။ လူသိများတဲ့ ရှေးဟောင်း သားချော့သီချင်းတွေပါ။ ဒီသီချင်းတွေကတော့ ယခုခေတ်ဆိုနေကြတဲ့ မွန်ရိုးရာနှစ်ပါးသွားအက (သွာဒွက်) သီချင်းအလိုက်ပါ။ သံစဉ်တွေတူကြပါတယ်။ တစ်ခုတည်းလို့တောင် ပြောလို့ရပါတယ်။ အကြောင်းအရာက စပ်ဆို သီဆိုတဲ့လူပေါ် မူတည်ပါတယ်။ စပ်ဆိုတဲ့လူရဲ့ စာပေဝေါဟာရကြွယ်ဝမှုအပေါ် စာသားထိမိမှု ကွာခြားကြပါတယ်။ ဒီနေရာမှာတော့ မေးစရာတစ်ခုရှိပါတယ်။ လူတိုင်း လက်တန်းစပ်ဆိုနိုင်သလားဆိုတာပါဘဲ။ ဘုန်းတော်ကြီးကျောင်းမှာ မွန်စာကို ကောင်းကောင်းသင်ခဲ့ရ၊ မွန်ကဗျာစပ်နည်းကို ကောင်းကောင်းသင်ခဲ့ရတဲ့လူတိုင်း လက်တန်း စပ်ဆိုနိုင်ကြပါတယ်။

"အလ" ကတော့ ရွာရဲ့အလှူပွဲကို ရောက်ရောက်လာတဲ့ဆိုင်းအဖွဲ့ရဲ့ ရွာခံမင်းသားလို့ ပြောရမှာဖြစ်ပါတယ်။ သူကလည်း အမြဲတန်း ဝင်ဝင်ကပါတယ်။ သူ့ရဲ့ အနုပညာအရည်အချင်းကို အသိအမှတ်မပြုလို့မရဘူး။ လက်ခံနိုင်အောင်လည်း အရည်အသွေး ပြည့်ဝပါတယ်။ ဒီလိုလူတွေ လက်ခံလာကြ၊ အားပေးလာကြတာ သူ့ကိုဆက်ပြီး လေ့လာဖို့၊ ကြိုးစားဖို့ တွန်းပို့လိုက်တာဘဲဖြစ်ပါတယ်။ ပင်ကျေးရွာက နိုင်ကျမ်း (အဲကျုံ့) ဆိုရင် သူ့ရဲ့လက်ထပ်သင်ဆရာပါ။ ပင်ကျေးရွာက မင်းသား မွန်စိန်ပု၊ နှီးပဒေါ်ရွာက ယမ်းချူး (ယျင်ဆူ)၊ ယမ်လှိုင် (ယျင်လှိုင်)၊ ကွမ်လျာရွာက ယမ်ကျော်(ယျင်ဂျင်)၊ မော့ကနင်ရွာက နိုင်ကျော်ရင်၊ ပငရွာက နိုင်ဗျကဒါတ် (ဗျကဒါတ်) တို့ဟာ သူ့ရဲ့ ဆရာအရင်းတွေပါ။

အသက် (၃၀)မှာ သံဖြူမြို့နယ် ဝဲရက်ရွာသူ မိရှိန်နှင့် သူအိမ်ထောင်ကျပါတယ်။ အလှူပွဲတွေမှာ သူဝင်ဝင်ကပေမယ့် အိမ်ထောင်ကျတဲ့အချိန်အထိ ဆိုင်းအဖွဲ့နဲ့လိုက်ပြီး သူမကသေးပါဘူး။ ဒုတိယ သမီးမွေးပြီး အသက် (၃၅) နှစ်ရတော့မှ သူကတာပါ။ ဟိုဖက်ရွာ ဒီဖက်ရွာ လိုက်ကတာကလည်း အခကြေးငွေ ရလို့

မဟုတ်ပါဘူး။ အလှူရှင်က ဖိတ်ကြားလို့ စရိတ်စက ခံလို့ လိုက်ကတာပါ။ ပညာကန်တော့တဲ့သဘောပါ။ ဒီလို လိုက်လိုက်လာတော့ အလှူအတန်းများတဲ့ရွာကြီးတွေကို ခဏခဏရောက်ဖြစ်ပါတယ်။ အထူးသဖြင့် ကမာဝက်တို့ ကလော့သော့တို့လိုရွာမျိုးဆိုရင် ခဏခဏ ရောက်ပါတယ်။ "အလ" ရဲ့ အကောင်းဆုံး၊ လူကြိုက်အများဆုံး၊ အပြောင်မြောက်ဆုံး ကကွက်က ရိုးရာမွန်နှစ်ပါးသွား (သုဂ္ဂဝက်) ထဲက လူပျိုလှည့်ကကွက်ပါဘဲ၊ ကြက်မကို ကြက်ဖရစ်တဲ့ဟန်၊ အပျိုကို လူပျိုက မထိတထိ ချစ်ရေးဆို ကြည်စယ်တဲ့ဟန်၊ ဒီအကွက်တွေပါ။ သူ့အကြောင်းပြောရင် ဒီကကွက်ကို ချန်ထားလို့မရပါဘူး။ ညဥ့်အချိန်မှာက မနက်လင်းလို့ ရွာထဲလျှောက်ရင် ပြုံးစိစိနဲ့ သူ့ကို (ဂစေံမင်သို) စာကလေးစိန်လို့ ပြောကြ စကြ ထောမနာပြုကြပါတယ်။ ဒီတော့ ငယ်အမည်ပျောက်ပြီး "စာကလေးစိန်" လို့ တွင်တော့တာပါဘဲ။ ကြီးသူရော ငယ်သူပါ နာမည်မေးရင် "အလ" လို့ ဘယ်သူမှ မသိကြတော့ပါဘူး။ "ဂစေံပင်သို" (စာကလေးစိန်) လို့ပဲ အနုပညာနယ်ပယ်မှာ သူ့နာမည်ကျန်ရစ်ပါတယ်။ သူ့ကို ဒီအမည်ပေးလိုက်ကြတာကလည်း ကမာဝက်နှင့် ကလောသော့ကျေးရွာက သူ့ကို ချစ်ကြတဲ့ အနုပညာ ပရိသတ်တွေပါ။

ဟသ်ာစိန်ဆိုတဲ့အမည်နဲ့ ကျော်ကြားပြီး ပင ကျေးရွာမှာ ကွယ်လွန်ခဲ့တဲ့ မွန်အနုပညာရှင် မိစိန်ငုံ၊ မုဒုံမြို့နယ် ကော့စလွယ်ကျေးရွာမှာ ကွယ်လွန်ခဲ့တဲ့ မွန်အနုပညာရှင် မိငွေရီတို့ဟာ သူ့ရဲ့ တစ်အူတုံဆင်း မွေးချင်းတွေပါ။ ထောင်သယောဆရာများဖြစ်ကြတဲ့ ယမ်ရဲ (ယျင်ရေဝ်) ယမ်စွန့် (ယျင်ယျောအ်) နိုင်စိန်၊ ပုလွေဆရာ နိုင်အောင်ကြည်၊ နှစ်ကိုင်းကျေးရွာက မိကျောင်းဆရာ နိုင်ကံသာ၊ မင်းသမီးများဖြစ်ကြတဲ့ ယောင်းဒေါင်းကျေးရွာက မိကွန်မေ၊ မိအိန်း၊ မိသိန်းရှင်၊ မိတင်လှ (ထောင်သယောဆရာယမ်ရွှန့်၏သမီး)၊ မိခင်စန်းရွှေ၊ မိသောင်းရှင်၊ မိနှင်းဆီနှင့် ကွမ်လျာကျေးရွာက မိလှတင်တို့ဟာ "အလ" ရဲ့ အနုပညာနယ်မြေက လုပ်ဖော် ကိုင်ဖက်တွေပါ။ "အလ" ရဲ့ ပင်တိုင်အကအဖွဲ့ကတော့ ယောင်းဒေါင်းအဖွဲ့ပါ။ ဒီအဖွဲ့ဟာ ယနေ့အထိ မွန်အနုပညာကို ထိန်းသိမ်းနိုင်တဲ့အဖွဲ့လို့ ပြောရမှာဖြစ်ပါတယ်။

မှတ်တမ်းမှတ်ရာတွေက မှတ်သားထားတဲ့ အလေ့အကျင့်၊ စနစ်တကျထိန်းသိမ်းထားတဲ့ စနစ်မရှိလေတော့ သူသီဆိုခဲ့တဲ့သီချင်းတွေကို ဘယ်သူတွေ ရေးသားစပ်ဆိုပေးခဲ့ကြတယ်ဆိုတာ အားလုံး မမှတ်မိတော့ပါဘူး။ ကလော့သော့ရွာက မင်းထွန့် (မာံတောအ်) နှင့် နိုင်ဒွေတို့ရေးသားစပ်ဆိုပေးခဲ့ကြတဲ့ သီချင်းတွေကို အများဆုံး သီဆိုပေးခဲ့ရတာကိုတော့ မှတ်မိနေတုန်းပါ။ ဘုန်းတော်ကြီးကျောင်းတက်ပြီး မွန်စာ၊ မွန်ကဗျာစပ်နည်းတွေ သင်ကြရတော့ မွန်ရိုးရာနှစ်ပါးသွားသီချင်းကို အတော်များများ လက်တန်းစပ်ဆိုနိုင်ကြပါတယ်။ ဒါကြောင့် ရွာကိုရောက်လာတဲ့ ဆိုင်းအဖွဲ့၊ အကအဖွဲ့တွေက မင်းသား၊ မင်းသမီးတွေနဲ့ လူပုံအလယ်မှာဝင်ပြီး လက်တန်းယှဉ်ပြိုင် ကပြ သီဆိုနိုင်တဲ့လူတွေ ရှေးတုန်းက အများကြီးရှိပါတယ်။ အခုခေတ်မှာတော့ ရေနည်းငါးလိုပါဘဲ။ မွန်စာကို သင်ဖို့လည်း ခက်ခဲလာ၊ ကဗျာစပ်နည်းဆိုတာက ပိုပြီးဝေးတာပေါ့၊ လက်တန်းသီချင်းကို စပ်ဆိုနိုင်တဲ့လူမရှိသလောက် ရှားပါးသွားပါပြီ။ အသင့်ရေးသားပြီးသား သီချင်းတွေနဲ့ ကပြကြတဲ့ မွန်ရိုးရာနှစ်ပါးသွားတွေကိုဘဲ အခုခေတ်မှာ ကြည့်ကြရတော့တယ်။

ဇရာပိုင်းကိုရောက်လာတဲ့ "အလ" တီးဝိုင်းအဖွဲ့တွေနဲ့ ရွာလှည့်မကတော့ပါဘူး။ မြို့နယ်တို့၊ ပြည်နယ်တို့က ကမကထ ပြုတဲ့ပွဲတွေမှာလည်း အခါခါ ပါဝင်နွှဲခဲ့ပြီးဖြစ်လို့ ပါဝင်မကတော့ပါဘူး။ ချစ်ဇနီးရဲ့ ဝဲရက်ကျေးရွာမှာဘဲ ဇရာကို အံတုရင်း ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ အသက်မွေးမှုအတွက်

ရှန်းကန်လျှက်ရှိပါတယ်။ တစ်ခါက သူ့ကိုချစ်ကြတဲ့ "စာကလေးစိန်" လို့ လမ်းမှာတွေ့ရင် မှတ်မိနိုင်စရာ တောင် မရှိပါဘူး။ ပြိုင်ပွဲတွေမှာ သူ့ကိုချီးမြှင့်ပေးထား ခဲ့တဲ့ ဂုဏ်ပြုမှတ်တမ်းလွှာတွေ သူ့အိမ်ရဲ့နံရံမှာ ဟို စောင်း သည်ရွဲ့နဲ့ နေရာယူထားကြပါတယ်။

ယခုအချိန်မှာတော့ မွန်အနုပညာဟာ အဖက် ဖက်က ဆုတ်ယုတ်လာတဲ့အချိန်၊ စနစ်တကျ အားပေး မှုကလည်းမရှိ၊ အနုပညာနဲ့အသက်မွေးဝမ်းကျောင်း လည်း မပြုနိုင်လို့ လိုက်စားတဲ့လူကလည်း ခပ်နည်း နည်း၊ မွန်အနုပညာဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင် တဲ့ ယဉ်ကျေးမှုသိပ္ပံလိုကျောင်းကလည်း မရှိလေတော့ မွန်အနုပညာရှင်တွေဟာ ရေနည်းငါးလို ဖြစ်နေပါ တယ်။ အဆက်ဆက် မှတ်တမ်းမှတ်ရာ ကျန်ရစ်မှုက လည်း နည်းပါးလေတော့ ပြန်လည်ဖော်ထုတ်ဖို့တောင် ခပ်ခက်ခက် ဖြစ်နေပြီ။

မွန်အနုပညာရှင် "စာကလေးစိန်" ဟာ ၁၃၆၀ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်၊ ညဦး (၁၁) နာရီ အချိန်မှာ ဝဲရက်ကျေးရွာမှာဘဲ ကွယ်လွန်သွားခဲ့ပါပြီ။ မွန်အနုပညာကို မြတ်နိုးကြသူတွေ တစ်ခါက သူ့ကို ချစ်ခင်ကြတဲ့လူတွေအားလုံး "အလ" ကို မေ့သွားကြ တော့မှာပါ။ "အလ" တို့လို မွန်အနုပညာရှင်များ တီထွင်ဖော်ထုတ်ပေးခဲ့တဲ့ အနုပညာများ တည်တံ့နေဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့၊ ကျယ်ကျယ်ပြန့်ပြန့် မွန်တွေကြား မှာ ပျံ့နှံ့နေဖို့နည်းလမ်းတွေ ရှာကြံကြဖို့သင့်ပါပြီ။ "အလ" မကွယ်လွန်မီ သူနဲ့တွေ့ဆုံစဉ်တုန်းက လက် ကျန် သူသီဆိုပြသွားခဲ့တဲ့ ရိုးရာသီချင်းတစ်ပုဒ်ကိုတော့ သူ ကျွန်တော်တို့ကို အမွေပေးသွားခဲ့ပါတယ်။ သူ့ရဲ့ နေအိမ်မှာဘဲ ဆိုပြခဲ့တဲ့သီချင်းပါ။ ဒီသီချင်းသံဟာ သူ့ဝိညာဉ်နှင့်အတူ လေလှိုင်းတွေကြားမှာ ပျံ့လွင့်နေ မှာပါ။

တြုံ - ရပ်မိကျောဝ်လဲါ၊ (မိက်ဂွံပမိတ်သဟာဲ)[၂]၊ ကောဗ္ဂာဲနွံမေတ္တာ၊

ဖြ - နူလိုန်နာဲကျူင်။ (ဍါန်လိုန်နာဲအာ)[၂]၊ ဂွံနွံမေတ္တာ ကိုအဲ၊

တြုံ - ကောကျူင်နူဗှ၊ (ရပ်မြတိုန်ဒ္ဒိ)[၂]၊ ကျူင်ဆို မိဒေံဗြ၊

ဖြ - ကျောန်ဗှုခိုဟ်ကွဲရ၊ (ဆ္ဂးသွဲလေဟွံမွဲ)[၂]၊ မူအဲဂွံရာန်စဖျာ၊

တြုံ - ဘဝရဲကျောန်ဗှ၊ မိတံဟွံဆာန်၊ အဲအာကူ စဍါန်ချူင်သေံ၊ ဂွံနင်ဩန်ကိုလက်၊ ဂွံပံင် ဖက်ကိုဒေံဗြ၊

ဖြ - အာချူင်သေံခယဂးလော၊ ညးလိုမွဲဟိုကို ကော၊ ဂွံနင်ဩန်ကိုလို ဒးဒုင်လီကိုသေံ၊

တြုံ - အာချူင်သေံတ္ကဒေံတံဟွံဆာန်၊ ကောဏံအာ ပီနာန်၊ ရာန်ဖျုနင်ကွိလိုန်ခါတ်၊ ဗုတ်တံ ညာဲတ်ဍာ်ကံဓရှ၊

ဖြ - ရဲအာပီနာန်၊ ပင်မုက်မာန်ဓါပိလတုန်၊ ဒးဒုင်ရပ်သိုဂျုင်၊ ဌုင်ပွဲထံင်ရရဲပီနာန်၊

တြုံ - မံင်ကွာတ္ကဒေံဗြ၊ ကောအာကံက်ဆေဝ်၊ ယဝ်ဆေဝ်ကောပိုက် ရာန်သိုတိုက်ကိုမိမံင်၊

ဖြ - နာဲတံကံက်ဆေဝ်၊ (ကြေဝ်ဂှ်ငမူလေဟွံ ကျောန်)[၂]၊ ကောါန်ဂွံစသ္ဂုရောဟွံ။

တြုံ - ကောဏံကံက်ဆေဝ်၊ ယဝ်ဆေဝ်ကောပိုက်၊ ရာန်ချိုက် "ဒါတ်သာန်" မိတံဟွံဆာန်ဟာ၊

ဖြ - ကံက်လဝ်ဂိုင်ကိုဝါ၊ (ဆေဝ်ပိုက်အာ တောတ်)[၂]၊ ဟွံခဍောတ်ခေ့ဏီဟာ၊

တြုံ - ကောထပ်ကံက်ပ္ဂန်မွဲလန်ဒးပိုက်၊ ရာန်ချိုက် "ပရိက်ဗေတ်" မိတံဟွံကေတ်ဏီဟာ၊

ဖြ - နာဲတံကံက်ဆေဝ်၊ ဒိုက်ဝါတ်အိုတ်အာ ဇိဟ် မိဟ်၊ သေ့်ဆဓါမခဝ်။

**(ဒေါက်တာ မင်းနွယ်စိုး)**



## ပုဂ္ဂံဘာသာယဉ်ကျေးမှုနှင့် မွန်စာပေ

# ပါဠိ

မွန်စာပေသည် မြန်မာနိုင်ငံ၏ အဆင့်မြင့်စာပေတစ်ရပ်ဖြစ်သည်။ ပုဂံလက်ထက်ကပင် မွန်ဘာသာကို မြန်မာဘာသာ၊ ပါဠိဘာသာနှင့် တန်းတူရည်တူ တွဲဖက်အသုံးပြုကြသည်။ ပုဂံခေတ်က ရေးထိုးထားသော ထင်ရှားကျော်ကြားသည့် ကျောက်စာများသည် မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာများဖြစ်သည်။ ယင်းကျောက်စာများထဲတွင် ရွှေစည်းခုံဘုရား အရှေ့ဘက်မုခ်ခြသေ့နှစ်ကောင် ရှေ့အဝင်လမ်း ဝဲယာနှစ်ဘက်၌ရှိသော ကျန်စစ်သားမင်းကြီး၏ အမိန့်တော်ပြန်တမ်းကျောက်စာတိုင်ကြီး နှစ်တိုင်သည် ထူးခြားမှုရှိသောကျောက်စာများဖြစ်သည်။ လေးထောင့်ကျောက်တိုင်ကြီး နှစ်တိုင်တွင် ရှေးမွန်ဘာသာဖြင့် ကျောက်စာရေးသားမှတ်တမ်းတင်ထားသည်။ ယင်းကျောက်စာ အရေးအသားကို ကြည့်ခြင်းအားဖြင့် ထိုခေတ်က စာပေအရေးအသား မည်မျှအဆင့်မြင့်နေသည်ဆိုသည့် အချက်နှင့် မွန်ဘာသာ၊ မွန်စာပေ အဆင့်ကို သိရှိနိုင်သည်။

အပုပ်နံ့ကဲ့သို့ နှစ်မြို့ဖွယ်မရှိသော ဒု-စရိုက်တရားများကို သင်းပျံ့သော မွှေးရနံ့ကဲ့သို့ နှစ်လိုဖွယ်ကောင်းသော ဘုန်းကံပါရမီဖြင့် မင်းကြီးသည် ဖယ်ရှားဖျောက်ပစ်ပေလိမ့်မည်။ ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ပြုသောအကြောင်းများကိုလည်း ဖြူဖွေးစင်ကြယ်သော တရားရေအေးဖြင့် မင်းကြီးသည်ဆေးကြောလိမ့်မည်။ ဆူးညှောင့်ကဲ့သို့ ပေါများသော သူခိုး၊ ဓါးပြ၊ တောကဲ့သို့ ထူထပ်လှသော ရန်သူများသည် နိုင်ငံတစ်ခွင်တွင် လုံးဝပျောက်သွားလိမ့်မည်။ ကျောက်မျက်ရတနာ အပေါင်း ခြယ်စီထားသည့် ပုဂံနေပြည်တော်၏ မကိုဋ်သရဖူဖြစ်သော ပျော်ရွှင်မှု အပေါင်းတို့နှင့်သာ သင့်လျော်သော ဝေဇယန်နတ်နန်းတမျှ သာယာသည့် နန်းတော်ကြီးတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ ဗိုလ်လူအပေါင်းတို့က ကောင်းချီးပြုကြသော မင်းကြီးသည် မင်းစည်းစိမ်ကို အပြည့်အဝ ခံစားလိမ့်မည် . . . စသော အရေးအသားများကို ကြည့်လျှင် မည်မျှ အလင်္ကာဂုဏ်မြောက်သည်ကို ခန့်မှန်းသိရှိနိုင်ပေသည်။ မွန်ဘာသာဖြင့် ရေးထိုးထားသော သမိုင်းအတွက် အလွန်အရေးပါအရာရောက်သည့် အခြားကျောက်စာတစ်ခုမှာ မြစေတီ ကျောက်စာဖြစ်သည်။ မြစေတီကျောက်စာတွင်မူ မွန်ဘာသာ တစ်ဘာသာမျှဖြင့် သာမကဘဲ မြန်မာ၊ ပါဠိ၊ ပျူဘာသာများဖြင့်လည်း ရေးထိုးထားသည်။

ထီးလှိုင်ရှင်သည် အကွေ့၊ အကောက်၊ အတက်၊ အဆင်း ပေါ်များလှသည့် ဘဝခရီးတစ်လျှောက် ကျော်လွှားဖြတ်သန်းလာပြီးနောက် သူ၏ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းလှသော ဇာတ်လမ်းရှည်ကြီး နိဂုံးချုပ်ချိန်ရောက်လာသည်။ မမာမကျန်းဖြစ်သောကြောင့် သလွန်ထက်တွင် လျောင်းစက်နေရရှာသည်။ ထိုအချိန်၌ သားတော်ရာဇကုမာရ်သည် ခမည်းတော် ကောင်းရာသုဂတိရောက်စေရန် ရွှေဆင်းတု သွန်းလုပ်လှူဒါန်းပြီးလျှင် အမှုအတန်းဝေသည်။ သားတော် ရာဇကုမာရ်၏ ယင်းအပြုအမူမှာ မင်းအာဏာကို မက်မောခြင်းမရှိဘဲ၊ ခမည်းတော်၏ အစီအမံအတိုင်း လိုက်နာသော သားချစ်တစ်ဦး၏ အဖအပေါ်တွင်ထားသော မေတ္တာစစ် မေတ္တာမှန်ကို ဖော်ပြနေသည်။ မြန်မာ့သမိုင်း၌ စံပြဖြစ်နေသော်လည်း မြန်မာ့သမိုင်းက- အမွှန်းတင်ရန် မေ့လျော့နေသော ရာဇကုမာရ်၏ ဖခင်အပေါ်ထားရှိသော ယင်းမေတ္တာစေတနာကို မော်ကွန်းထိုးထားသည့် ကျောက်စာသည် နောင်သောအခါ မြစေတီကျောက်စာအဖြစ် ထင်ရှားကျော်ကြားလာသည်။

ယင်းသို့အားဖြင့် မွန်စာပေသည် ပုဂံခေတ်လောက်ကပင် အဆင့်မြင့်စာပေတစ်ရပ်ဖြစ်နေသောကြောင့် မြန်မာနိုင်ငံအကြောင်း လေ့လာကြသော နိုင်ငံခြားမှ သုတေသီများသည် မွန်စာပေနှင့် မွန်ယဉ်ကျေးမှုကို အထူးအလေးအနက်ထား၍ လေ့လာနေကြသည်ကို တွေ့ရသည်။

၁၉၉၀ - ပြည့်နှစ်က ကျွန်တော်ခန္တီနီကေတန်ရောက်သွားသည်။ ထိုအချိန်က ခန္တီနီကေတန်တွင် ခေတ္တရောက်နေသော ကာလကတ္တားအမျိုးသား စာကြည့်တိုက် ဒါရိုက်တာနှင့်တွေ့သည်။ ထိုဒါရိုက်တာက မိမိအား မြန်မာနိုင်ငံမှ လာသူဖြစ်မှန်းသိ၍ မြန်မာနိုင်ငံမှ တခြားအကြောင်း မေးမြန်းစုံစမ်းခြင်း မပြုဘဲ၊ မွန်စာပေနှင့် မွန်ယဉ်ကျေးမှုအကြောင်းကိုသာ အလေးအနက်ထား၍ မေးမြန်းစုံစမ်းသည်။

သို့ရာတွင် ယင်းကဲ့သို့ တစ်ခေတ် တစ်ချိန်က ကြွယ်ဝထွန်းကားခဲ့သော အဆင့်မြင့် စာပေတစ်ရပ် ယခုအခါတွင် သမိုင်းဝင်ရှေးဟောင်းစာပေ တစ်ရပ်အဖြစ်ဖြင့်သာ ရှိနေခြင်းမှာ အလွန်တစ်ရာ ဝမ်းနည်းဖွယ်ကောင်းသည်။ ဘာသာစကားတစ်ရပ်ကို အသုံးချမှု သင်ကြားလေ့လာမှု နည်းပါးလာလျှင် ထိုဘာသာစကားသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားသည်။ တစ်ချိန်တခါက မြန်မာ၊ မွန်၊ ဘာသာစကားများနှင့် တန်းတူ ဘာသာစကားအဖြစ် ထင်ရှားခဲ့သော ပျူဘာသာစကားသည် ယခုအခါတွင် တိမ်မြုပ်ပျောက်ကွယ်သွားရသည့် အခြေအနေသို့ပင်ရောက်ရှိနေပြီ။ မွန်ဘာသာ၊ မွန်စာပေလည်း ယင်းကဲ့သို့ အခြေအနေမျိုးရောက်သွားမှာ စိုးရိမ်ရသည်။ ယင်းအခြေအနေမျိုးရောက်ရှိမသွားအောင် ထိန်းထားဖို့ရန်မှာ မြန်မာနိုင်ငံ၏ ကြီးမားသော တာဝန်တစ်ရပ်ဖြစ်သည်။

မော်လမြိုင်ခရီး၏ တစ်စိတ်တစ်ဒေသ အစီအစဉ်ဖြင့် မော်လမြိုင်မှ မုဒုံနှင့် ကျိုက္ခမိဖက် ခရီးထွက်သောအခါ မွန်စာနှင့် မွန်စာပေအတွက် ပြန်လည်ဆန်းသစ်လာမည့် ရောင်ခြည်တစ်သွယ် ထွက်ပြူနေသည်ကို တွေ့မြင်ရသည်။

အဝေးပြေးကားလမ်းမကြီး၏ ဘေးတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကျောင်း ဆိုင်းဘုတ် တစ်ထားသော အဆောက်အအုံတစ်ခုကို တွေ့ရသည်။ မေးမြန်းစုံစမ်းကြည့်သောအခါ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို မွန်ဘာသာ၊ မွန်စာဖြင့်သင်ကြားပေးနေသော သင်တန်းကျောင်းဖြစ်သည်ဟု သိရသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို မွန်စာ၊ မွန်ဘာသာဖြင့် သင်ကြားပေးသောအခါ ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုလည်း သိရှိနားလည်မည်။ တစ်ချိန်တည်းမှာပင် မွန်ဘာသာ၊ မွန်စာပေ သင်ကြားလေ့လာမှုလည်းဖြစ်လာမည်။ ရည်မှန်းချက် နှစ်ခုစလုံးအတွက် အလွန်တရာ ကျေးဇူးများမည့် အစီအစဉ်မျိုးဖြစ်သည်။

(ပါရဂူ)



# ဓမ္မစေတီမင်းနှင့်ကလျာဏီသိမ်

## ကျော်ငြိမ်း (ရှေးဟောင်း)

ဒီဇိုင်း၊ မောင်ညီညီ

အာသောကမင်းတရားသည် ဗုဒ္ဓသာသနာကို ချီးမြှင့်ပြုစုရာ၌ ဗုဒ္ဓစာပေကို ခြေခြေမြစ်မြစ် လေ့လာခဲ့ကြသော ကမ္ဘာ့သုတေသီတို့၏ နှလုံးအိမ်တွင် ဝင်ရောက် စွဲငြိနေသော သာသနာပြုမင်းတစ်ပါးဖြစ်သည်။ ဗုဒ္ဓသာသနာပြန့်ပွားစေရန် ရည်သန်၍ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများစေလွှတ်ခဲ့ကြောင်း ရှေးဟောင်း ကမ္ပည်းစာနှင့် စာဟောင်းပေဟောင်း အမှတ်အသားများကျန်ရှိခဲ့သည်။ မင်းတရားကြီး၏ လှူဒါန်းပေးကမ်းမှု ရက်ရောပုံမှာလည်း ပြောမကုန်အောင်ပင်ဖြစ်ချေသည်။

အေဒီ ဆယ့်ငါးရာစုအလယ်လောက်တွင် မြန်မာနိုင်ငံ၏ အကြေပိုင်း၌ မွန်သုံးရပ်ကို ရာမဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် အုပ်စိုးခဲ့၏။ ထိုမင်းသည် မြန်မာနိုင်ငံတော်သမိုင်းတွင် တစ်ဦးတည်းသာရှိခဲ့ဘူးသော မွန်ဘုရင် ရာဇာဓိရာဇ်၏သမီးတော် ဗြိတြိဘုဝနာဒိကျပြဝရဓမ္မဇေတြလောကျနာတပြဝရ မဟာဓမ္မရာဇာဓိရာဇ်ဒေဝီဘွဲ့ခံ မွန်ဘုရင်မ ရှင်စောပု၏ သမက်တော်ဖြစ်သည်။

ရာမာဓိပတိမင်းသည် မိမိ၏ လက်တော်၌ ရာမညတိုင်း (၃) ရပ်တွင် သာသနာသံသုဒ္ဓိလုပ်ငန်းကြီးကို ဆောင်ရွက်တော်မူခဲ့၏။ ကမ္ဘာ့သမိုင်းတွင် ဘုရင်အာသောကလောကီဓမ္မစေတီမင်းကြီးကို လူသိမများကြဟု ဆိုကောင်းဆိုနိုင်မည်ဖြစ်သော်လည်း မြန်မာ့သမိုင်းတွင်ကား သမိုင်းသုတေသီတို့ မသိလျှင်မဖြစ်သော မင်းတစ်ပါးပင်တည်း။

အာသောကမင်းတရားသည် မိမိကိုယ်တိုင် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလာရုံမျှမက၊ ဗုဒ္ဓသာသနာကို သူမတူအောင်ချီးမြှင့်မြှောက်စား၍လည်း ကမ္ဘာ့သမိုင်းတွင်ထင်ရှားခဲ့၏။ ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားသည်လည်း မြန်မာနိုင်ငံ၏ သာသနာသမိုင်းကို သူမတူအောင် ထူးကဲစွာမြေတောင်မြှောက်ပေးခဲ့သဖြင့် ထင်ရှားကျော်စောခဲ့၏။

သို့သော် ဓမ္မစေတီမင်း၏ သာသနာပြုပုံမှာ အာသောကမင်းလုပ်ရပ်ထက် အဆင့်အတန်းမြင့်မားထယ်ဝါလှ၏။ ရည်ရွယ်ချက်ကြီးမား၍ အခြေခံလည်း ကျလှ၏၊ အဘယ်ကြောင့်နည်း။

ဗုဒ္ဓရှင်တော်၏ သာသနာကို ယိုယွင်းအောင် ဖျက်ဆီးနိုင်သူကား ဗုဒ္ဓ၏သားတော်များဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးပင်ဖြစ်သည်။ ဗုဒ္ဓ၏သားတော်များဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးသည် သိက္ခာကာမလဇ္ဇီပေသလာဖြစ်၍ ဂိုဏ်းဂဏခွဲခြားခြင်းမရှိဘဲ အချင်းချင်း ညီညွတ်နေသမျှကာလပတ်လုံး ဗုဒ္ဓသာသနာ၏ အရောင်အဝါသည် နေလပမာထွန်းလင်းနေမည်မှာ မလွဲတည်း။ ထိုစဉ်အခါသမယ၌ ရာမညဒေသတွင် ရဟန်းသံဃာတော်များတို့သည် ဂိုဏ်းဂဏထူထောင်ကြလျှက် အချင်းချင်းကွဲပြားနေကြ၏။ ဤသည်ကို မင်းတရားကြီးသည် မရှုစိမ့်နိုင်ချေ၊ မင်းကြီးသည် ဗုဒ္ဓသာသနာကို လွန်စွာ သက်ဝင်ကြည်ညိုလေးမြတ်သူဖြစ်ရုံမျှမက ပိဋကစာပေကျနစွာ တတ်ကျွမ်းသော ပုဂ္ဂိုလ်တစ်ပါးလည်းဖြစ်သောကြောင့် ရဟန်းဘောင်သို့ ဝင်ရောက်ရာ ရေသောက်မြစ် ဖြစ်သောသိမ်ကို သံသယဝင်လျှက်ရှိလာသည်။ သိမ်ပီသမှ သိမ်ကိုအခြေပြုရသော ရဟန်းအဖြစ်သည် တိကျစွာ စစ်နိုင်သည်ကို သိတော်မူလေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာ၏ အခြေအမြစ်ဖြစ်သော သိမ်ကို ထပ်မံသမုတ်တော်မူ၍ ယင်းသိမ်တွင်ရဟန်းပေါင်း မြောက်များစွာကို အသစ်တစ်ဖန် ဥပသမ္ပဒကံကို ဆောင်စေခြင်းဖြင့် သာသနာသံသုဒ္ဓိလုပ်ငန်းကို ကြိုးပမ်း၍ ဆောင်ရွက်တော်မူခဲ့သည်။ ဤလုပ်ရပ်အောင်မြင်မှု အဆင့်အတန်းသည် ခန့်ထယ်မြင့်မား၍ အခြေခံလည်းကျကြောင်း အထက်၌ ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဓမ္မစေတီမင်းကြီးသည် ရာမညဒေသ၌ သိမ်သစ်သမုတ်ခြင်း တည်ဆောက်ခြင်းနှင့် ရဟန်းလောင်းများကို ယင်းသိမ်တို့တွင် မည်ကဲ့သို့ ဥပသမ္ပကံ ခံယူစေပုံတို့ကို အကြမ်းဖျဉ်း အကျဉ်းချုပ်လေ့လာကြည့်ကြပါစို့။

မင်းကြီးသည်ဟံသာဝတီထီးနန်းကို မအုပ်ချုပ်မီက ရဟန်းဘဝတွင် ကျင်လည်ခဲ့သူဖြစ်၏။ ပိဋကတ်သုံးပုံနှင့်တကွ ဗေဒင်ကျမ်းတို့ကို အာဂုံဆောင်၍ ဝိတတ်ကျမ်း၊ ဗျာကရုဏ်းကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းနှံ့စပ်၏။ ပုရန်အတတ်၊ ဝိသုကာအတတ် အစရှိသည်တို့၌ ကျွမ်းကျင်၏ ဤသို့လျှင် မင်းတရားကြီး၏ အရည်အချင်းတို့ကို တစ်ခဲနက်သော ကျောက်ပြားကြီးပေါ်တွင် ကမ္ပည်းတင်ထားချေသည်။

မင်းကြီးသည် ဟံသာနန်းကို သိမ်းမြန်းစိုးအုပ်ပြီးနောက် ဗုဒ္ဓ၏သာသနာတော်ကို လွန်စွာကြည်ညို ချင်းစွဲရှိသည်နှင့်အညီ သာသနာသန့်ရှင်းရေးလုပ်ငန်းကြီးကို ကြံစည်မိပေသည်။ သာသနာတော်သည် ရဟန်းသာမဏေအဖြစ်နှင့်စပ်၏ ပဥ္စင်းအဖြစ်လည်းစပ်၏။ စင်စစ်ပဥ္စင်းခံခြင်းသည် သိမ်၊ ပရိသတ်၊ ရဟန်းလောင်း၊ ဉတ်၊ ကမ္မဝါ ဟု ဆိုအပ်သော ငါးပါးသောသမ္ပတ္တိတို့နှင့် ပြည့်စုံရာ၏။ ထိုငါးပါးတွင် စင်ကြယ်သော ပဥ္စင်းလောင်းကိုလည်းကောင်း၊ ပီသကျနစွာ ရွတ်ဖတ်နိုင်စွမ်းသော ဆရာတို့ကိုလည်းကောင်း၊ ရနိုင်သောကြောင့် ဝတ္ထုသမ္ပတ္တိ၊ ဉတ်သမ္ပ၊ ကမ္မဝါစာသမ္ပတ္တိဟုဆိုအပ်သော (၃) ပါးသော သမ္ပတ္တိတို့ကို ရနိုင်ရန် မခဲယဉ်းချေ၊ စင်စစ်သော်ကား သိမာသမ္ပတ္တိနှင့် ပရိသာသမ္ပတ္တိတို့သာ စင်ကြယ်စွာရရှိနိုင်လျှင်မူ မိမိ၏ အကြံအစည်ဖြစ်သော ရာမညဒေသ၏ သာသနာသံသုဒ္ဓိကိစ္စကြီးသည် ထမြောက်အောင်မြင်နိုင်မည်ကို ကောင်းစွာနှလုံးသွင်းမိ၏။

မင်းကြီးနန်းတက်ချိန်တွင် ဟံသာဝတီမဏ္ဍလ၊ ကုသိမ မဏ္ဍလနှင့် မုတ္တမ မဏ္ဍလဟု ဆိုအပ်သော မွန် (၃) ရပ်တွင် သာသနာ့ဝန်ထမ်းများဖြစ်ကြသော ရဟန်းသံဃာအဖွဲ့အစည်းသည် ဂိုဏ်းဂဏကွဲပြား၍ မညီမညွတ်ရှိကြသည်ကို မင်းကြီးသည် မရှုစိမ့်နိုင်ပေ၊ မိမိကိုယ်တိုင် ပိဋကကျန၍ ရဟန်းလူထွက်ဖြစ်သော ပုဂ္ဂိုလ်ပီပီ မိမိလက်ထက်မှစ၍ ရာမညဒေသရှိ ရဟန်းတော်များအားလည်း သိက္ခာကာမ၊ လဇ္ဇီပေသလရဟန်းတော်များဖြစ်စေလိုသည်။ ထို့ကြောင့် သံဃာတို့၏ ဥပသမ္ပဒကံကိစ္စတွင် သံသယဝင်လျှက်ရှိနေချေသည်။ သို့ဖြစ်၍ မင်းကြီးသည် ဝိနည်းပါဠိတော် အဋ္ဌကထာဋီကာကျမ်းများကို နှိုက်နှိုက်ချွတ်ချွတ် နက်နက်နဲနဲကြည့်ရှုလေ့လာပြီးလျှင် သိမ်သမုတ်ရာ၌ ဘုရားရှင်၏ အလိုတော်နှင့်လျော်ညီသော ရှေးရှေးသော အဋ္ဌကထာဋီကာကျမ်းပြုဆရာတော်ကြီးများ၏ အလိုနှင့်မဆန့်ကျင်သော အဆိုအမိန့်များကို တသွေမတိမ်းလက်ခံ၍ သာသနာ

သန့်ရှင်းစင်ကြယ်မှု၏ အရင်းအမြစ်မူလ ဘူတဖြစ်သော သိမ်သစ်သမုတ်ခြင်းကို အလိုရှိတော်မူ၏။ မြတ်စွာဘုရားရှင်၏ သာသနာတော်အနှစ်ငါးထောင် တည်တံ့မှုသည် ဥပသမ္ပဒကံနှင့်စပ်၏၊ သာသနာတော် သန့်ရှင်းရန် အညစ်အကြေးကင်းရန် ယုံမှားသံသယမှုကင်းရန်မှာ သိမ်၏ပြည့်စုံခြင်း၊ ပရိသတ်၏ ပြည့်စုံခြင်းသည်သာလျှင် အဓိကဖြစ်နေကြောင်းကို မင်းကြီးသိမြင်တော်မူသဖြင့် ရာမညဒေသတစ်ဝှမ်းလုံးရှိ ဂိုဏ်းဆရာတော်ကြီးများအား မိမိ၏သံသယကို လျှောက်ထားတော်မူသည်။

မင်းကြီးအကြံဖြစ်ပြန်သည်ကား ဘုရားသခင် ပရိနိဗ္ဗာန်ဝင်သည်မှစ၍ ၂၃၆ နှစ်လွန်သော်အခါ ရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ရှင်မဟိန္ဒထေရ်အား သီဟိုကျွန်း၌ သာသနာပြုသည်မှစ၍ အနှစ် ၂၈၀ သော ကာလပတ်လုံး မဟာဝိဟာရဝါသီဂိုဏ်းကာလဟု ဆိုအပ်သော ဓမ္မဝါဒီ၏ အဆက်အနွယ်သည် အညစ်အကြေးမရှိ သန့်ရှင်းစင်ကြယ်၏။ ဤသို့ဖြင့် ခေတ်အဆက်ဆက်ကို ကျော်လွှားလာခဲ့ မဟာဝိဟာရဝါသီဂိုဏ်းသည် အနှောင့်အယှက်အဖျက်အဆီးတို့ကို ရံဖန်ရံခါခံခဲ့ရသော်လည်း သီဟိုဠ်မင်းကောင်း မင်းမြတ်တို့၏ လုံးလ ဥဿာဟကြောင့် သာသနာတော်၏ သန့်ရှင်းစင်ကြယ်ခြင်းသည် သီဟိုဠ်ကျွန်းတွင် ယနေ့တိုင်အောင် ဆက်လက်တည်တံ့တည်ရှိလျှက်ရှိသည်။ ဤသို့သော အကြံအစည်ဖြစ်ပေါ်ပြီးနောက် ဓမ္မစေတီမင်းသည် ရာမညဒေသရှိ သခင်မထေရ်တို့အား တောင်းပန်၍ သီဟိုဠ်ကျွန်းဘုရားသခင် ရေသပ္ပါယ်ရာကလျာဏီမြစ်အတွင်းရှိ ဥဒကုက္ခေပရေသိမ်တွင် စင်ကြယ်သော ပဉ္စင်းအဖြစ်ကို ခံယူခြင်းတည်းဟူသော ဥပသမ္ပဒကံ အသစ်ဆောင်ခြင်းငှာ တိုက်တွန်းတော်မူသည်။

ဆရာတော် သံဃာတော်တို့လည်း မင်းကြီး၏ လျှောက်ကြားချက်ကို သဘောကျ ဝမ်းမြောက်တော်မူကြသဖြင့် မင်းကြီး၏အစီအမံဖြင့် ရဟန်း (၂၂) ပါးနှင့် အရံ (၂၂) ပါး၊ ပေါင်း (၄၄) ပါးသော ရဟန်းတို့ကို သင်္ဘောနှစ်စင်းဖြင့် သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်။ သီဟိုဠ်ဘုရင် ဘုဝနေကဗာဟု မင်းထံသို့လည်း လက်ဆောင်ပဏ္ဏာနှင့် မှာကြားစာများကို ပေးတော်မူလိုက်သည်။

သီဟိုဠ်ဘုရင်နှင့်တကွ မဟာဝိဟာရဝါသီ မထေရ်တို့၏ အကူအညီဖြင့် ရာမညဒေသမှ ရဟန်းများသည် ကလျာဏီမြစ်ရှိ ဥဒကုက္ခေပရေသိမ်ဝယ်အသစ်တစ်ဖန်ရဟန်းခံကြရ၏။ ဥပသမ္ပဒကံအသစ်ကို ခံယူပြီးနောက် ရဟန်းတော်တို့သည် သီဟိုဠ်မှပြန်ကြွလာကြရာ သင်္ဘောတစ်စင်းပျက်၍ ရဟန်းအချို့ပျံလွန်တော်မူကြသည်။ ကျန်သော ရဟန်းများဖြင့် ဟံသာဝတီမြို့ အနောက်ဘက်တွင် မင်းကြီးမြေနေရာကို ရွေးချယ်ပြီးလျှင် သိမ်တစ်သိမ်ကို ဝိနည်းအဆုံးအဖြတ်များနှင့်အညီ စည်းစနစ်ကျနစွာ စီမံဆောက်လုပ်၍ သီဟိုဠ်ပြန်



ရဟန်းတော်များအား သိမ်သမုတ်စေပြီးလျှင် ကလျာဏီ
သိမ်ဟုအမည်ပေးတော်မူ၏။ ယင်းသည့်နောက် သီမာ
သမ္မုတ္တိဟု ဆိုအပ်သော သိမ်၏ပြည့်စုံခြင်း၊ သိမ်၏
စင်ကြယ်ခြင်းကို အလိုရှိတော်မူသော မင်းကြီးဆန္ဒသည်
ပြည့်ဝပြီဖြစ်၏။ သီဟိုဠ်ပြန်သံဃာတော်များနှင့် တကွ
ရာမညဒေသရှိ ဂိုဏ်းဆရာတော်အသီးသီးတို့ကိုလည်း
လိုသမျှသော ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပေးကမ်း
တော်မူ၏။ ပွဲသဘင်လည်း ခြိမ့်ခြိမ့်သဲသဲခံတော်မူသည်။



ယင်းသို့ ဗုဒ္ဓ၏သာသနာတော်ကို သန့်စင်
အောင်ပြုစုအားထုတ်တော်မူခဲ့သော ဓမ္မစေတီမင်းကြီး
သည် မိမိ၏လုပ်ဆောင်ချက်များကို ယခုပဲခူးမြို့
အနောက်ဘက်ကလျာဏီသိမ်တော်ကြီး၏ အနီးအပါး
တွင် ကျောက်တိုင်ကြီး (၁၀) တိုင်ဖြင့် မှတ်တမ်းတင်
တော်မူခဲ့သည်။ ယခင်ကျောက်တိုင်ကြီးများသည် ပျမ်းမျှ
အားဖြင့် အမြင့် (၇) ပေ၊ အကျယ် (၄) ပေ (၂) လက်မ
နှင့် ထု (၁) ပေ (၃) လက်မခန့်မျှရှိလေသည်။ ကျောက်
(၁၀) တိုင်အနက် (၃) တိုင်မှာ ပါဠိဘာသာဖြင့်ဖြစ်၍
ကျန် (၇) တိုင်မှာ မွန်ဘာသာဖြင့် ရေးထိုးပေသည်။



ပါဠိ (၃) တိုင်ကိုကား ရှေးမဆွကပင် ပေတွင်
ရေးကူးထားပြီးရှိနေသဖြင့် ယခုအခါတွင် ကျိုက္ကဆံ
ဆရာတော်နှင့် ဘုရားဖြူဆရာတော်တို့က နိဿယပြန်
ဆိုကာ စာအုပ်အဖြစ်ထုတ်ဝေပြီးဖြစ်သည်။ မွန်ဘာသာ
ကျောက်ပြား (၇) ချပ်မှာမူ ရိုက်ချိုးထားဘိသကဲ့သို့
အစိတ်စိတ်အမွှာမွှာကွဲကြေနေပြီဖြစ်၏၊ သို့သော် စာ
သားအနေအထားမှာမူ နဂိုရှိရင်းစွဲ၏ ထက်ဝက်ကျော်
မျှ ကျန်ရှိနေသေးသဖြင့် ကျေနပ်ဖွယ်ရာ ဖတ်ရှုနိုင်ပေ
သေးသည်။ ဤကလျာဏီကျောက်စာ (၁၀) တိုင်သည်
သာသနာသမိုင်းကြီး၏ မှတ်တမ်းတဆူဖြစ်၏။ သိမ်အစီ
အရင်နှင့် ပါတ်သက်၍ ဝိနည်းဒေသနာတော်၏ အဆုံး
အဖြတ်ကို အဋ္ဌကထာဋီကာတို့နှင့် တိုက်စစ်၍ ကျမ်းညို
ထားပြီးဖြစ်နေသဖြင့် ဗုဒ္ဓသာသနာရေးလောကအဖို့

စိတ်ဝင်စားစရာ အားကိုးစရာမှတ်တမ်းတဆူလည်းဖြစ်ပါပေသည်။ ထို့ကြောင့် ပါဠိ(၃)တိုင်ကို ရှေးမဆွကပင် ပေပေါ်တွင် ရိုက်ကူးပြီးရှိခဲ့သည်။ မွန်ဘာသာ (၇)တိုင်မှာမူ ရှေးအခါကပေတွင် အပြည့်အစုံကူးယူပြီးသားသည် တနေရာတွင် ရှိရလိမ့်မည်ဟုဟူ၍ကား ဤစာရေးသူသည် မျှော်လင့်အားထားနေဆဲဖြစ်ပါသည်။ အကယ်၍ ပေပေါ်တွင် ရေးကူးပြီးသား အပြည့်အစုံ ရရှိခဲ့လျှင် ပါဠိစာသားကဲ့သို့ မွန်စာသားကိုလည်း အပြည့်ဖတ်ရှုသိခွင့်ရရှိလိမ့်မည်ဖြစ်ပေသည်။

လန်ဒန်မှ မစ္စတာစီအိုဗလက်ဒင်သည် ကျောက်စာမွန်စာသား(၇)တိုင်မှ ကျန်ရစ်သော အပိုင်းကြီးများ ကို အက်ပီဂရာဖီလာဘာမင်နီကာအတွဲ(၃) အပိုင်း(၂)တွင် ရသမျှအက္ခရာပြန်၊ ဘာသာပြန်ခဲ့ပြီးဖြစ်သည်။ သို့သော် အစိတ်စိတ်ကွဲကြေနေသော အပိုင်းများကိုကား ရေးသားဖော်ပြခြင်းမပြုရသေးပါ။ ကျောက်တုံးအစအနပေါင်း(၂၀၀)နီးပါးမျှရှိမည်ဟုခန့်မှန်းရပါသည်။ ယင်းကျောက်တုံးကလေးများပေါ်ရှိ မွန်စာသားများကိုလည်း ရတတ်သမျှမင်ကူးယူပြီး အက္ခရာပြန် ဘာသာပြန်ထားသင့်ပေသေးသည်။

စိတ်ဝင်စားဘွယ်ရာတစ်ခုမှာ ပါဠိဘာသာ အရေးအသားနှင့် ဖတ်ရသမျှသော မွန်ဘာသာအရေးအသားတို့ကို တိုက်ဆိုင်ကြည့်ရှုသောအခါ ပါဠိကျောက်တိုင်တွင် မပါဝင်သော အချို့အချက်အလက်များ မွန်ဘာသာတွင်ပါဝင်နေခြင်းပင်ဖြစ်ပါသည်။

ပုံစံကိုဖော်ပြရသော် ဓမ္မစေတီမင်းကြီးသည် ရာမညဒေသတဝှမ်းလုံး၌ သိမ်ပေါင်း(၃၉၇) သိမ်သမုတ်တော်မူသည့်အကြောင်းကို အရပ်ဒေသအမည်နှင့် သိမ်စာရင်းသည်ငှင်း၊ မင်းကြီးသည် ပဥ္စင်းပေါင်း (၆၀၁) ပါးကို ကလျာဏီသိမ်တွင် ဥပသမ္ပဒကံဆောင်၍ ရဟန်းဒဘောင်သို့သွတ်သွင်းခြင်းသည်ငှင်း၊ ကလျာဏီသိမ်အနီးတွင် ကလျာဏီစေတီနှင့် ကလျာဏီဗောဓိပင်ကို တည်ဆောက်စိုက်ပျိုးစေသည့်အကြောင်းကိုငှင်း၊ ယင်းအချက်များကို မွန်ဘာသာဘက်တွင်သာ ရေးထိုး၍ ပါဠိဘာသာဘက်တွင်မပါဝင်ချေ။ အခြားအကြောင်းအချက်များအား ပါဠိကိုမူတည်ပြီး မွန်ဘာသာသို့ ပြန်ဆိုရေးထိုးထားဟန်ရှိသဖြင့် မွန်နှင့်ပါဠိတူသည်ကများမည်ဟု ယူရပေသည်။

ထို့နောက် မင်းကြီးသည် ရာမညဒေသရှိ အရပ်ဒေသအသီးသီးမှ ရဟန်းဘောင်သို့ဝင်ရောက်လိုသောသူများအား မည်ကဲ့သို့ အစီအစဉ်ဖြင့် ရဟန်းခံယူစေကြောင်းကို အနည်းငယ်ဆက်လက်၍ လေ့လာသင့်ပေသည်။

မင်းကြီးသည် အလဇ္ဇီရဟန်းများ အသမာဓိဝ ဖြစ်သောရဟန်းများနှင့် သိသင့်သိထိုက်သော ရဟန်းကျင့်ဝတ်များဖြစ်သော ဘိက္ခုဘိက္ခုနီပါတိမောက်နှင့် ခုဒ္ဒသိက္ခာတည်းဟူသော ဝိနည်းငယ်များကိုသိတတ်ခြင်းမရှိသောလူသာမဏေများအား လူထွက်စေခြင်း၊ သာသနာဘောင်သို့ဝင်ရောက်ခွင့်မပြုခြင်းဖြင့် နိဂ္ဂဟနည်းကိုအသုံးပြု၍ ကာကွယ်ခဲ့သည်နှင့်အမျှ ရဟန်းကျင့်ဝတ်ကုန်လုံပြည့်ဝ၍ မူရနှစ်ဖြာကို ကြိုးပမ်းအားထုတ်တော်မူကြကုန်သော ရဟန်းကောင်းရဟန်းမြတ်တို့အားငှင်း၊ ဝိနည်းငယ်ဖြစ်သော ခုဒ္ဒသိက္ခာပါတိမောက်စသည်တို့ကို သင်ကြားတတ်မြောက်သော လူသာမဏေတို့အား ရဟန်းဘောင်သို့သွတ်သွင်း၍ ပစ္စည်းလေးပါးဖြင့် ထောက်ပင့်သဂြိုလ်ချီးမြှင့်ခြင်းတည်းဟူသော မဂ္ဂဟနည်းဖြင့် ချီးမြှောက်တော်မူခဲ့သည်သာ ဖြစ်ပေသည်။

ရာမညတိုင်းတခွင်ရှိ ရဟန်းခံလိုသူများအား ရှေးဦးစွာ ရဟန်းကျင့်ဝတ်များကို ဆရာတော်ကြီးများထံတွင် သင်ကြားစေသည်။ သင်ကြားတတ်မြောက်ပြီးသော် မင်းကြီး၏စိစစ်မေးမြန်းခြင်းကို ခံယူနိုင်ရပေမည်။ မင်းကြီး ကျေနပ်လောက်ပြီဆိုမှ ရဟန်းဘောင်သို့ ဝင်ခွင့်ပြုတော်မူသည်။

ဤသို့လျှင် မင်းကြီးသည် မိမိသတ်မှတ်ထားသော စည်းစနစ်အရ သက္ကရာဇ် ၈၄၁ ခုနှစ်တွင် ပြုလုပ်ရာများစွာသော သာမဏေများအနက် မှန်ကန်စွာ ရွတ်ဖတ်ပြန်ဆိုဖြေကြားနိုင်သော သာမဏေမှာ ၆၀၁ ပါးသာ ရရှိသည်။ ထိုရဟန်းလောင်း ၆၀၁ ပါးကို (ဖြဲ့ရှ ခွဲကာ ရဟန်းလောင်းအပါး (၁၀၀) စီကို အမတ်ကြီး တစ်ဦးကွပ်ကဲ၍ ရဟန်းလောင်းများကို ဟံသာဝတီမြို့မှ ကလျာဏီသိမ်သို့ ဆင်တစ်စီးကျစီ စီးစေပြီးလျှင် အုပ်စုများ မရောယှက်စေရန် ခေါင်းပေါင်းများကို အရောင်ခွဲခြားလျှက် ရှင်လောင်းလှည့်ပွဲကြီးကို ခမ်းနားဆင်ယင်၍ ထွက်ခွာစေခဲ့သည်။

ရှင်လောင်းတစ်အုပ်စုနှင့်တစ်အုပ်စုအကြားတွင်လည်း တူရိယာစုံတီးမှုတ်စေ၍ လှူဘွယ်တန်းဘွယ်တို့နှင့် တခမ်းတနား ကြားညှပ်၍ လိုက်ပါလာစေရသည်။

ယင်းပဥ္စင်းလောင်း ၆၀၁ ပါးကို ရဟန်းခံပေးရန်အတွက် ဆရာတော်ကြီး အပါး ၅၀ ကိုလည်း မင်းကြီးသည် ပင့်ဖိတ်ထားတော်မူသည်။ ရဟန်းခံခြင်းအမှုကိုကား သက္ကရာဇ် ၈၄၁ ခု တပေါင်းလပြည့်နေ့မှ လဆုတ် ၄ ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပတော်မူသည်။ ဓမ္မစေတီမင်းတရားကြီးသည် ကိုယ်တိုင် ကလျာဏီသိမ်တော်သို့ ကြွရောက်တော်မူပြီးလျှင် ရဟန်း (၆)စုကို ၂ ပါးလျှင်တစ်တွဲစီဖြင့် ကိုယ်တိုင် ပင့်ဆောင်တော်မူပြီးနောက် ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်တော်မူခဲ့သည်။

ရဟန်းခံယူပွဲပြီးမြောက်သော် ဆရာတော်ကြီး အပါး (၅၀)နှင့် ရဟန်းသစ် ၆၀၁ ပါးကို မင်းကြီးသည် လှူဘွယ်ဝတ္ထုအစုစုတို့နှင့်တကွ ဆွမ်းခဲဘွယ်တို့ကို ဆက်ကပ်လှူဒါန်းတော်မူ၍ ဝမ်းမြောက်ကြည်နူးစွာ ဖူးမြော်ပြီးသော် ယင်းတို့၏နေရင်းရပ်ထံသို့ ပြန်ပို့ပေးတော်မူသည်။

မိမိကိုယ်တိုင် ရဟန်းဘောင်တွင် ဝိနည်းတော်အတိုင်း ကျစ်လစ်ကျနစွာ နေထိုင်လာခဲ့ဘူးသော ဓမ္မစေတီမင်းကြီးသည် မိမိ၏ရဟန်းခံပွဲကိုလည်း ကျစ်လစ်ကျနထယ်ဝါစွာ အပိုအလိုမရှိ ချီးမြှောက်စီရင်နိုင်ခဲ့သည်မှာ ယုံမှားဘွယ်မလိုတော့ပေ။ ၎င်းအပြင် မင်းကြီး၏ တစ်သက်တာတွင် ရဟန်းခံယူကုန်သော ရဟန်းသစ်စာရင်းကို တွက်စစ်လျှင် ရာမညဒေသတစ်ခွင်တစ်ပြင်ရှိ ဂိုဏ်းဆရာတော်ကြီးများသည် မိမိတို့၏ ဥပသမ္ပဒကံကိစ္စကို ယုံမှားသံသယဝင်၍ ရဟန်းသစ်ပြန်ခံသော ဦးရေမှာ အပါး (၈၀၀) ရှိပေသည်။ ပဥ္စင်းငယ်များကိုလည်း ဥပသမ္ပဒကံ အသစ်ပြန်ဆောင်ကြရာ ဦးရေ ၁၄၂၆၅ ပါးရှိသည်။ ၎င်းနောက် လူသာမဏေများမှ ရဟန်းဘဝသို့ကူးပြောင်းပေးသူများ၏ဦးရေမှာ ၆၀၁ ပါးရှိသဖြင့် စုစုပေါင်း ရဟန်းသံဃာပေါင်း ၁၅၆၆၆ ပါး ရှိပေသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာသမိုင်းတွင် ဓမ္မစေတီမင်းတရားကြီးသည် ယှဉ်ပြိုင်သူမရှိလောက်အောင် သာသနာ့အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခဲ့သည့် မင်းကောင်းမင်းမြတ်ဖြစ်သည်ကို သူ၏လုပ်ရပ်များ သက်သေပြုခဲ့ပေသည်။ အာသောကမင်းသည်လည်း ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ပေါ်ကျော်ကြား၍ ကမ္ဘာ့ ဗုဒ္ဓသုတေသီတို့၏မှတ်ဖျားတွင် ရေပန်းစားလှသော အိန္ဒိယမင်းတစ်ပါးဖြစ်ပေသည်။ သို့သော် အာသောကမင်းနှင့်နှိုင်းစာလျှင် ဓမ္မစေတီမင်းကို လူသိနည်းမည်ဟု ထင်ရန်ရှိသော်လည်း ဓမ္မစေတီမင်းသည် သာသနာ၏ အခြေအမြစ်ဖြစ်သော သိမ်ပေါင်း (၃၉၇) သိမ်ကို သမုတ်ခဲ့ခြင်း၊ ရဟန်းပေါင်း (၁၀၆) ပါးကို တစ်ကြိမ်တည်း ရဟန်းခံယူစေခြင်း စသည့်အခြင်းအရာတို့အား ဗုဒ္ဓသာသနာသမိုင်းတွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ဆောင်ရွက်ခဲ့ခြင်းမရှိသေးချေ။

ထို့ကြောင့် မွန်(၃)ရပ်ကို အုပ်စိုးခဲ့သော မွန်မင်းတရားကြီး ဓမ္မစေတီသည် အိန္ဒိယနိုင်ငံကို အုပ်ချုပ်ခဲ့သော အာသောကမင်းတရားကြီးထက် သာသနာပြုလုပ်ငန်းတွင် သာလွန်ကြောင်း ရေးသားတင်ပြအပ်ပေသည်။

* * * * * * * * *



# မပြေဖိတ်ဝမ်း နေ့တိုင်းလွမ်းရှင့် ...

ကြည်ခင်ပြာလဲ့နေသော ရောင်စုံမီးလုံးများနှင့် လိုက်လျောညီစွာ ငြိမ့်ညောင်းသာယာသော မွန်ဂီတသံများက ပျံ့ဝှာလို့က်လှဲ့နွေးထွေးစွာ ပွေ့ဖက်ဆီးကြိုလျှ နေပါသည်။

မွန်မိတ်ဆုံစားပွဲ ကျင်းပရာ မွန်ဓမ္မာရုံအဝင်ဝ တွင် မွန်ရိုးရာဝတ်စုံတို့ဖြင့် သိမ်မွေ့လှပနေသော မွန်လှပျိုဖြူတို့၏ ငွေဖလားခွက်ထဲမှ မဲလိပ်တလိပ်ကို နှိုက်ယူလိုက်သည်။

စားပွဲနံပါတ် ( **D** ) ထိုင်ခုံနံပါတ် ( **8** )

မိမိထိုင်ခုံရှိရာ စားပွဲဝိုင်းဆီသို့ ဦးဆောင်ခေါ် သွားသော မွန်လုံမပျိုနောက်သို့ ကောင်းဗလွှာလိုက်ပါ သွားသည်။

သတ်မှတ်ချိန်ရောက်သော်လည်း မွန်ဓမ္မာရုံ ဝင်းထဲတွင် လူမစုံသေးပါ။ ကောင်းဗလွှာ၏ စားပွဲဝိုင်း တွင် ကောင်းဗလွှာထက် အတန်ငယ်သော မိန်းကလေး တစ်ဦးသာရောက်နှင့်နေသည်။ ရောက်နှင့်နေသူ မိန်းမ ပျိုလေးနှင့် မိတ်ဆက်စကားဆိုပြီး မိတ်ဆုံစားပွဲ၏ နွေဦး ညချမ်းအလှတွင် နစ်မျောနေမိသည်။ ညွတ်နူးသာယာ ဖွယ်ကောင်းလှသော မွန်ဂီတသံစဉ်လေးများက လူတို့ ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်၍နေသည်။

ဧည့်ပရိတ်သတ်များ တဖြေးဖြေးစုံလင်စွာ ရောက်ရှိနေရာယူကြသည်။ သက်ကြီးဝါကြီး မွန်ပညာရှိ ကြီးများ၊ မွန်ပညာတတ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီး များ၊ ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ထမ်းဆောင် နေကြသော အရာရှိကြီးများ၊ ဝန်ထမ်းများ၊ ခေတ်ပညာ တတ်လူငယ်များဖြင့် စုံလင်လှသည်။ အလွှာအသီးသီး အဆင့်အတန်းအသီးသီးမှ လာခဲ့ကြလည်း တစ်ခုတည်း သော ဦးတည်ချက်မှာ လှပသော မွန်တို့၏ အနာဂတ် ကို ဖန်တည်းကြမည် ဖြစ်ခြင်းပေတည်း။

မကြာမီ အခမ်းအနားစတင် ဖွင့်လှစ်မည်ဖြစ် ကြောင်း အခမ်းအနားမှူးက ကြေငြာလိုက်သည်။ စားပွဲ ဝိုင်းများဆီက နွတ်ခွန်းဆက်သံ၊ ရယ်မောသံ၊ ဖန်ခွက် ချင်းထိခတ်သံ၊ ဇွန်းသံ၊ ပန်းကန်သံများဖြင့် စီညံနေပါ တော့သည်။ မွန်ဓမ္မာရုံဝင်းကြီးကား ဧည့်ပရိသတ်တို့ဖြင့် သက်ဝင်လှုပ်ရှားစည်ကားသိုက်မြိုက်လှသည်။

ကောင်းဗလွှာ အချိုရည်ပုလင်းထဲက အချို ရည်တစ်ကျိုက်ကို ပိုက်ဖြူဖြူဖြင့် စုတ်သောက်လိုက် သည်။ မိမိထိုင်ခုံနှင့်ကပ်လျက် လွတ်နေသော ခုံနံပါတ် (၇)တွင် ဝင်ထိုင်သူကို မိတ်ဆက်သဘော ရင်းနှီးဖော်ရွေ သော အပြုံးနှင့် လှမ်းကြည့်လိုက်သည်။ တမဟုတ်ချင်း နှလုံးခုန်ရပ်သွားသလို ကောင်းဗလွှာခံစားလိုက်ရသည်။ မိမိအမြင်အာရုံကိုပင် မယုံကြည်ချင်။ တည်ကြည် ခန့်ညားသော မျက်နှာပေါ်မှ စူးရှတောက်ပနေသော မျက်လုံးကို မှတ်မိနေသည်။ ကောင်းဗလွှာ၏ မျက်နှာ ပေါ်က အပြုံးများ ချက်ချင်းလွင့်စင်ကွာကျသွားသည်။ ရင်ခုန်သွားသည်လား။ စိတ်နှလုံးလှုပ်ရှားသွားသည် လား။ မဝေခွဲတတ်ပါ။ အံ့ဩတုန်လှုပ်သွားသည်ကား အမှန်ပင်။ မိမိကိုယ်ကို အမှုန်ကလေးတစ်မှုန်ပမာ ဖျောက်ဖျက်လိုက်ချင်သည်။

မိတ်ဟောင်းမိတ်သစ်တို့ ဆုံဆည်းခွင့် ဖန် တည်းပေးသော ဤမိတ်ဆုံပွဲညကို လာခဲ့မိခြင်းသည် မိမိအမှားဟု မိုက်မိုက်မဲမဲတွေးနေမိသည်။

"ဗလွှာ"

"ရာဇာ. . . . တို့ကို မှတ်မိသေးတယ်နော်"

"ဖျောက်ဖျက်လို့မရတဲ့ အရာဘဲ။ တို့နှလုံးသား မှာလည်း အနာရွတ်တွေနဲ့ပါ။ သည်မိတ်ဆုံစားပွဲညမှာ ဗလွှာကို ပြန်လည်ဆုံးဆည်းရလိမ့်မယ်လို့ မမျှော်လင့် ခဲ့ဝံ့ဘူး။ တို့ကို နာကျည်းမုန်းတီးနေတဲ့ ဗလွှာကို ခွင့် လွှတ် နားလည်ဖို့လည်း ဝန်ချတောင်းပန်ဖို့ သတ္တိ တို့မှာ မရှိပါဘူး . . ."

ရာဇာ၏ စကားသံတို့တွင် တုန်ရီလှိုက်မောသံ တို့ဖြင့် လှုပ်ခတ်၍ နေသည်။

"တို့ဘဝက ခဲမှန်ဖူးတဲ့ စာသူငယ်လိုပါပဲ။ ဘဝမှာ မှတ်မှတ်ရရဖြစ်နေပါတယ်။ တို့ကို ရက်စက်နိုင်လိုက်တာ ရာဇာရယ်"

ကောင်းဗလွာ၏ ပင့်သက်ရှိုက်သံခုန်ပျံလွင့်ထွက်လာသည်။ သို့သော်. . သည်အချိန်မှာ ပင့်သက်ရှိုက်သံကိုမျှ ချစ်ခဲ့ဖူးသူအား မကြားစေလိုတော့ပါ။

နှစ်ပေါင်း လပေါင်းများစွာ၏ ဝါးမျိုခြင်းခံရပြီးသည်၏ နောက်တွင် ရင့်ကျက်တည်ငြိမ်ခြင်းတို့က ယခုအခါမှာ ဦးလည်မော့၍ နေပါသည်။

"ရက်စက်တယ်လို့ ပြောချင်သလား ဗလွာရယ်" . . .

"အသည်းတွေ တစ်စစီကြွေအောင်လုပ်ခဲ့တာ ရက်စက်တယ်လို့ မခေါ်နိုင်ဘူးလား။ ဗလွာ ဘယ်လိုကျန်ရစ်ခဲ့တယ်ဆိုတာကော ပုံဖော်မိရဲ့လား။ ရာဇာကို တို့မချစ်ခဲ့မိရင်. . "

"အခြေအနေတစ်ရပ်ကြောင့်ပါ. . ဗလွာရယ်။ တို့ရဲ့ သစ္စာတရားတွေ ယနေ့အထိ ခိုင်မြဲနေပါတယ်။ မေတ္တာလည်းမပြယ်ခဲ့ပါဘူး . . . "

မိတ်ဆုံစားပွဲည၏ အေးစက်မာကြောနေသော ဒန်ပေါက်ထမင်းနှင့် ကြက်သားဟင်း၏ အရသာကို ကောင်းဗလွာကောင်းကောင်းမခံစားလိုက်ရပါ။

"လုပတဲ့ အနာဂတ်တစ်ခုကို ဗလွာရဲ့အတူ တည်ဆောက်ချင်ပါတယ် ဗလွာရယ်"

တိုးတိတ်ညံသက်စွာ ပြောနေသော်လည်း ရာဇာ၏ စကားကို ကောင်းဗလွာကောင်းစွားကြားနေရသည်။

မိတ်ဆုံစားပွဲည (ဝါ) တက္ကသိုလ်မွန်ရိုးရာ မိတ်ဆုံစားပွဲည. . . ။

တစ်ချိန်က ဤလိုညမျိုးဆီသို့ လွမ်းမောတသ ဖွယ်မျှောပါသွားပါသည်။

× × × × × ×

ပင်ကိုယ်အလှဖြင့် တမူထူးခြားစွာ လှပနေသူ ကောင်းဗလွာမှာ ပြုပြင်ချယ်မှုန်းထားမှုကြောင့် မီးရောင်အောက်တွင် ချစ်ချင်စဖွယ် မိုးနတ်မယ်တမျှ လှချင်တိုင်း လှနေပါသည်။

ကောင်းဗလွာရော ရာဇာပါ စင်ပေါ်ရောက်ခဲ့ကြသည်။ အတူဆိုကြ၊ ကခဲ့ကြသည်။ မွန်ရိုးရာယဉ်ကျေးမှုတစ်ရပ်ကို ဖော်ထုတ်ပြသခွင့်ရ၍လည်း ဝမ်းသာကြည်နူးမှုနှင့်အတူ ဇာတိစိတ်၊ ဇာတိမာန်တို့ဖြင့် တက်ကြွနေသည်။

သွဲ့ပျောင်းနွဲ့နှောင်းသော မွန်တပင်တိုင်အကကို ကြည့်ရသူ၏ စိတ်နှလုံးသိမ်းကျုံးညို့ငင်ထားသလို သိမ်မွေ့လှပစွာ ကောင်းဗလွာတင်ဆက်ခဲ့သည်။

စင်အောက်သို့ရောက်သည်ထိ ကောင်းဗလွာ၏ နဖူးပေါ် ချွေးသီးများစို့နေသည်ကို ရာဇာမြင်ရသည်။

ညှင်းညှင်းညံ့ညံ့ငြိမ့်ညောင်းသာယာသော မွန်ဂီတသံတို့တွင် ညွတ်ပျောင်းမိသလို အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ဖြင့် ချစ်ခင်မြတ်နိုးစိတ်များ ရင်ထဲ အသည်းထဲ စူးနစ်စိမ့်ဝင်သွားပါသည်။

"ဗလွာ--ရွှေမင်းသမီးလေးက အကကောင်း အဆိုကောင်းထဲကနော်"

"ဟင်း" . . .

ကောင်းဗလွာမျက်စောင်းဖြင့် ဝေ့ကြည့်လိုက်သည်။ ဤညတွင် ကောင်းဗလွာ၏ မျက်နှာသည်ပို၍ ပြုံးချိုလှပနေသည်ကို ဂရုပြုမိသည်။ ကောင်းဗလွာ၏ အကြည့်မှာပင် အရည်ပျော်ပြီး သူ၏အသည်းနှလုံးထဲ သွေးသားထဲသို့ စီးဆင်းပျော်ဝင်သွားချင်လှသည်။

ချမ်းမွန်၊ ကောင်းထော၊ ဆိုက်ဆွန်းတို့က တာဝန်မပြီးဆုံးသေး၍ ဝိုင်းထဲမှ ထသွားသောကြောင့် ကောင်းဗလွာနှင့် ရာဇာနှစ်ယောက်ထဲ ကျန်ရစ်နေခဲ့သည်။

"လူဘဲကြည့်ပြီး . . . ဘာမှလဲ မပြောပါလား"

"ပြောစရာတွေရင်မှာ ပြည့်နေတယ်"

"အရေးကြီးဆုံးကိုစပြော"

"ပြောမယ်နော်"

"ပြော. . ."

"ချစ်တယ်. . ."

"ဘယ်သူ့ကိုလဲ"

"ကောင်းဗလွာ ဆိုတဲ့ မမိုးပန်းကို"

"ခင်မင်ရင်းနှီးမှုတွေကို ရိုက်ချိုးလိုက်ပြီလား"

"အလှတွေစုနေတဲ့ ဗလွာတစ်ယောက် ချစ်တဲ့သူတွေဝိုင်းဝိုင်းလည်နေတာ တို့ကနောက်ကျသွားမှာစိုးလို့ပါ"

"တို့က ရုပ်ဝတ္ထုပစ္စည်းမဟုတ်ပါဘူး"

"တို့ဘဝ ဝမ်းသာပျော်ရွှင်နိုင်ဖို့ ဗလွာတစ်ယောက်တည်းကသာ စွမ်းဆောင်နိုင်တာပါ။ တို့ ဝမ်းသာနိုင်ဖို့ မျှော်လင့်နေပါ့မယ်"

"ရာဇာတစ်ယောက် ဝမ်းသာပျော်ရွှင်နေတာကို ထာဝရမြင်တွေ့နေချင်ပါတယ်"

"ဝမ်းသာလိုက်တော့မယ်နော်"

မိတ်ဆုံပွဲစင်မြင့်ထက်မှ မွန်တေးသွားများက နှစ်ဦးသားအား ကလူကျီစယ်နေဘိသို့. . . .

✣ ✣ ✣

မွန်တက္ကသိုလ်ကျောင်းသားများ၏ အမျိုးသားရေး၊ စာပေ၊ ယဉ်ကျေးမှုလှုပ်ရှားမှုတိုင်းတွင် ကောင်းဗလွာရော၊ ရာဇာပါ ပါဝင်ကြစမြဲပင် အမျိုးသားရေးကို ဦးစားပေး ရှေ့တန်းတင်ထားရင်းကပင် နှစ်ကိုယ်အရေးပို၍ နီးလာသည်။ မေတ္တာ သစ္စာ တရားတို့ခိုင်ကျည်မြဲမြံလာသည်။

သို့သော် ချစ်သူတို့သဘာဝ ချစ်ခရီးလမ်းသည် ထာဝစဉ်ချောမွေ့နေသည်မဟုတ်. . . ရံဖန်ရံခါ အဖုအထုံးကလေးများရှိနေတတ်ပေသည်။

" တို့ရင်ထဲမှာ ရာဇာကို ကတိတည်တဲ့ယောကျ်ားတစ်ယောက်ဖြစ်စေချင်တယ်"

"ခွင့်လွှတ်နားလည်ခြင်းနဲ့ ချစ်တတ်တဲ့ ဗလွာရဲ့ စိတ်ဓါတ်ကို နားလည်ထားလို့ပါ"

"ရာဇာရယ်၊ ဗလွာဟာ မိန်းမသား တစ်ယောက်ပါ။ အချစ်တစ်ခုကြောင့် စိတ်ထားနုနယ်တဲ့ မိန်းမတစ်ယောက်အဖြစ်ကို မရောက်ချင်ပါဘူး။ ဗလွာကို မိန်းမဆိုးတစ်ယောက်အဖြစ် မရောက်စေပါနဲ့။ ချစ်သူရဲ့အလာကို တမျှော်မျှော်စောင့်နေရတဲ့ မိန်းကလေးတစ်ယောက်ကို စာနာကြည့်ပါ။ ဗလွာရဲ့ မွေးနေ့မှာ ဘုရားသွားမယ်လို့လဲ ရာဇာဘဲ စပြောခဲ့တာဘဲ။ ဘုရားသွားဖို့၊ ဈေးသွားဖို့၊ ရုပ်ရှင်ကြည့်ဖို့ဆိုပြီး ကိုယ်ကစပြော၊ ကိုယ်ကစပျက်ခဲ့တာချည်းဘဲ။ ပေးထားတဲ့ ကတိပျက်လွယ်တဲ့ရာဇာကို နားမလည်တော့ဘူး။ ဗလွာနေရာက ဝင်ကြည့်စမ်းပါ။ သူငယ်ချင်းတွေနဲ့ ရှက်လွန်းလို့၊ မလာသေးဘူးလားလို့၊ လူမြင်တိုင်းအမေးခံနေရတာတွေ။ မိန်းမတစ်ယောက်ရဲ့ သိက္ခာတွေ ကျလွန်းပါတယ်"

"ကတိအကြိမ်ကြိမ်ပျက်ခဲ့တာတွေကို ကိုယ့်အပြစ် ကိုယ်ဝန်ခံပါတယ်။ ချစ်သူကို တန်ဖိုးမထားလို့ မဟုတ်ခဲ့ရပါဘူး။ ကိုယ်ပိုင်ဆိုင်တဲ့ အချိန်တွေကို ချစ်သူကိုဘဲပေးအပ်ချင်တာပါဘဲ၊ အချစ်ရေးထက် အမျိုးသားရေးတွေကို ဦးစားပေးနေရလို့ပါ။ နောက်ပြီး ကိုယ့်ချစ်သူဟာ တက္ကသိုလ်မွန်ကျောင်းသားများရဲ့ အတွင်းရေးမှူးတစ်ယောက်ဆိုတာမေ့ပြီလား"

"သည်အချိန်မှာ မိန်းမသားတစ်ယောက်ရဲ့ ခံစားနေရတဲ့ ဝေဒနာကိုဘဲ ပြောနေတာ။ မိန်းမဟာ မိန်းမပါဘဲ၊ ဘုရင်မဘဲဖြစ်ဖြစ်၊ အချစ်ရေးမှာ ချောင်ထိုးခံရတာ ဘယ်မိန်းမမှ ကျေနပ်နိုင်မှာ မဟုတ်ပါဘူး"

"ကိုယ်က အသက်နဲ့အမျှ ချစ်နေပါတယ်။ အခြားမိန်းကလေးတွေကို ဗလွာရဲ့ခေါင်းမှာ ပန်ထားတဲ့ ပန်းလေးတစ်ပွင့်လောက်တောင် တန်ဖိုးမထားနိုင်ပါဘူး။ ကိုယ်ချစ်တာ ဗလွာကိုပါ။ ဗလွာက မျိုးချစ်မ,ဆို အမျိုးကိုချစ်ရင် ကိုယ့်ကိုလည်းချစ်နေရမယ်. . . ကိုယ်က ဗလွာရဲ့ အရိပ်ပါ။"

"တော်ပါ. . . အမျိုးသားရေးနဲ့ အချစ်ရေး ဟာ သီးခြားကဏ္ဍတစ်ခုစီပါ. . ရောမချပါနဲ့"

"ကိုယ့်ကို လက်ဆောင်တစ်ခုပေးပါလား ဗလွှာရယ်"

"ဘာလက်ဆောင်လဲ. ."

"အပြုံးလက်ဆောင်"

"ဟင်. . အင်း"

သို့သော် ကောင်းဗလွှာ၏ မျက်ဝန်းပေါ်တွင် မျက်ဖြိုးဒေါသရိပ်တို့အစား အပြုံးစတို့ ခိုတွဲ၍နေပါသည်။

▼▼▼▼▼

ရာဇာကို ယခုအခါ ချစ်သူတစ်ယောက်အဖြစ် အသိအမှတ်ပြု ချစ်ဖို့မကောင်းလောက်အောင် ကောင်းဗလွှာစိတ်ပျက်လာသည်။ အမျိုးသားရေးနှင့် ယှဉ်လာလျှင် ကောင်းဗလွှာက ဒုတိယနေရာကို အလိုလို ရောက်လာသည်။ ရာဇာအပေါ် နားလည် တတ်လွန်း၍သာ ချစ်ခြင်း၏ ကြိုးစများ အမျှင်တန်း နေရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကျောင်းတက်ရက်မှာပင် ခရီးထွက်သွားတတ်၏။ ရက်ရှည်ကျောင်းပိတ်ရက်မှာလည်း အိမ်ပြန်သည်မရှိ။ အသင်း၏ လုပ်ငန်းကိစ္စ၊ ပြက္ခဒိန်၊ မဂ္ဂဇင်းထုတ်ဝေရေး၊ စာမူစုဆောင်းရေးများနှင့် လုံးချာလည်ရင်း အိမ်နှင့် ပို၍ပို၍ ဝေးနေခဲ့သည်။

နောက်ဆုံးနှစ်ကျောင်းအပြီးမှာ ကောင်းဗလွှာကို ပင်နှုတ်မျှမဆက်ဘဲ.အဝေးတစ်နေရာသို့ ကျောခိုင်းထွက်ခွာသွားပါတော့သည်။

"ရာဇာရယ်. . လောကမှ မွန်ဆိုတာရာဇာ တစ်ယောက်တည်းရှိတယ်လို့ အောက်မေ့နေရော့သလား။ အမျိုးသားရေးကို ရှေ့တန်းတင်လွန်းတယ်။ မိဘ မောင်နှမချစ်သူကို စွန့်ပြီး ထွက်သွားနိုင်ရက်တယ်။ ရက်စက်လိုက်တာ။ တို့ရဲ့ အသည်းတွေ တစ်စစီကွဲအက်ကြေမွကုန်ပါပြီ"

ရာဇာတစ်ယောက် ချစ်ခြင်း၏ သမုဒယကြိုးစန္ဒယ်မျှင်ကို သစ်ယောင်းခက်ချိုးသလို လွယ်လင့်တစ်ကူပြတ်တောက်စေခဲ့ပြီ။ ကောင်းဗလွှာ၏ ကြေကွဲမှတ်တမ်းကိုလည်း ဖတ်ကြားနာယူခွင့်မရှိတော့ပါ။

အမျိုး၊ ဘာသာ၊ သာသနာကို ရှေ့တန်းတင်ကာ ယုံကြည်ချက်ပြင်းထန်လွန်းလှပါတကား ရာဇာရယ်။

ချစ်ရသူအကြောင်းကို ပြန်ပြောင်းတွေးမိတိုင်း မျက်ရည်သီသီဝေ့လာရသည်။ ဆင်းရဲဒုက္ခအသက်ဘေးအန္တရာယ်ကြားက ချစ်ရသူကို ဆွဲနှုတ်ပစ်လိုက်ချင်သည်။

မသိသူတွေက ရာဇာ၏ မိဘများ ခံစားနေရသည်ဟု ထင်မှတ်ကြသည်။ ချစ်ရသူ ကောင်းဗလွှာ၏ ရင်ထဲတွင်လည်း အသည်းမွှာတွေ ကွဲအက်ကြေပြန်း၍နေပါသည်။

လ,ကလေး မှုန်မှုန်သာသာညမှ ချစ်သူကို လွမ်းရသလို လထိန်ထိန်သာလည်း ကြေကွဲဆွေးမြေ့နေရသည်။ ပိတောက်ပွင့်လျှင် လွမ်းရသလို ကံ့ကော်တွေ ဖူးလည်း တမ်းတနေမိပြန်ပါသည်။

ချစ်ရသူမို့လွမ်းရတာ အပြစ်ဆိုစရာမှ မရှိပါဘဲ လွမ်းတသသနှင့် နေ့ရက်တွေသာ ကုန်လွန်နေခဲ့ပါသည်။



အချိန်နာရီတို့၏ တိုက်စားမှုကို လည်စင်း၍ ခံခဲ့ရသည်။ အချိန်တို့နှင့်တူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်တို့သည် အခြေခံလိုအပ်ချက်များအပေါ် မီ၍ပြောင်းလဲခဲ့ကြပေသည်။

ရာဇာတို့၏ မွန်အမျိုးသားအဖွဲ့အစည်းသည်လည်း နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးနားလည်မှုရယူကာ မွန်ပြည်သူများ၏ ဘဝထဲသို့ တရားဝင်ရောက်ရှိခဲ့ပေပြီ။

ရာဇာချစ်သော မွန်အမျိုးသားတို့အတွက် ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုအရပ်ရပ်ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်တော့မည်။ ရာဇာတို့ဘဝကား ကောင်းကင်ယံထက်တွင် ရွှေဟင်္သာငှက်တို့လို လွတ်လပ်စွာ လူးလာဆန်ခပ်လှုပ်ရှားပျံသန်း၍နေပေပြီ။

ထို့ကြောင့်လည်း တက္ကသိုလ်၊ ကောလိပ် သိပ္ပံ ကျောင်းသားများ၏ မိတ်ဆုံပွဲညကို လွမ်းမာတသဖွယ် အဖြစ်ဖြင့် တက်ရောက်ခဲ့သည်။ ယခုလို ညမျိုးကို ကောင်းဗလွှာတစ်ယောက်တက်ရောက်လာလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့မိပါ။

ကျောနိုင်းပစ်ခွာ စွန့်ပစ်ခြင်းကို ခံခဲ့ရသော မိကောင်းဗလွှာဆိုသော မိန်းကလေးသည် မွန်လူဆိုး ရာဇာကို နာကျည်းစက်ဆုပ်နေပေလိမ့်မည်သာ။

❑❑❑❑❑

တို့ကို စိတ်နာကျည်းနေမှာဘဲနော်။ တို့က လူမိုက်ဆိုတော့"

"အမျိုးသားရေးအတွက် လုပ်ဆောင်နေတဲ့ သူကို လူမိုက်လို့ ဆိုရလောက်အောင် ဗလွှာမှာ အသိစိတ်မခေါင်းပါးသေးပါဘူး။ ဒါပေမယ့် အသိပေးဖို့ကောင်းပါတယ်"

"ယုံကြည်ချက်၊ ဆုံးဖြတ်ချက်တွေက တင်းမာပြင်းထန်နေတော့ ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါဘူး။ ဗလွှာကိုလည်း သောကတွေမပွားစေချင်ဘူး"

"သောကဝေဒနာကိုဘဲ တသသနဲ့ အဖော်ပြုနေ ရတယ်ဆိုရင်ကော ယုံမှာလား"

"ချစ်သူတွေချင်း ချစ်လျက်နဲ့ ကွေကွင်းနေရခြင်းဆင်းရဲဒုက္ခတွေကို အနေဝေးတော့ ပိုနားလည်လာတယ်။ အချစ်ဆိုတာ ဘဝတစ်ခုလုံးနဲ့ စာမျက်နှာလေးတစ်ခုပါ။ အချစ်အတွက် အသက်ရှင်နေတယ်လို့ စိတ်ကူးမယဉ်ချင်ပါဘူး။ အချစ်ကိုတန်ဘိုးထားပေမယ့် လောကမှာ လုပ်သင့်တာတွေကို ရှေ့တန်းတင်လုပ်ဆောင်နေရတယ်ဆိုတာကို ဗလွှာလက်ခံယုံကြည်တယ်ဆိုရင် ဝမ်းသာရမှာပေါ့. . ."

"ဗလွှာက ဒုတိယနေရာမှာဆိုတာ သိခဲ့ပါတယ်"

"အခု မဟုတ်တော့ဘူး။ ပထမနေရာပေးလိုက်ပြီ။ သည်အချိန်မှာ သည်လိုစကားမျိုးပြောခွင့်ရနေသေးတဲ့ကိုယ်လောက် ဘယ်သူမှ ကံကောင်းနိုင်မှာမဟုတ်ဘူး။"

"အင်း ဗလွှာကိုလည်း ပြန်မေးကြည့်အုံး။ အရင်အတိုင်းဘာမှ ပြောင်းလဲမသွားဘူးလားဆိုတာကိုလေ"

"ဤလို ညမျိုးမှာ ပြန်လည်ဆုံဆည်းရတာကိုဘဲ ကိုယ့်ဘဝမှာ မမေးဘဲ ပြည့်စုံလောက်ပါပြီ"

**မပြေစိတ်ဝမ်းနေ့တိုင်းလွမ်းရှင့်** - ဟု စိတ်ထဲမှာ တီးတိုးဖွင့်ဟ ရွတ်ဆိုနေလည်း နှုတ်ဖျားကမူ. .

"ဟင်း - မုန်းတယ် - သိလား"

ရာဇာက စားပွဲခုံပေါ်တင်ထားသော ဗလွှာ၏ လက်ကို အသာအယာလှမ်းကိုင်ဖမ်းဆုတ်ပြီး မေးလိုက်သည်။

"တကယ်လား"

ကောင်းဗလွှာ၏ မျက်ဝန်းကို ရွှန်းရွှန်းစိုတောက်ပ၍နေသည်။ ချစ်ရည်ရွှန်းလဲ့ကာ ပီတိတွေဖြာဝေနေသည်။

ထိုစဉ်မှာပင် တက္ကသိုလ်ကျောင်းသားဟောင်းကြီးများ၏ လွမ်းမောတသဆွတ်ပျံ့ကြည်နူးဖွယ်ရာ တေးသံများ လေထဲတွင် ဝေ့ဝဲခုန်ပျံလွင့်မျောလျက်-

**မီလေးမွန်**

လှိုင်ဟံသာ ၁၄၁




မိုးပန်းမွှန်
(ရာမည)
သမိုင်းတွင်မည့်
မြ န် း မ သ ဂ ါ း
လှိုဟံသာ ၁၄၃

# သမိုင်းတွင်မည့် မိန်းမသား

မိုးပန်းမွှန် (ရာမည)

(၁)

"မိနှင်းဖြူ" ကတော့ အသေအချာ ဆုံးဖြတ်ထားပြီးပြီ။

ဒီဆုံးဖြတ်ချက်ကလည်း သူမဘဝ ကောင်းစားရေးအတွက်ပါဆိုတာကို ဆင်ခြေပေးဖို့ အဆင့်သင့်ပါ။ ဘွဲ့ရပြီးကတည်းက ကိုးရီးယားဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားများကို သင်ထားခဲ့သေးသည်။ ယနစီ အထည်ချုပ်စက်ရုံတွင် မန်နေဂျာအဖြစ် ဝင်လုပ်ရင်းမှ သူမ အမြင်ကျယ်ခဲ့၊ အတွေးအခေါ် အယူဆ ပြောင်းလဲခဲ့ . . . . သူဌေးဖြစ်ချင်ခဲ့တာပါ။

ဘယ်လောက်အထိ အမြင်ကျယ်ခဲ့ပါသလဲဆိုလျှင် . . . . ထိုအထည်ချုပ်စက်ရုံပိုင်ရှင် မစ္စတာရှိုင်း ဘာတွေ ပိုင်ဆိုင်လဲဆိုသည်အထိ သူမ စုံစမ်းသိရှိနေပြီ။ ဘယ်လောက်အထိ အတွေးအခေါ်တွေ ပြောင်းလဲခဲ့သလဲဆိုလျှင် . . . . ထို တိုင်းတစ်ပါးသားကို လက်ထပ်ဖို့အထိ သူမဆုံးဖြတ်ပြီးနေပြီ. . ။

ထိုကိစ္စကို အချစ်ဆုံး သူငယ်ချင်း မိချမ်းဝေက လုံးဝလက်မခံနိုင်ဘဲ၊ ပြင်းပြင်းထန်ထန် ကဲ့ရဲ့ ရှုံ့ချသည်။ မိချမ်းဝေ က အဆောင်မှာ တစ်ခန်းတည်း အတူတူနေသူဖြစ်ပြီး မော်လမြိုင်မှ အတူတူလာကြသူများလည်းဖြစ်သည်။ လက်ထပ်ရေးကိစ္စကို မော်လမြိုင်မှ မိဘများထံ ကြိုတင်ခွင့်မတောင်း ရကောင်းလားဟု မိချမ်းဝေ ပြောတော့ သူမ ခေါင်းခါပြလိုက်သည်။

ဒါ . . . သူမဘဝအတွက် သူမ၏ ရွေးချယ်ပိုင်ခွင့်ဖြစ်၍ သူမဘာသာ ဆုံးဖြတ်ခွင့်ရှိသည်။ မိဘများ သဘောမကျစရာလည်း မရှိပါဘူး။ မစ္စတာရှိုင်းက အထည်ချုပ်စက်ရုံပိုင်သည်၊ ရန်ကုန်မြို့လည်မှ ကုမ္ပဏီကြီးနှစ်ခုကို ပိုင်ဆိုင်ထားသေးသည်ဘဲ။ သူမကို လက်ထပ်ပါရစေဟု ခွင့်တောင်းလာသော မစ္စတာရှိုင်း ကို ခေါင်းမငြိမ့်ဘဲ သူမ မနေနိုင်ခဲ့။ မိချမ်းဝေ ကတော့ သူမကို စွဲချက်တွေ အမျိုးမျိုးတင်နေသည်။

"အရှုံးဘဲ၊ နင်ဟာ ဥစ္စာရှုံးဘဲ မိနှင်းဖြူ . . . အဲဒီရှုံးသွပ်မှုကြောင့် နင့်ကို ငါတို့အားလုံးက ဝိုင်းပယ်မယ်ဆိုတာ နင်မှတ်ထား၊ နင့်ရဲ့တစ်ကိုယ်ကောင်းဆန်မှုကြောင့် မိဘတွေ မျက်နှာပျက်ရမယ်လို့ တွေးမိရဲ့လား၊ နင်ဟာ . . . ဂုဏ်မနေအတွက်နဲ့ နင့်မျိုးဆက်ကို ဖျက်ဖို့ ဝန်မလေးတော့ဘူးပေါ့လေ၊ ဒီမှာ မိနှင်းဖြူ . . . အမျိုးအနွယ်ကို စောင့်ထိန်းချင်သေးတယ်ဆိုရင် နင့်ရဲ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါတော့ဟာ . . . . ငါ နင့်ကို နှမြောလို့ပါ သူငယ်ချင်းရယ် . . . "

မိချမ်းဝေ အသံက ဒေါသသံတစ်ဝက် စည်းရုံးသံတစ်ဝက်နှင့် အသံလှိုင်းကမညီ၊ ပြောနေလိုက်ပုံများ လူမျိုးရေးတွေရော . . . ဘာသာရေးရော . . . သာသနာရေးရော . . . စုံလို့၊ သူမကို အတ္တ လောဘနှင့် အမျိုးဖျက်မည့်သူဟု စွဲချက်တွေ တင်နေသည်။ ပြောလိုက်ကြသည့် မျိုးချစ်စိတ်တွေ. . . ပြောလိုက်ကြသည့် မျိုးဆက်သစ်ကိစ္စတွေ. . ဘာသာအယူဝါဒတွေ။

အခုကြည့်လေ . . . .

သူမကို မစ္စတာရှိုင်း က စာချုပ်စာတမ်းနှင့် ပိုင်ဆိုင်ခွင့် လွှဲပေးမည့် ကိန်းဂဏန်းများက နည်းနည်းမဟုတ်၊ အထည်ချုပ်စက်ရုံ၊ ကုမ္ပဏီ၊ ငွေစုစာအုပ်တွေ . . . သူမအမည်နှင့် လွှဲပေးဖို့ သေချာနေပြီ၊ သူမ၏ လောဘကို ဆွဲဆောင်ဖို့ လုံလောက်သော ထိုအရာများကို သူမ ဥပေက္ခာမပြုနိုင်ပါ။ မိချမ်းဝေ သိအောင်တော့ စကားတစ်ခွန်းပြောဖြစ်သည်. . . . ။

"ငါ့ဘဝ တင့်တယ်ဖို့အတွက် မစွတာရှိုင်း ကို ဘဲ ရွေးချယ်နိုင်မယ်၊ အဲဒီအတွက် ငါ့ကို အထင်သေး ကိစ္စမရှိပါဘူး၊ ရွှေပုံပေါ်မှာ စံရတာလောက် ဘယ်ဟာ ကိုမှ အလေးမထားနိုင်ဘူးလေ . . . အဲဒီအတွက်တော့ ငါ့ကို ခွင့်လွှတ်လိုက်ပါ . . . မိချမ်းဝေ"။

× × × × ×

(၂)

နှင်းပွင့်၊ နှင်းစက်တို့ တဖွဲဖွဲကျနေသည့် တပို့ တွဲလပြည့်ကျော် တစ်ရက်နေ့၏ ဆောင်းညချမ်း. . .။

မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပသည့် နေ့။

သိမ်ဖြူကွင်းထဲတွင် မီးသီးမီးတန်းများဖြင့် လင်းလက်လှပနေသည်။ တစ်နှစ်တစ်ကြိမ် ကျင်းပ နေကျဖြစ်သော မွန်အမျိုးသားနေ့ဖြစ်၍ မွန်လူငယ် မောင်မယ်တို့ ကွင်းထဲသို့ စုံစုံလင်လင် တက်တက်ကြွ ကြွ နှင့် ပျော်ရွှင်ကြည်နူးစွာရောက်နေကြပြီ။ လပြည့်နေ့ ညက ထမနဲပွဲကျင်းပခဲ့ပြီး၊ လပြည့်ကျော် (၁) ရက်နေ့ ည မွန်အမျိုးသားနေ့ ကျင်းပတော့၊ ထမနဲထုပ်များ ဝေငှ ကြသည်။ တိုင်းရင်းသားလူမျိုးစုံ တက်ရောက်သော ကြောင့် ပိုပြီး ရင်းနှီးပျော်ရွှင်ကြရ၏။

မွန်ရိုးရာ ဂီတကို တီးခတ်ရသော တူရိယာ ပစ္စည်းများကလည်း ကြိုးတပ်မိချောင်းတူရိယာ၊ လခြမ်း ပုံ ကြေးမောင်းတူရိယာဖြစ်၍ ဓည့်ပရိသတ်များက အံ့ အားတသင့် ဖြစ်နေကြသည်။ ငြိမ့်ညောင်းညင်သာ သော ဂီတသံစဉ်များ. . . ကွင်းပြင်အနှံ့ လွှင့်ပျံ့နေသည့် အချိန်တွင်၊ မိနှင်းဖြူ တို့အုပ်စုလည်း ကဇာတ်အတွက် အလှပြင်နေကြပြီ။ ဇာတ်စင်နောက်ဖက်တွင် မိနှင်းဖြူ တို့ကို လာရောက်နှုတ်ဆက်သူများလည်း ခြေရှုပ်နေကြ သည်။

သူမက အလှပြင်ရင်း ဇာတ်စာ၊ ဇာတ်စကား ကို ရွတ်ကြည့်နေရသဖြင့် နှုတ်ဆက်သူများနှင့် အချိန် မဖြုန်းအားပါ။ အစအနောက်သန်သော မင်းထွန်းငွေ က -

"ဘုန်းကံရှိတဲ့လူတွေများ ဇာတ်ထဲမှာတောင် မိဖုရားဖြစ်ရဦးမှာနော"

"ဟုတ်ပ့ါ ကိုထွန်းငွေရယ်. . . . တို့ကျတော့ အထိမ်းတော်၊ အပျိုတော်တဲ့"

မိရွှေဝင်းက နှုတ်ခမ်းစူစူနှင့် ပြောတော့ မင်း ထွန်းငေါ်တို့ တဟားဟားပွဲကျသည်။

"နင်က မိနှင်းဖြူ လို သွယ်သွယ်လှလှလေး ဆိုရင် မိဖုရားလုပ်ရမှာပေါ့၊ ဝဝပုပုဆိုတော့ အထိမ်း တော်ပဲ ဖြစ်မှာပေ့ါဟာ၊ နင့်ဘော်ဒီကို လျှော့ထားဦးပေ့ါ"

"ဟုတ်တယ်၊ နောက်နှစ် မွန်အမျိုးသားနေ့ကျ ရင်၊ ငါဘုရင်လုပ်ရမယ့်ကဇာတ်ထဲမှာ နင့်ကို မိဖုရား လုပ်စေရပ့ါမယ်ဟာ၊ အားမလျှော့ပါနဲ့"

"ဗညားစုတ် နင့်လိုရုက်တတ်တဲ့လူကို ဘယ် ဇာတ်ဆရာကမှ ဘုရင်မလုပ်ခိုင်းဘူးမှတ်"

မိရွှေဝင်း ၏ စကားအဆုံးတွင် ဗညားထွန်း နှင့် မင်းထွန်းငွေတို့ ရယ်လို့မဆုံးတော့၊ ထိုစဉ် ကဇာတ် အဖွဲ့မှ ဇာတ်ဆရာ မင်းခင်မောင်မြင့် နှင့် မင်းရည်မွန် တို့ ရောက်လာပြီး -

"ကဲ . . . မင်းသမီးရေ. . . အလှပြင်ပြီးရင် ဇာတ်စကားထပ်ဖြည့်ထားတာလေး သင်ပေးမလို့၊ ခဏ လောက် ပြောကြည့်ပါအုံး"

"ဟင်. . . ပြောရမည့်စကားက ရှေးခေတ် ထီးသုံး နန်းသုံး မွန်စကားဖြစ်လို့ ခက်ရတဲ့အထဲ၊ ထပ် ဖြည့်အုံးမှာဆိုတော့ မှတ်မိပါအုံးမလား ဆရာရဲ့"

"မှတ်မိအောင် ကျက်ရမှာပေါ့ . . သီလဒေဝီ ရယ်. . ၊ မိနှင်းဖြူ ဆိုတာပျောက်ပြီး သီလဒေဝီဇာတ် ရုပ်ထဲကို အာရုံနှစ်လိုက်ရင် ဖြစ်လာမှာပါ"

မင်းရည်မွန်က အာပေးစကားပြောပြီး သူ့ လက်ထဲမှ စာရွက်ဖျားကို လှန်လှောရှာနေသည်။ မွန်အမျိုးသားနေ့တွင် ဆိုကြ၊ ကကြသည့် လူငယ် မောင်မယ်အားလုံးမှာ သဘင်သည်များမဟုတ်ကြ၊ အမျိုးသားရေးအတွက်မို့ ကြိုးစားပါဝင်ကပြရခြင်းပါ။ မွန်ရိုးရာအက ပဒေသာများ၊ မွန်စတီရီယိုတေးများက လွယ်ပေမယ့်၊ သမိန်ဗရမ်းကဇာတ်၊ ဟသ်ာကိုးသောင်းကဇာတ်၊ အဲမွန်တရာကဇာတ်နှင့် သီလဒေဝီ (မိတလထော်) ကဇာတ်များက ခက်ခဲပင်ပန်းစွာ ဇာတ်စကားတွေ ကျက်မှတ်ရလေ့ရှိသည်။ ဇာတ်စာကို ကျက်မှတ်နေရင်းမှပင် မစ္စတာရှိုင်း ထံမှ သူမ ပိုင်ဆိုင်ခွင့်ရမည့် စည်းစိမ်ဥစ္စာများကို ကိန်းဂဏန်းချ၍ တွက်ချက်နေမိပြန်သည်။

မင်းရည်မွန်က သူ့လက်ထဲမှ စာရွက်ကို မိနှင်းဖြူ ထံ လှမ်းပေးရင်းမှ -

"ကဲ - လာ၊ ဇာတ်ကြောင်းကို ထပ်ပြောပြမယ်နော်၊ အေဒီ ၁၀၄၃ - ၅၇ ခုနှစ် ကာလက ဟံသာဝတီနေပြည်တော်မှာ တိဿရာဇာ အမည်ရှိတဲ့ မင်းတစ်ပါး နန်းစံတယ်၊ သူက မိစ္ဆာဒိဋ္ဌိ ဆိုတော့ သူ့နိုင်ငံတဝှမ်းလုံးမှာ ထေရဝါဒ ဗုဒ္ဓသာသနာ မကိုးကွယ်ရလို့ အမိန့်ထုတ်ထားသတဲ့၊ မှတ်မိတယ်မဟုတ်လား?"

"မှတ်မိပါတယ် အကိုရဲ့၊ အဲဒီ တိဿမင်းက ဗုဒ္ဓရုပ်ပွားတော်တွေကို ရေအိုင် ရွံ့နွံတွေထဲ စွန့်ပစ်ခိုင်းတယ်၊ နိုင်ငံသားတွေက ဘုရင်ရဲ့ သေဒဏ်အမိန့်ကို ကြောက်လို့ ဗုဒ္ဓရုပ်ပွားတော်တွေကို ရေအိုင်ထဲ စွန့်ပစ်ကြတယ်လေ. . ."

သူမက သွက်သွက်လက်လက် ပြောတော့ မင်းရည်မွန်က သဘောတကျ ခေါင်းငြိမ့်သည်။ မင်းခင်မောင်မြင့်က ဇာတ်ညွှန်းစာရွက်ကိုကိုင်လျှက် -

"အဲဒါက ဇာတ်ရဲ့ နောက်ခံ ကျောရိုးပါဟာ၊ အရေးကြီးတာကို ငါဆက်ပြီးပြောပြမယ်၊ ဇာတ်ညွှန်းက ဆရာ နိုင်ပန်းလှ ရေးတာဆိုတော့ စေ့စပ်သေချာတယ်၊ ဒီမှာ မိနှင်းဖြူနဲ့ မိရွှေဝင်းအခန်း ရောက်ပြီ၊ သေချာနားထောင်နော်၊ ပန်းခြံမှာ ပန်းခူးထွက်မယ်၊ ရေချိုးဖို့ မြစ်ဆိပ်ကိုသွားပြီး အပေါင်းတွေနဲ့ ရေချိုးမယ်၊ အဲဒီမှာ တလထော်က အရာဝတ္ထုတစ်ခုကို တိုက်မိလို့ ရှာဖွေဆယ်ယူလိုက်တဲ့အခါမှာ . . . ရွှေရောင်တဝင်းဝင်းနဲ့ ကြည်ညိုသပ္ပါယ်လှတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ဖြစ်နေတာ တွေ့ရမယ်"

"ဆရာ . . . မိနှင်းဖြူက အဲဒီဇာတ်ထဲမှာ ဘာလဲ"

ဇာတ်စင်နောက်သို့ လာလည်သော မိထွေးတင်က ဝင်မေးတော့ မင်းခင်မောင်မြင့် က စီးကရက်တစ်လိပ်ဖွာရင်းမှ -

"သူက . . သူကြွယ်သမီးပေါ့ဟာ၊ ဘုရားတရားကို ကိုးကွယ်ဆည်းကပ်တဲ့ မိန်းကလေးပေါ့၊ အရွယ်ရောက်လာတော့ သူ့ကို တလထော် (တရားသခင်မ [သို့မဟုတ်] သီလဒေဝီ) လို့ ခေါ်ကြတယ်လေ"

"အခုညကမှာ ဆိုတော့ ပြီးတဲ့အထိ စောင့်ကြည့်လိုက်အုံးမယ်၊ ဒီဇာတ်မျိုးကို ကြည့်ရခဲဘိခြင်းနော်၊ သရုပ်ဆောင်တွေတော်ရင် ဒီဇာတ်ကို ချီးကျူးကြမှာ သေချာတယ်"

မိထွေးတင် စကားကြောင့် မိနှင်းဖြူ ကျောထဲစိမ့်သွားသည်။

သရုပ်ဆောင်ရမည့် အချက်အလက်များ၊ စကားပြောများမှားလျှင် ဒုက္ခဘဲဟု တွေး၍ ပူပန်နေ

သေးသည်။ ဇာတ်စင်ရှေ့သို့ မထွက်မီ ဘုရားရှိခိုးလိုက်သေးသည်။ ဇာတ်ဇမ်းထဲမှာသာ မဟုတ်ပါ၊ အပြင်မှာလည်း သူမက ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူဖြစ်ကြောင်း အားလုံးက သိထားပြီးသား. . . . ။

ထို့ကြောင့်ပင်သူမကို သီလဒေဝီ (တလထော်) နေရာမှာ သရုပ်ဆောင် ကပြစေခြင်းဖြစ်မည်။ သူမ အနေနှင့် တကယ့်ကို ရှာန်သွင်းပြီး သရုပ်ဆောင်မည်ဟုလည်း ဆုံးဖြတ်ထားပြီးပြီ၊ ကဇာတ်ကို ကြည့်ပြီးကြလျှင်. . . . သူမအား တကယ့်မွန်သာသနာပြု သူရဲကောင်းမလေးအဖြစ် လူအားလုံးက မြင်သွားရစေမည်ဟု သူမဘာသာ ကြုံးဝါးနေမိသေးသည်။

သူမ၏ ကြိုးစားမှုကို အားလုံးက အသိအမှတ်ပြု ချီးမွမ်းကြမှာကို သူမလိုလားတာတော့ အမှန်ပင်။

× × × × ×

(၃)

အကပဒေသာများ၊ မွန်ဟင်္သာယိမ်းနှင့် မွန်လူပျိုလှည့်ယိမ်းတို့ ကပြပြီးချိန်တွင် အတော်ညဥ့်နက်နေပြီ၊ နှင်းတို့ တသဲသဲ ကျချိန်ဖြစ်၍ အအေးဓါတ် လွန်ကဲချိန်ဖြစ်သည်။ မွန်အမျိုးသားနေ့ကို ရောက်လာပြီး အဆိုအကများကြည့်၍ ပြန်သူတို့လည်း ပြန်ကြပြီ. . ။

တလထော်ကဇာတ်ကို ကြည့်ရန် အားခဲ၍ စောင့်နေသူတို့လည်း နှင်းမှုံအောက်တွင် အထိုင်မပျက်ကြ။ ကျင်းပရေးကော်မတီရုံးခန်း၊ သတင်းပြန်ကြားရေးနှင့် လုံခြုံရေးရုံးခန်း၊ တက္ကသိုလ်ကျောင်းသူကျောင်းသားများ ရံပုံငွေဆိုင်၊ လက်ဝေ့ကော်မတီရုံးခန်းများတွင်လည်း နာယကကြီးများ အလုပ်အမှုဆောင် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးနေသည်ကို တွေ့ရသည်။

အကြော်ဆိုင်မှ မိတင်ငြိမ်း၊ မိငွေမြိုင်နှင့် မင်းတင်မြင့်တို့ကတော့ အကြော်မကုန်သေးလို့ မပြန်တာလား. . .၊ ကဇာတ်ကြည့်ချင်လို့ မပြန်တာလားမသိပါ၊ ဆိုင်ရှေ့မှာစုရုံးထိုင်လျှက်ရှိသေးသည်။

ကတ္တီပါ ပြည့်ဖုံးကားဖွင့်ပြီ . . . . ။

ကြည်လင်ချိုသာသော မွန်တေးသံနှင့်အတူ သူကြွယ်သမီး တလေထော်နှင့် အပျိုဖော် တစ်စု၊ ပန်းခြံထဲမှာ ပန်းခူးထွက်သည့် ပြကွက်ကို ရှုစားကြရပါပြီ. .၊ ရှေးခေတ်သူကြွယ်သမီးတို့ ဝတ်ဆင်သည့် ရွှေချည်ငွေချည် ထိုးထားသောအင်္ကျီ၊ ရွှေချည်ထိုး ထမသိမ်းအင်္ကျီ၊ လုံချည်တို့ဖြင့် မိန်းမပျို အလှကြီး လှနေသည်။

ရံရွှေတော်များနှင့် ရေချိုးဆင်းစဉ် ဗုဒ္ဓရုပ်ပွားတော်ကို ဆယ်ယူပြီး စင်ကြယ်စွာ ဆေးကြောသန့်စင်ပုံ၊ အမွှေးနံ့သာဖြင့် ဖြန်းပက်၍ ပန်းပေါင်းစုံဖြင့် ပူဇော်ပုံ၊ အလေးအမြတ် ကိုးကွယ် ဆည်းကပ်သဖြင့်၊ မင်းချင်းတို့မြင်၍ ဘုရင့်ရှေ့တော်မှောက်သို့ ဖမ်းဆီးပုံများကို သရုပ်ဆောင်ရစဉ် မမှားအောင် သူမသတိထား သရုပ်ဆောင်နေရသည်။

ဗုဒ္ဓရုပ်ပွားတော်ကို ကိုးကွယ်သဖြင့် ဘုရင်က သေဒဏ်ချမှတ်သည်။ သို့ရာတွင် . . ဆင်ဖြင့် နင်းသတ်သော်လည်းမသေ၊ ဒါးလှံလက်နက်ဖြင့် ခုတ်ပိုင်းစေသော်လည်း ခုတ်၍မရ၊ မီးဖြင့် ရှို့၍သတ်သော်လည်း မီးမလောင်၊ ထိုပြကွက်များတွင် တလထော်ဖြစ်သော သူမက လက်အုပ်လေးချီ၍ ဗုဒ္ဓဘုရားကို အာရုံပြုရသည်။ ဗုဒ္ဓ၏ တရားတော်ကို ရွတ်ဆို၍ အဓိဋ္ဌာန်ပြုရသည်။

“တပည့်တော်မသည် . . . ဗုဒ္ဓဘုရားရှင်ကို လေးမြတ်စွာ ယုံကြည်၍ ကိုးကွယ်ဆည်းကပ်ပါသည်ဘုရား. .၊ တပည့်တော်မ၏ အသက်ကို အသေခံ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်

ဆည်းကပ်ပါသည်ဘုရား. . . ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မသည် ဘေးဆိုးအန္တရာယ် အသွယ်သွယ်မှ လွတ်မြောက်ရပါလို၏ဘုရား. . . . "

ထိုစာသားများကို ရှေးခေတ်မွန်နန်းသုံးစကား၊ ပါဠိများဖြင့် သူမရွတ်ဆိုရသည်။ သူမ၏အာရုံထဲတွင် တကယ့်ကို ဘုရား၊ တရား၊ သံဃာကို ယုံကြည်စွာ အဓိဋ္ဌာန်ပြုမိနေသည်။ ခက်ခဲသော ထိုထီးနန်းသုံးစကားများလည်း လုံးဝအမှားအယွင်းမရှိဘဲ၊ ပြေပြစ်ချောမောစွာပြောဆို သရုပ်ဆောင်နိုင်ခဲ့ပြီ။

ထို့ပြင် တိဿရာဇာ မင်းကြီးကိုဘုရား၊ တရား၊ သံဃာ ယုံကြည်ကိုးကွယ်ရန် ပြောခြင်းများ၊ ဆင်နင်း၍ မသေ၊ ဒါးလှံလက်နက်ဖြင့်လည်း မသေ၊ မီးရှို့၍လည်း မသေရခြင်းမှာ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့်ဟု ရှင်းလင်းပြောပြရခြင်းများ၊ ဟံသာဝတီနေပြည်တော်၌ မိစ္ဆာ ဒိဋ္ဌိ အယူပယ်ဖျက်၍၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်၌ သက်ဝင်ကိုးကွယ်ရန် ပြောကြားခြင်းများတွင် . . ဆရာနိုင်ပန်းလှ ရေးထားသော စာသားများအတိုင်း သူမ ပြောနိုင်ခဲ့သည်။

နောက်ဆုံးတွင် ဘုရင်နှင့်တကွ ဟံသာဝတီ မင်းနေပြည်တော် တစ်စုံလုံး ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသည်။ စံပြအမျိုးကောင်းသမီးဖြစ်သော တလထော်ကိုလည်း အမွှေးနံ့သာဖြင့် ရေချိုးသန့်စင်စေပြီးနောက် "ဘဒြဒေဝီ" ဘွဲ့အမည်ဖြင့် မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်လိုက်သည်။ ဇာတ်ကို ဤတွင် အဆုံးသတ်ထားသည်။

"ထိုဇာတ် ကပြီးကတည်းက . . . .

သူမသည်လည်း ဗုဒ္ဓဘာသာကို တစ်သက်ပတ်လုံး ကိုးကွယ်ဆည်းကပ်မည်ဟု သံဓိဋ္ဌာန်ချထားခဲ့ပါပြီ။

× × × ×

(၄)

စံရိပ်ငြိမ် အဆောင်တွင် မိချမ်းဝေနှင့် သူမက အတွဲဆုံး အခန်းဖော်ဖြစ်ခဲ့ပေမယ့်၊ ခုတော့ မိချမ်းဝေလည်း သူမကို ရှောင်နေသည်။

ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ မွန်ပိဋကပ်တိုက်တွင် ဒီနေ့ အစည်းအဝေးရှိ၍ သူမ တစ်ယောက်ထဲ လာခဲ့ရသည်။ ခါတိုင်းတော့ မိချမ်းဝေနှင့် နှစ်ယောက်တွဲလာနေကျပါ။ ပိဋကပ်တိုက်ရောက်တော့ ဗညားဦးနှင့် ဆုံဖြစ်သည်။ သူကလည်း သူမကို ရှောင်သွားတော့မလို ခြေလှမ်းပြင်တာနှင့် ဗညားဦး ရှေ့မှ ပိတ်၍ရပ်ပြီး -

"ဒီမှာ ဗညားဦး၊ နင်တို့ငါ့ကို ဘာတွေ မကျေနပ်တာရှိနေလဲ၊ ခါတိုင်းအတူတူ အအေးဆိုင်ထိုင်နေကျ မဟုတ်လား၊ ပြောစမ်းပါအုံး ရှောင်ရခြင်းအကြောင်းရင်းကို. . "

သူမ၏ ခပ်ဆတ်ဆတ် အသံကြောင့် ဗညားက တင်းတင်းပြန်ကြည့်နေသည်။ သူမကို ပြောသင့်မသင့် ချိန်ဆနေဟန်ရှိသည်။ အတော်ကြာမှ -

"ဘာအကြောင်းကြောင့်လဲဆိုတာ နင်သိမှာပါ၊ နင်က မစွတာရှိုင်းနဲ့ လက်ထပ်မလို့ဆို၊ အဲဒါ သိလိုက်ရကထဲက ငါတို့ရင်ထဲမှာ မကောင်းခဲ့ကြဘူး၊ နင့်ကို တလထော်လို့ အမှတ်တရ ချစ်စနိုး ခေါ်ကြတာကိုလဲ ပြန်ရုပ်သိမ်းပါတယ် မိနှင်းဖြူ"

"ဟင် . . . ဘာဆိုင်လို့လဲ ဗညားရဲ့"

"ဆိုင်တာပေါ့ဟာ . . . ငါတို့ရင်ထဲက . . . ငါတို့ရာဇဝင်ထဲက. . . တလထော်ဆိုတာ မွန်သာသနာပြု သူရဲကောင်းမလေးဘဲ မိနှင်းဖြူ၊ အမျိုး၊ ဘာသာနဲ့ သာသနာအတွက် အသက်ကိုတောင် အသေခံရဲတယ်လေ. . .၊ နင်က ပိုသိမှာပါ၊ နင်ကိုယ်တိုင် ဒီဇာတ်မှာ

ပါဝင်ကပြခဲ့သေးတာဘဲ၊ အခုတော့ နင့်ဘဝ ကောင်းစားရေးကိုတောင် မစွန့်လွှတ်နိုင်လို့ အမျိုးဖျက်ဖို့ နင်စိတ်ကူးနေပြီမဟုတ်လား. . . . "

ဗညားစကားကြောင့် သူမရင်ထဲ လှိုက်ကနဲ ရှက်သွားရပြီ။ ဒါ. . မိချမ်းဝေလက်ချက်ဘဲဖြစ်မည်။ သူဖေါက်သည်ချထားလို့ ဒီမွန်အသင်းက သိထားကြခြင်းပဲဖြစ်မည်။ သူမလည်း ရှက်ရှက်နှင့်ပင် ဗညားဦးကို ရန်တွေ့မိတော့သည်။

"ဒီမှာ ဗညားဦး၊ ငါက မစ္စတာရှိုင်းကိုဘဲ လက်ထပ်မှာ၊ သူ့ဘာသာကိုတော့ မကိုးကွယ်ဘူး၊ ငါ့ဘာသာကို စွန့်လွှတ်မယ်လို့လဲ စိတ်မကူးခဲ့ပါဘူး၊ ငါ့ဘာသာကို ငါကိုးကွယ်မှာဘဲ၊ သူ့ကိုလက်ထပ်တာနဲ့ အမျိုးဖျက်တာနဲ့ ဘာမှမဆိုင်ဘူး"

သူမ စကားအဆုံးတွင် အသံလှိုင်းက တုန်လှိုက်မာကြောနေမှာကိုသိ၏။ ဒါပေမယ့် . . သူမဟန်ကို မလျှော့ချင်၊ အသံကို မလျှော့ချင်ထဲ ခပ်တင်းတင်းကြည့်နေလိုက်သည်။ ဗညားဦးက အလွန်မုန်းတီး နာကျည်းသည့်ပုံမျိုးနှင့် . . . .။

"ဒီမှာ မိနှင်းဖြူ . . နင့်ကို စိတ်နာတယ်ဆိုတာ ငါတစ်ယောက်ထဲအတွက် မဟုတ်ဘူး၊ မွန်လူမျိုးတစ်မျိုးလုံးအတွက် . . .၊ တိုင်းရင်းသားလူမျိုးစု အားလုံးအတွက်ဆိုတာ နင်သိထားစေချင်တယ်၊ ငါတို့မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံးကတို့ရဲ့ တိုင်းရင်းသူတွေ လူမျိုးခြားနဲ့ လက်ထပ်မှာကို လုံးဝမလိုလားဘူး၊ နင်က မစ္စတာရှိုင်းနဲ့ လက်ထပ်ပြီးရင်၊ နင့်ရဲ့ ဗုဒ္ဓဘာသာ ကိုးကွယ်ခွင့်ကို ရနေတယ်ဘဲထားအုံး၊ နင်တို့ မွေးလာတဲ့ မျိုးဆက်သစ်တွေကိုတော့ သူ့ဘာသာကိုဘဲ ကိုးကွယ်ခွင့်ပေးမှာပေါ့၊ အဲဒီ သွေးနှောတဲ့ မျိုးဆက်သစ်ကလဲ တို့ရဲ့ ဗုဒ္ဓဆင်းတုတော်ကို ယုံကြည်လေးမြတ်စိတ်နဲ့ ကိုးကွယ်နိုင်မတဲ့လား. . . . "

"ဒါက. . . ငါ့ကိစ္စပါဟာ. . နင်တို့ပြောနေပုံက ငါ့ကြောင့်ဘဲ လူမျိုးပျောက်တော့မယ်ပုံမျိုး၊ ငါ့တစ်ယောက်ထဲနဲ့တော့ ဘာသာအယူဝါဒကြီး တိမ်ကောပျောက်ပျက်မသွားပါဘူး၊ တကယ်ထဲမှာဘဲ"။

ရှည်ရှည်လျားလျားပြောရင်း ဒေါသသံပါနေသော ဗညားဦးကို စိတ်အချဉ်ပေါက်ပြီး ပြောချလိုက်သည်။ သူ့ရှေ့မှ လှည့်ထွက်ရန် သူမခြေလှမ်းပြင်လိုက်သည်နှင့် ဗညားဦးက သူမကို လက်တားသည်။

"နေအုံး . . . နင်မကြားချင်ပေမယ့် ငါ့မှာ ပြောစရာတွေ ကျန်သေးတယ်၊ နင်ပေးတဲ့ ဆင်ခြေမျိုးကို ဘယ်သူမှ လက်ခံဘူး မိနှင်းဖြူ၊ နင့်လို ငွေမက်တဲ့ တိုင်းရင်းသူတွေများလာရင် အယူဝါဒရော၊ အမျိုးရော ပျောက်သွားမှာဘဲ၊ မျိုးဆက်သစ်အတွက် နင်ထည့်တွေးအုံးလေ. . .၊ မွန်အမျိုးသားနေ့ညတုန်းက နင်ကိုယ်တိုင် သရုပ်ဆောင်ခဲ့တဲ့ တလထော်ကို နင်အားကျတယ်ဆို၊ သူ့လိုဘဲ မွန်တို့ရဲ့ သူရဲကောင်း ဧကရီတစ်ပါးဖြစ်ချင်တယ်လို့ နင်ပြောခဲ့သေးတယ်လေ. .၊ အခုတော့ နင်ဟာ မွန်အမျိုးသမီးထုရဲ့ စံပြထားစရာ မွန်သူရဲကောင်း ဧကရီမဖြစ်ဘဲနဲ့၊ အများက ကဲ့ရဲ့ ပြစ်တင်မယ့် မွန်အမျိုးသမီးတစ်ယောက်ဖြစ်နေတော့မယ် မိနှင်းဖြူ"

"တော်ပါတော့ ဗညားရယ်. . . နင့်စွဲချက်တွေက များလွန်းလှတယ်ဟာ၊ ငါဘာလုပ်သင့်သလဲဆိုတာကိုဘဲ ပြောပါ့တော့. . . ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး၊ ငါ့ကို အားလုံးက တကယ်ဘဲ အထင်သေးကဲ့ရဲ့ ကြတော့မှာတဲ့လား ဗညားရယ်. . . "

သူမရင်ထဲတွင် တုန်တုန်ရီရီနှင့် မောနွမ်းနေပြီ၊ ဗညားဦးရှေ့တွင် ကြာရှည် မရပ်နိုင်စွမ်းတော့သဖြင့် အုတ်လှေခါးထစ်ပေါ် ထိုင်ချလိုက်တော့သည်။ ဗညားဦးလည်း တကယ်ထိခိုက်ခံစားနေရကြောင်း သူမ သိနေသည်။ ဗညားဦး၏ မျက်ဝန်းတို့ စိုစွတ်လျှက် ဖြူသော မျက်နှာသည်ပင် နီကျင်ကျင်နှင့်။

"အေး. . . နင့်ကိုငါပြောခဲ့မယ် မိနှင်းဖြူ၊ နင့်အိမ်ထောင်ရေးကို ဈေးကွက်စီးပွားရေးတွက် မတွက်ဘဲနဲ့၊ လူမျိုးရေး တွက်ကိန်းနဲ့ တွက်ကြည့်ရင် နင်အရှုံးပေါ်နေပြီ မိနှင်းဖြူ၊ အဲဒါကိုမှ မပြင်နိုင်ရင်တော့ . . . ငါတို့ ချစ်စနိုးခေါ်နေတဲ့ တလထော် ဒါမှမဟုတ် သီလဒေဝီ ဆိုတဲ့ နာမည်နဲ့ နင်မတန်ဘူးလို့ဘဲ ပြောခဲ့ပါရစေ မိနှင်းဖြူ. . . နင့်ကို နှုတ်ဆက်ခဲ့ပါတယ်. . . . "

ဗညားဦးက ကျောခိုင်းလှည့်ထွက်သွားချိန်တွင် သူမ၏ မျက်ဝန်းမှ မျက်ရည်နွေးတို့ တလိမ့်လိမ့် စီးကျနေတော့သည်။

သူမအနေနှင့် တစ်ကယ်ပင် အမျိုးဂုဏ်ဖျက်သူ ဖြစ်တော့မှာလား . . . ။

× × × × × ×

(၅)

ဆောင်းနှောင်းရာသီဖြစ်၍ အအေးဓါတ်က မပျောက်ချင်သေး။

နှင်းမှုံတဖွဲဖွဲအောက်တွင် မွန်လူငယ် မောင်မယ်တို့ မွန်ပိဋကတ်တိုက်သို့ ရောက်ရှိနေကြပြီ၊ ဒီနေ့ အခမ်းအနားက အလွန်ကြည်နူးပျော်ရွှင်စရာကောင်းသည့် အခမ်းအနားတစ်ခုပါ။

မွန်အမျိုးသားနေ့ ကျင်းပစဉ်က ပါဝင်ကူညီကပြကြသော မွန်လူငယ်များကို ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲ အခမ်းအနားနှင့် မိတ်ဆုံစားပွဲဖြစ်သည်။

ဒီနေ့ အခမ်းအနားကို မိနှင်းဖြူ မတက်ရဲခဲ့တာအမှန်ပါ။ ကိုယ့်ဘာသာရှက်ရွံ့သိမ်ငယ်သလို ခံစားနေရသည်။ ဒါပေမယ့် ဆရာနိုင်ပန်းလှ၏ ဇာတ်ညွှန်းကို ခေါင်းဆောင်မင်းသမီးအဖြစ်နှင့် ကပြခဲ့သော သူမကို၊ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ဂရုတစိုက် အသေအချာ ဖိတ်ထားခဲ့သည် မဟုတ်လား . . . ။

သူများတွေ စုစုရုံးရုံးပျော်ကြပေမယ့် သူမကတော့ အထီးကျန်စွာ . . . . စားပွဲလေးတစ်လုံးတွင် တစ်ယောက်တည်း။ ဗညားတို့အုပ်စု၊ မိရွှေဝင်းတို့အုပ်စုကလည်း သူမကို မျက်နှာလွှဲနေသည်။ သူမရင်ထဲ ရှက်ရွံ့ပူလောင်နေလိုက်တာများ ချက်ခြင်းထပြန်မိတော့မတတ်ပင်။

"ငါ့ကို ဝိုင်းမပယ်ပါနဲ့ . . . ငါ . . . ငါ . . . ဘာမှ မမှားရသေးပါဘူးဟာ"

အတွေးနှင့်ပင် သူမ ကိုယ်လုံးလေး ခွေလျော့လျော့နှင့် ယိုင်နဲ့နေပြီ၊ နံရံကိုအမြန် ကျောမှီချလိုက်သည်။ ဝမ်းနည်းရခြင်း၊ အထီးကျန်ဆန်ရခြင်း၏ ဒဏ်ကို သူမ မခံစားနိုင်တော့၊ သူမ ဘာလုပ်သင့်သလဲဟု တွေးမိသည်။ ဗညားတို့ သူငယ်ချင်းတစ်စု ရွှေတိဂုံဘုရားဘက်သို့ ထွက်သွားကြတာမြင်လိုက်သည်။ အခမ်းအနားပြီးချိန်တွင် သူမလည်း နေရာမှထလျှက် ဗညားတို့ကိုမှီရန် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လိုက်နေမိပြီ။ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၏ လှေခါးတစ်များဆီသို့ အရောက်တွင် ဗညားတို့အုပ်စုကို အသံပြုလိုက်သည်။

"ဗညား . . . မိချမ်းဝေ . . . မိရွှေဝင်း . . . ငါ့ကို ခဏစောင့်ပါအုံးဟာ . . . "

သူမ၏ခေါ်သံကြား၍ ဗညားတို့ ရပ်စောင့်ကြသည်။ သူတို့အားလုံး အကြည့်က သူမကို တစ်စုံတစ်ရာ ပြောင်းလဲလေပြီလားဟု မျှော်လင့်သည့် အကြည့်မျိုး . . . . ။

ဟုတ်ပါတယ် . . . ငါပြောင်းလဲနေပါပြီဟု အလျှင်အမြန်ဆုံး စကားလုံးများဖြင့် သူမပြောပြချင်သည်။ သူတို့ အနားသို့ရောက်တော့ ရှက်ရွံ့အားငယ်စွာ ခပ်ရှိုရှိုရပ်လျှက် သူမ၏ ရင်တွင်းမှ စကားတို့ကို တရစပ် ပြောချလိုက်မိတော့၏။

"ဗညား . . . နင်ပြောခဲ့တာတွေကို ငါသဘောပေါက်ပါတယ် . . . ငါရဲ့ ဘဝပြည့်စုံဖို့အတွက်ဘဲ တွေးခဲ့တဲ့ အမှားကို ငါပြင်လိုက်ပါပြီ . . . မစ္စတာရှိုင်းကပေးမယ့် ကုမ္ပဏီနဲ့ ပိုင်ဆိုင်မှုတွေကိုလဲ ငါမမက်တော့ပါဘူး၊ ငါ သူနဲ့လက်မထပ်တော့ဘူးဆိုတာ နင်တို့ကို ဂတိပေးပါတယ် . . . ငါ့ကို အရင်ကလိုဘဲ ခင်ကြပါဟာ . . . "

"ဟယ် . . . ဝမ်းသာလိုက်တာ . . . မိနှင်းဖြူရယ် . . . နင်တကယ်ဘဲ စွန့်လွှတ်လိုက်ပြီပေါ့နော်"

"ဝမ်းသာပါတယ် မိနှင်းဖြူ" မိချမ်းဝေ၏ အံ့သြဝမ်းသာစကား . . . . ။

"ဟုတ်တယ်. . မိနှင်းဖြူ. . . နင်ပိုင်ဆိုင်ခွင့်ရမယ့် ကိန်းဂဏန်းများစွာကို. . တကယ်ဘဲ စွန့်လွှတ်လိုက်တဲ့အတွက် ငါတို့ ချီးမွမ်းပါတယ်၊ ကျေးဇူးလဲတင်ပါတယ် သူငယ်ချင်းရယ်. . ."

မိရွှေဝင်း၏ နွေးထွေးသော လက်ကမ်းကြိုဆိုမှု . . .။

ဗညားဦးကလည်း -

"ငါဝမ်းသာတာလဲ ပြောပါရစေဦး. . . မိနှင်းဖြူ. . . နင်ဟာ တကယ့်ကို မှတ်တမ်းတင်ထိုက်တဲ့ မွန်အမျိုးကောင်းသမီး တစ်ယောက်ပါဘဲ၊ ငါတို့ ဝမ်းသာဂုဏ်ပြုပါတယ် မိနှင်းဖြူရယ်. . . . "

ဗညားက သူမ လက်ဖဝါးကို ဆွဲယူ ဖျစ်ညှစ်၍ ဝမ်းသာအားရ ပြောနေသည်မှာ အသံများပင် လှိုက်လှဲ တုန်ရီလို့။

သူမ၏ ပြောင်းလဲမှုကြောင့် သူငယ်ချင်းအားလုံး ဝမ်းသာကျေနပ်နေကြသည်။ အားလုံး. . . အတူတူ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ခဲ့ကြသည်။ ကြည်နူးပျော်ရွှင်မှုများကြောင့် မောရမှန်းတောင်မသိလိုက်ကြပါ။

ဘုရားပေါ်တွင် ရွှေရောင်ဝင်းနေသည့် ရွှေတိဂုံဘုရားကို ဖူးမျှော်ကန်တော့ကြသည်။ ဘုရား၏ အရှေ့မြောက်ဘက်ရှိ မွန်ဘုရင်ဓမ္မစေတီမင်းတည်ထားကိုးကွယ်သော စေတီတော်နှင့် ရုပ်ပွားတော်မြတ်ကို ရှစ်ခိုးကန်တော့ကြသည်။ ထိုမှ တစ်ဖန် အနောက်မြောက်ဘက်ရှိ မွန်ဘုရင်မကြီး ရှင်စောပု တည်ထားခဲ့သော စေတီတော်တွင် ရှစ်ခိုးကန်တော့ပြီး အနားယူကြသည်။

သူငယ်ချင်းတစ်စု ပျော်ရွှင်ကြည်နူးနေစဉ် ဗညားဦးက . . . .။

"မိနှင်းဖြူ. . . နင်ခြေလှမ်းမမှားခင် အမြင်မှန်ရလို့ တော်သေးတယ်. . . မစ္စတာရှိုင်းကို လက်မထပ်ရလို့၊ နင်ချမ်းချမ်းသာသာ မနေရတော့လို့ နောင်တရနေဦးမှာလား. . ."

"ဟာ. . . မဟုတ်တာ ဗညားရယ်. .။ ငါ အတွေးမှားခဲ့တာကိုပဲ နောင်တရနေမိတာပါ"။

သူမခေါင်းတခါခါနှင့် ငြင်းလိုက်ရသည်။ သူမကို ဗညားတို့အုပ်စု အထင်သေးမှာကို စိုးရိမ်တတ်နေပြီလေ. . .၊ ဗညားက ပီတိပြုံးနှင့် . . .။

"လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးကြတာပါ မိနှင်းဖြူရယ်. . . မွန်ရာဇဝင်ထဲမှာ မွန်ဘုရင်မကြီး ရှင်စောပုဆိုရင် ဗုဒ္ဓသာသနာတော်အတွက် အသက်ကို စွန့်ရဲခဲ့တယ်လေ. . .၊ အခုပစ္စုပ္ပန်ခေတ်မှာတော့ ငါတို့ရဲ့ အနီးစပ်ဆုံး မိနှင်းဖြူဆိုတာ မျိုးနွယ်ကို စောင့်ရှောက်တယ်၊ ဗုဒ္ဓသာသနာကို စောင့်ရှောက်တယ်လို့ ငါတို့ ဂုဏ်ယူနေပါရစေ. . . . နင်ဟာ တို့မွန်လူမျိုးအတွက်တော့ သမိုင်းတွင်မယ့် မိန်းမသားပါဘဲ. . . မိနှင်းဖြူရယ်. . . နင့်ကို ငါတို့ လေးစားပါတယ်. . ."

ဗညား၏စကားအဆုံးသူမ တစ်ကိုယ်လုံး ပီတိသွေးဖြင့် နွေးထွေးရှိန်းမြသွားရသည်။ သူမ၏ လက်ဖဝါးလေးကို ဗညားဦးက ဆွဲကိုင်ဖျစ်ညှစ်လျှက် သူမကို အပြုံးနှင့် ကြည့်သည်။

သူမ ကျေနပ်ဝမ်းသာနိုင်ပါသည်။

မွန်တိုင်းရင်းသူ တစ်ယောက်အနေနှင့် သည်မျှလောက်လေး ထိန်းသိမ်းပြရတာ မဖြစ်လောက်ဘူး ထင်ရပေမယ့်၊ "စံပြမိန်းမသား" အဖြစ် မွန်လူမျိုးတို့ အလယ်တွင် ဝင့်ထည်နိုင်ပြီ မဟုတ်ပါလား. . .။

သူမ နှလုံးသားတွင် မစ္စတာရှိုင်းလည်း မရှိတော့. . .။ မစ္စတာရှိုင်းထံမှ ရယူနိုင်သည့် ပိုင်ဆိုင်ခွင့်အားလုံးလည်း မရှိတော့. . .။

ထိုခံစားမှုများအတွက် ဘယ်သောအခါမှ သူမ နောင်တရနေလိမ့်မယ်မဟုတ်ပါ. . . .။ ။

× × × × × × ×

*မိုးပန်းမွန် (ရာမည)*

သွက်ကောန်ဂကူမန် လညာတ်ဂတာပ်ခေတ်
ဂမြင်ဂတာပ်ခေတ် ဂွံတ်တက်ဂှ်ရန်တုံတဲ
လိက်ပရေင် ပံင်ကောံမွဲအုပ်

ရာမညဒိဿဴ

စိဇန်တုဲ

# ကြက်ဟံသာ

ချူနှံ လဝ်

# "ပါင်တြှင်အနာဂတ်"

ဗြာဟ္မံလဒ်  ပရိုပ်ဏာကိုကောန်ဂကူတံရောင်

*Pamphlets*
*Brochures*
*Magazines*
*Insertions*
*Wall sheets*
*Calendars*
*Offset Printing*
*Embossing*
*Packaging*

# KAUNG MON

Creative, Designs, D.T.P &
Colour Printing

ကောင်းမွန်စာစီစာရိုက်၊ ဂရပ်ဖစ်ဒီဇိုင်းနှင့်ပုံနှိပ်လုပ်

ယနေ့မီဒီယာခေတ်ထဲမှာ
ဝန်ဆောင်မှုဟာအရေးကြီးပါတယ်...
ဝန်ဆောင်မှုကောင်းကောင်းလိုချင်တယ်ဆိုရင်
ကျွန်ုပ်တို့နှင့်ဆက်သွယ်ပါ။

NO.114,34th ST(MIDDLE)KYAUKTADA TSP
YANGON,MYANMAR.TEL:286816

design
mehm thitsa
296057


COPY RIGHT - BN ( Y.I.T )
ချူ
နှုမြန်
ဗညာတ္ဘနှာဲ(ချင်ပံင်)
ငိုန်
လှိုမန်(လောက)
လှိုအာဲမာန်
ခေမာနန်
ရတ်ရတ်
ရုပ်ပုံ
Iron Cross
PTL Studio
Mixed by Chit San Maung
design: Mehm Thitsa, 296057